# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# အဋ္ဌမပုံမှန်အစည်းအဝေး

# (၁၅)ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ထီးလင်းမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သော ချင်း-ဗမာချစ်ကြည်ရေးညီလာခံ အထိမ်းအမှတ်ကျောက်တိုင် နှင့်အထိမ်းအမှတ်နေ့အား ဖော်ထုတ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်းရှိ ဆိပ်ကမ်းမြေ အဖြစ်အသုံးပြုရန် လျာထား သည့်မြေများ၌ ကျူးကျော်အဆောက်အဦများ ဆောက်လုပ်ထားသူတို့ကို အရေးယူရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ၃၁-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊(၃၉၃)/၄/၈-၂(စီးပွား/စိုက်မွေး)အဖရ(ရခိုင်)ဖြင့် ထုတ်ပြန်ထားချက်ကို သက်ဆိုင်ရာတာဝန်ရှိသူများက မည်ကဲ့သို့ဆောက်ရွက်နေကြပါသနည်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဥပဒေချိုးဖောက်သူများကို အရေးယူရန် ညွှန်ကြားထားပါလျက် ခြံစည်းရိုးကာခြင်း၊ အဆောက်အဦဆောက်လုပ်နေခြင်းတို့ကို ခွင့်ပြုချက်မရှိဘဲ ပြုလုပ်နေကြသည်ကို သက်ဆိုင်ရာတာဝန်ရှိသူတို့က မည်ကဲ့သို့အရေးယူ ဆောင်ရွက်ကြမည်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | တန့်ဆည်မြို့နယ်၊ ပုတီးကျေးရွာအုပ်စုအတွက် တိုက်နယ်ဆေးရုံတစ်ရုံ ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | ဖလမ်းမြို့နယ်(ဝေဘူလကျေးရွာ) ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေး ဌာန(Rural Health Centre)အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၉ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် လိုအပ်လျက်ရှိသော မြို့နယ်လေ့ကျင့်ရေးအားကစားကွင်း တစ်ကွင်းနှင့် ရပ်ကွက်ပေါင်း(၁၁)ခုအတွက် ရပ်ကွက်အားကစားကွင်း(၁၁)ကွင်း အမြန်ဆုံးသတ်မှတ် ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |

| | | |
|---|---|---|
| ၁၀ | မိုင်းကိုင်မြို့နယ်၊ ဝမ်ဟေွလုံကျေးရွာတွင် သီးခြားကျေးလက်ကျန်းမာရေးဌာန(RHC)အသစ်တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(S/C)များအဖြစ် ဝမ်လုံ၊ ယန်းလွိုင်၊ ဝမ်လျန့်နှင့် မတ်လန်းတို့တွင် တိုးချဲ့ ဖွဲ့စည်းပေးရန်နှင့် လုတ်ကန်း၊ စုံလောတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ(S/C)အသစ်တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၁၁ | ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၁၈ |
| ၁၂ | ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်ကတင်သွင်းသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံ မဖြစ်ပေါ်စေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်စွာပူးပေါင်း ဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့်ကာကွယ်မှု ပြုလုပ်ပေးပါရန် အဆိုကို လွှတ်တော်ကိုယ်စားများက ဆွေးနွေးခြင်း | ၂၁ |
| ၁၃ | ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၅၈ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း | ၆၃ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

# (၁၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၅–၆–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၏ **ထီးလင်းမြို့နယ်တွင် ကျင်းပ ပြုလုပ်ခဲ့သော ချင်း–ဗမာချစ်ကြည်ရေးညီလာခံ အထိမ်းအမှတ် ကျောက်တိုင်နှင့် အထိမ်းအမှတ်နေ့အား ဖော်ထုတ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျောက်ဖြူမြို့၊ သန်ပန်ချောင်း ရပ်ကွက်၊ ကမ်းနားလမ်းရှိ ဆိပ်ကမ်းမြေအဖြစ် အသုံးပြုရန် လျာထားသည့်မြေများ၌ ကျူးကျော် အဆောက်အဦများ ဆောက်လုပ် ထားသူတို့ကို အရေးယူရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ၃၁.၃.၂၀၁၇ ရက်စွဲပါ စာအမှတ်၊ (၃၉၃)/ ၄ /၈–၂ (စီးပွား/စိုက်မွေး) အဖရ (ရခိုင်)ဖြင့် ထုတ်ပြန် ထားချက်ကို သက်ဆိုင်ရာ တာဝန်ရှိသူ**

**များက မည်ကဲ့သို့အရေးယူ ဆောင်ရွက်နေကြပါသနည်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ဥပဒေချိုးဖောက်သူများကို အရေးယူရန် ညွှန်ကြား ထားပါလျက် ခြစ်စည်းရိုးကာခြင်း၊ အဆောက်အဦ ဆောက်လုပ်နေခြင်း တို့ကို ခွင့်ပြုချက်မရှိဘဲ ပြုလုပ်နေကြသည်ကို သက်ဆိုင်ရာ တာဝန် ရှိသူတို့က မည်ကဲ့သို့ အရေးယူဆောင်ရွက်ကြမည်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၏ **တန့်ဆည်မြို့နယ်၊ ပုတီးကျေးရွာ အုပ်စုအတွက် တိုက်နယ်ဆေးရုံတစ်ရုံချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဆလိုင်းရီယန်းဖဲလ်၊ ဖလမ်း မဲဆန္ဒနယ်၏ **ဖလမ်းမြို့နယ် (ဝေဘူလကျေးရွာ) ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန (Rural Health Centre) အဖြစ်တိုးမြှင့်ပေးရန်အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအေးနိုင်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် လိုအပ်လျက်ရှိသော မြို့နယ်လေ့ကျင့်ရေးအားကစားကွင်း တစ်ကွင်းနှင့် ရပ်ကွက်ပေါင်း (၁၁)ခုအတွက် ရပ်ကွက်အားကစားကွင်း (၁၁)ကွင်း အမြန်ဆုံးသတ်မှတ်ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းဆိုင်မိုင်း၊ မိုင်းကိုင် မဲဆန္ဒနယ်၏ **မိုင်းကိုင်မြို့နယ်၊ ဝမ်ဟွေလုံ ကျေးရွာတွင် သီးခြားကျေးလက်ကျန်းမာရေးဌာန (RHC) အသစ်တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (S/C) များအဖြစ် ဝမ်လုံ၊ ယန်းလွိုင်၊ ဝမ်လျန့်နှင့် မတ်လန်း တို့တွင် တိုးချဲ့ဖွဲ့စည်းပေးရန်နှင့် လုတ်ကန်း၊ စုံလောတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ (S/C)အသစ်တိုးချဲ့ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် **“မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက် တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်စေရန် ရခိုင်ပြည်နယ် မြောက်ပိုင်း ဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက် ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိရောက်စွာ ပူးပေါင်းဖော်ထုတ် တိုက်ဖျက်ပြီး လုံလောက်သည့် ကာကွယ်မှုပြုလုပ်ပေးပါရန်”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ခ) ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်၊

(ဂ) ဦးလှထွန်းကျော်၊ မောင်တော မဲဆန္ဒနယ်၊

(ဃ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်၊

(စ) ဒုတိယဗိုလ်မှူးကြီးတိုးလွင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဆ) ဒုတိယဗိုလ်မှူးကြီးရဲမင်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဇ) ဗိုလ်မှူးကျော်မင်းဟန်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဈ) ဗိုလ်မှူးကြီးထွန်းသန်းအုန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ည) ဦးအောင်ကြည်သိန်း၊ ချောင်းဆုံ မဲဆန္ဒနယ်၊

(ဋ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(ဌ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၊

(ဍ) ဦးမြင့်ဝေ၊ ဂွ မဲဆန္ဒနယ်၊

(ဎ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၊

(ဏ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၊

(တ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၊

(ထ) ဒေါ်ပြုံးကေသီနိုင်၊ ကလော မဲဆန္ဒနယ်၊

(ဒ) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
## (၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၅ ရက်)**
**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၈၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၂) ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း ခွင့် ၁ ရက်၊
(၃) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက်၊
(၄) ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ခွင့် ၁ ရက်၊
(၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၆) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၇ ရက်၊
(၇) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊
(၈) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊
(၉) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊
(၁၀) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန် ခွင့် ၁ ရက်၊
(၁၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၁၂) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၁ ရက်၊
(၁၃) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊
(၁၄) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၁၅) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊
(၁၆) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်နှင့်
(၁၇) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၅ ဦး

ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ထီးလင်းမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သော ချင်း-ဗမာချစ်ကြည်ရေးညီလာခံ အထိမ်းအမှတ်ကျောက်တိုင်နှင့်အထိမ်းအမှတ်နေ့အား ဖော်ထုတ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ထီးလင်းမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ဒီကနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ ကျွန်တော်တို့ ထီးလင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ချင်း-ဗမာချစ်ကြည်ရေးညီလာခံကြီးနှင့် ပတ်သက်ပြီးတော့ အထိမ်းအမှတ်ကျောက်တိုင်စိုက်ထူပေးရေးနှင့် အထိမ်းအမှတ်နေ့ဖော်ထုတ်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်မှာ ဆောင်ရွက်ပေးမည်ဆိုတာကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို မေးမြန်းရခြင်းကတော့ တိမ်မြုပ်ပျောက်ကွယ်နေတဲ့သမိုင်းပုံရိပ်တွေကို ပြန်လည်ဖော်ထုတ်ပြီး အထိမ်းအမှတ်တွေဖော်ထုတ်ပေးခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပုံရိပ်ကို ပြန်လည်မြှင့်တင်ပေးနိုင်ဖို့ပဲဖြစ်ပါတယ်။

**မူကြမ်း**

ဒါ့အပြင် အစိုးရက အကောင်အထည်ဖော်နေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးမှာ တိုင်းရင်းသားများအားလုံး ချစ်ကြည်ရင်းနှီးစွာပူးပေါင်းပါဝင်လာစေဖို့နဲ့ ဦးဆောင်ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ပုဂ္ဂိုလ်များကို ဂုဏ်ပြုရာရောက်သလို နောင်မျိုးဆက်သစ်များအတွက်လည်း သမိုင်းအမွေပေးနိုင်ဖို့အတွက်ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ မေးမြန်းတာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ဘိလပ်မှာ အောင်ဆန်းအီတလီစာချုပ်ချုပ်ဆိုပြီးတော့ မြန်မာနိုင်ငံကိုရောက်ရှိခဲ့ပါတယ်။ ရောက်ရှိလာပြီးတဲ့နောက်ပိုင်းမှာ ပြည်မတောင်တန်းမခွဲခြားပဲ ပြည်ထောင်စုကြီးတစ်ခုလုံး လွတ်လပ်ရေးရရှိဖို့အတွက် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရေးရရှိအောင် ညီလာခံတွေကျင်းပဖို့ စီစဉ်ခဲ့ကြပါတယ်။ အဲဒီလိုစီစဉ်တဲ့အခါမှာ မြန်မာနိုင်ငံအရှေ့ပိုင်းမှာရှိတဲ့ တိုင်းရင်းသားများအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လုံမြို့နှင့် အနောက်ခြမ်းမှာရှိတဲ့ တိုင်းရင်းသားများအတွက် မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်မှာ ညီလာခံများကျင်းပဖို့ ရွေးချယ်ခဲ့ကြပါတယ်။ ပထမညီလာခံကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ ပင်လုံမြို့မှာ ကျင်းပဖို့နဲ့ ဒုတိယညီလာခံကို ၁၉၄၇ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ ထီးလင်းမြို့မှာကျင်းပဖို့ သတ်မှတ်ခဲ့ကြပါတယ်။ စီစဉ်ထားတဲ့အတိုင်းပဲ ပထမညီလာခံကို ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိကို ပင်လုံမြို့မှာ ကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တက်ရောက်ပြီး နယ်ပယ်ဒေသစုံမှတိုင်းရင်းသားခေါင်းဆောင်များနှင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ အလားတူပဲ ကျွန်တော်တို့ ထီးလင်းမြို့မှာလည်းပဲ သတ်မှတ်ထားတဲ့ မတ်လ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ သုံးရက်တိုင်တိုင် ချင်း-ဗမာချစ်ကြည်ရေးညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။

ထီးလင်းမြို့မှာကျင်းပခဲ့တဲ့ ညီလာခံမှာတော့ အရေးကြီးကိစ္စများရှိနေလို့ ဗိုလ်ချုပ်ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဗိုလ်ချုပ်ကိုယ်စား ဒီးဒုတ်ဦးဘချို့သာ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဖဆပလအဖွဲ့ချုပ်ကြီးမှ ဒီးဒုတ်ဦးဘချို၊ သခင်လှိုင်ဦးဆောင်တဲ့အဖွဲ့တက်ရောက်ပြီး ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်တဲ့ ဦးဝမ္မသူးမောင်၊ ဦးဇဟူးနဲ့ အခြားခေါင်းဆောင်များတက်ရောက်ကြပြီး ဒေသခံများအနေနဲ့ ဦးထွန်းငြိမ်း၊ ဦးဖိုးအောင်တို့တက်ရောက်ခဲ့ကြတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် အဲဒီညီလာခံကြီးမှာပဲ ချင်း-ဗမာချစ်ကြည်ရေးကိုတည်ဆောက်နိုင်ခဲ့ပြီးတော့မှ အဲဒီချင်း-ဗမာချစ်ကြည်ရေး အငွေ့ရှည်ကာ ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့နဲ့ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကျောချင်းကပ် ရင်ချင်းအပ်ကာလက်တွဲပြီး တိုက်ပွဲဝင်ကြရန်လည်း ကတိသစ္စာပြုခဲ့တာကို မှတ်သားရပါတယ်။ ကတိသစ္စာပြုတဲ့အမှတ်အသားအနေနဲ့ ကတ္တူစက္ကူနဲ့ပြုလုပ်တဲ့ ကျောက်တိုင်တစ်ခုကိုလည်း စိုက်ထူခဲ့ပြီး နောင်မှာ ခိုင်ခံ့တဲ့ကျောက်တိုင်တစ်ခု တည်ဆောက်ဖို့လည်း ဆုံးဖြတ်ခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာဆိုရင် ခိုင်ခံ့တဲ့ကျောက်တိုင်အားဖြစ်ပေါ်မလာဘဲ သမိုင်းမှတ်တမ်းများပင် ပျောက်ကွယ်လုနီးပါးဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီလိုသမိုင်းမျိုးဟာ ကျွန်တော်တို့လို တိုင်းရင်းသားလူမျိုးစုတွေများပြားတဲ့နိုင်ငံမှာ မပျောက်ကွယ်သင့်ပါဘူးခင်ဗျား။ ၁၉၄၇ ခုနှစ်ကနေ ယနေ့အချိန်အထိ အစိုးရအဆက်ဆက်သာပြောင်းလဲခဲ့ပေမဲ့ ညီလာခံကြီးက

ဆုံးဖြတ်ခဲ့တဲ့ ကျောက်တိုင်ကတော့ ယနေ့အချိန်အထိ ဖြစ်ပေါ်မလာခဲ့ပါဘူးခင်ဗျား။ နှစ်စဉ်နှစ်တိုင်း ပြည်ထောင်စုနေ့ကိုရောက်တိုင်း ပြည်ထောင်စုအခမ်းအနားတွေ ကျင်းပချိန်တွေရောက်တိုင်း ပင်လုံမြို့ ကလေးကတော့ အထိမ်းအမှတ်တွေနဲ့ ကျောက်တိုင်တွေနဲ့ အခမ်းအနားတွေကျင်းပလို့ ငါတို့ထီးလင်း မြို့လေးမှာတော့ သမိုင်းကြောင်းတောင်မှ ပျောက်ကွယ်တော့မယ့် အမေ့ခံပုံရိပ်လေးဖြစ်နေပါလားလို့ အမြဲတမ်းခံစားရပါတယ်။ ဒါ့အပြင် ဒီလိုသမိုင်းအမွေအနှစ်တွေ၊ သမိုင်းကြောင်းတွေကို မကွယ်ပျောက် သင့်ဘူး။ ပြန်လည်ဖော်ထုတ်ဖို့လည်း သင့်တော်ပါတယ်။ တာဝန်ရှိပါတယ်လို့ ယူဆမိပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံမြို့သူမြို့သားများနဲ့ ဒီညီလာခံကြီးကိုတက်ရောက်ခဲ့ကြတဲ့ တိုင်းရင်းသား လူမျိုးစုများကလည်း အထိမ်းအမှတ်ကျောက်တိုင်ဖြစ်မြောက်လာရင်းနဲ့ အထိမ်းအမှတ်နေ့သတ်မှတ် ပေးနိုင်ရေးတို့ကို မျှော်လင့်စောင့်စားလေ့ရှိကြပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါမေးခွန်းကို မေးမြန်း ရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မကွေး တိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်မှာရှိတဲ့ ချင်း-ဗမာချစ်ကြည်ရေးကျောက်တိုင်စိုက်ထူခဲ့ တဲ့နေရာဟာ ၁၉၄၇ ခုနှစ်၊ မတ်လ ၄ ရက်၊ ၅ ရက်နေ့များမှာ ပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချို့နှင့် တောင်ပိုင်းချင်းဦးဝမ္မသူးမောင်၊ မြောက်ပိုင်းချင်း ဦးဗဟူးတို့ဦးဆောင်၍ ချင်း-ဗမာချစ်ကြည်ရေး ညီလာခံကျင်းပခဲ့ပြီး အထိမ်းအမှတ်အဖြစ် ထီးလင်း-ပေါက်ကားလမ်းဘေး မြို့အဝင်ထိပ် ယခု လမ်းဦးစီးဌာနရုံးဝင်းတွင် ရန်ကုန်မြို့မှ ပန်းချီဆရာနှစ်ဦးရဲ့ လက်ရာနဲ့ ကတ္တူစက္ကူနှင့် ချင်း-ဗမာ ချစ်ကြည်ရေး ယာယီကျောက်တိုင်စိုက်ထူခဲ့တဲ့နေရာဖြစ်ကြောင်း မှတ်တမ်းဓာတ်ပုံများအရ သိရှိရပါ တယ်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အရ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ ချင်း-ဗမာချစ်ကြည်ရေးကျောက်တိုင်စိုက်ထူရေးနှင့်ပတ်သက်ပြီး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြခဲ့ပါတယ်။ တင်ပြချက် များအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၈)နဲ့ ထီးလင်း မြို့နယ် ချင်း-ဗမာချစ်ကြည်ရေးညီလာခံအထိမ်းအမှတ်ကျောက်တိုင်နှင့် အထိမ်းအမှတ်နေ့ကို ဖော်ထုတ်သတ်မှတ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့ပါတယ်။ သို့ပါ၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်တွင် ချင်း-ဗမာချစ်ကြည်ရေးညီလာခံ အထိမ်းအမှတ်ကျောက်တိုင်နှင့် အထိမ်းအမှတ်နေ့အား သတ်မှတ်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍

ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်းရှိ ဆိပ်ကမ်းမြေအဖြစ်အသုံးပြုရန် လျာထားသည့်မြေများ၌ ကျူးကျော်အဆောက်အဦများ ဆောက်လုပ်ထားသူတို့ကို အရေးယူရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ၃၁-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊(၃၉၃)/၄/၈-၂(စီးပွား/စိုက်မွေး)အဖရ(ရခိုင်)ဖြင့် ထုတ်ပြန်ထားချက်ကို သက်ဆိုင်ရာတာဝန်ရှိသူများက မည်ကဲ့သို့ဆောက်ရွက်နေကြပါသနည်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဥပဒေချိုးဖောက်သူများကိုအရေးယူရန် ညွှန်ကြားထားပါလျက် ခြံစည်းရိုးကာခြင်း၊ အဆောက်အဦဆောက်လုပ်နေခြင်းတို့ကို ခွင့်ပြုချက်မရှိဘဲ ပြုလုပ်နေကြသည်ကို သက်ဆိုင်ရာတာဝန်ရှိသူတို့က မည်ကဲ့သို့အရေးယူဆောင်ရွက်ကြမည်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ လုပ်ဆောင်ချက်နှင့်ပတ်သက်တဲ့ မေးခွန်းတစ်ခုကို မေးမြန်းမှာဖြစ်ပါတယ်။ လိုအပ်တဲ့နေရာတွေမှာ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်မေးလိုတဲ့မေးခွန်းဖြစ်ပါတယ်။ Power Point ပြောင်းပေးပါ။ မေးခွန်းမေးရတဲ့အကြောင်းရင်းတွေထဲမှာ ဘာကြောင့်ဆိုတာကို ကျွန်တော် ဒီ Power Point ပုံခုနစ်ခုရှိပါတယ်။ အဲဒါတွေနဲ့ဆက်လက်တင်ပြပါမယ်။ ဒီပုံကတော့ ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက် ကျောက်ဖြူမြစ်ကမ်းမှာ အမှတ်(၃) ဆိပ်ခံတံတားရှိတဲ့နေရာကစပြီးတော့ အရင်တုန်းကတဲအိမ်ကလေးတွေရှိကြတယ်။ မြစ်ကမ်းခြေမှာ။ ဒါတွေကို ဆိပ်ကမ်းနယ်မြေတိုးချဲ့ဖို့ဆိုပြီးတော့ အဲဒီအိမ်လေးတွေကိုဖယ်ရှားလိုက်တဲ့အတွက်ကြောင့် အပင်တွေရှင်သန်ကြီးထွားနေတဲ့ပုံဖြစ်ပါတယ်။ ဒီပုံထဲမှာ အနီလိုင်းနဲ့ ဖော်ပြထားတာကတော့ အဲဒီအိမ်တွေ၊ ဈေးဆိုင်တွေဖယ်ရှားလိုက်တဲ့နေရာမှာ ဒီသစ်ပင်ပေါက်နေတဲ့ နေရာတွေကို ရခိုင်ပြည်နယ်ကိုအုပ်ချုပ်ခဲ့ကြတဲ့ လူကြီးတွေက ဂရန်မြေတွေချပေးထားတဲ့မြေ ဖြစ်ပါတယ်။ ဒါကတော့ အဲဒီအပင်တွေ တွေ့လိုက်ရတဲ့ပုံနံပါတ် ၃ မှာတွေ့လိုက်ရတဲ့ အပင်တွေကို ခုတ်ထွင်ရှင်းလင်းပြီးတော့ ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်း ပလက်ဖောင်းတွေကိုဖျက်ပြီး ခြံစည်းရိုးကာရံထားတဲ့ပုံဖြစ်ပါတယ်။ ဒီပုံကလည်း လမ်းဘေးပလက်ဖောင်းတွေကိုဖျက်ပြီးတော့ ခြံစည်းရိုးကာရံထားတဲ့ ပုံဖြစ်ပါတယ်။ ဒါကတော့ အဲဒီခြံဝင်းတွေထဲမှာ အိမ်အဆောက်အဦတွေ ဆောက်လုပ်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကလည်း အဲဒီခြံဝင်းတွေထဲမှာ အဆောက်အဦတွေဆောက်လုပ် ထားတဲ့ပုံဖြစ်ပါတယ်။

ဒါကတော့ ဒီအဆောက်အဦတွေ ဆောက်တဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရက ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးမှူးဆီကို အရေးယူဆောင်ရွက်ဖို့ ထုတ်တဲ့အမိန့်စာ။ ဒီလိုထုတ်တာကလည်း ဒီအဆောက်အဦတွေကို ဆောက်တဲ့အခါ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းအရဆိုလို့ရှိရင် စည်ပင်သာယာနယ်နိမိတ်ထဲမှာဆိုလို့ရှိရင် အဆောက်အဦဆောက်ရင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခွင့်ပြုရတယ်။ အခုက ဘာခွင့်ပြုချက်မှမရှိဘူး။ ဘာဆိုင်းဘုတ်မှလည်း လူကြီးမင်းတွေ၊ လွှတ်တော်

ကိုယ်စားလှယ်တွေ မတွေ့လိုက်ရတဲ့အနေအထားမျိုးတွေရှိပါတယ်။ ဒါကြောင့် ဒီစာကို ထုတ်လိုက်တယ်။ ဒီစာထုတ်ပေမဲ့လည်း စောစောက ကျွန်တော်တင်ပြတဲ့ဓာတ်ပုံတွေမှာပါသလို လမ်းပလက်ဖောင်းကိုဖျက်၊ ခြံစည်းရိုးတွေကာ၊ အဆောက်အဦတွေဆောက်ပြီးတော့ လုပ်ထားကြတဲ့အတွက်ကြောင့် ဒီလိုမေးခွန်မေးဖို့ အခြေအနေတွေ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒီမေးခွန်းမှာပါတဲ့နေရာကတော့ စောစောက ကျွန်တော်တင်ပြသလို မရှိဆင်းရဲသားတွေ မြစ်ကမ်းခြေမှာ အိမ်ဆောက်ပြီးတော့ တဲထိုးပြီးတော့နေရတဲ့လူတွေကိုမောင်းထုတ် အဲဒီလူတွေနေရာမှာ အာဏာရှိတဲ့လူက မြေဂရန်ယူ ဂရန်ယူတာကလည်း မြစ်ကမ်းခြေဖြစ်တဲ့အတွက်ကြောင့် ဥပဒေတွေချိုးဖောက်ပြီးတော့ လုပ်ကြတယ်။ အဲဒါတွေကို ရခိုင်ပြည်နယ်အစိုးရက အမိန့်စာထုတ်တယ်။ အမိန့်စာထုတ်ပေးမယ့်လည်း ဒီအမိန့်စာကိုအကောင်အထည်ဖော်တာမရှိတဲ့အတွက်ကြောင့် တင်ပြပါမေးခွန်းများကို မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃)ဆိပ်ခံတံတားနှင့် သမဝါယမအသင်း ဆိုင်ဟောင်းကြားရှိ ဂရန်ချထားတဲ့ မြေကွက်ငါးကွက်နှင့် ဦးတင်မောင်ဆွေနှင့် ဒေါ်သိန်းဟန် + ဒေါ်မြကေသွယ်တို့ မြေကွက်နှစ်ကွက်မှာ ကာယကံရှင်များ၏ ဆန္ဒအရပြန်လည်အပ်နှံလာပါသဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်အား ပယ်ဖျက်ပြီး အစိုးရသီးသန့်မြေအဖြစ် ပြန်လည်မှတ်တမ်းတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်မြေကွက်သုံးကွက်ဖြစ်တဲ့ ဒေါ်စိုးစိုးသက်နှင့် ဒေါ်မြနုတို့ မြေကွက်နှစ်ကွက်အား ကျောက်ဖြူမြို့ အစိုးရရပ်ကွက်နေ ဦးတင်အောင်စိုးမှလည်း ကောင်း၊ ဒေါ်မော်မော်သန်းရဲ့ မြေကွက်တစ်ကွက်အား ကျောက်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်နေ ဦးဇော်ဝင်းဌေးမှလည်းကောင်း အသီးသီးပြန်လည်ဝယ်ယူထားရှိပြီးဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါမြေကွက်သုံးကွက်ဟာ ၂၀-၁-၂၀၁၁ ရက်နေ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်ထုတ်ပေးထားသော မြေကွက်များဖြစ်ကြောင်း သိရှိရပါတယ်။

ဦးတင်အောင်စိုးနှင့် ဦးဇော်ဝင်းဌေးတို့ ဝယ်ယူထားရှိတဲ့ဂရန်မြေကွက်မှာ အဆောက်အဦများ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်နေခြင်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၃၁-၃-၂၀၁၇ ရက်စွဲပါစာဖြင့် ယာယီတားမြစ်မိန့်ထုတ်ပြန်ရန်နှင့်မလိုက်နာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်ထားရှိမှုအပေါ် ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်စီမံခန့်ခွဲမှုကော်မတီမှ ကျောက်ဖြူမြို့နယ်စီမံခန့်ခွဲမှုကော်မတီသို့ အကြောင်းကြားခဲ့ရာ ကျောက်ဖြူမြို့နယ် စီမံခန့်ခွဲမှု

**မူကြမ်း**

ကော်မတီမှလည်း ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီသို့ ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် ထပ်မံအကြောင်းကြားခဲ့ပါတယ်။ ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်နေခြင်းများအား ရပ်ဆိုင်းထားရန်နှင့် လိုက်နာခြင်းမရှိပါက ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်ပြီးဖြစ်ပါတယ်။

ထိုသို့ တားမြစ်ထားသော်လည်း ဦးတင်အောင်စိုးနဲ့ ဦးဇော်ဝင်းဌေးတို့မှ ကမ်းနားလမ်း၊ သန်ပန်ချောင်းရပ်ကွက်၊ မြစ်ကမ်းနားမှာရှိတဲ့ ဝယ်ယူထားတဲ့ မြေကွက်သုံးကွက်မှာ ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံနေသဖြင့် ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီရဲ့ ၁၁-၁၂-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂၀/၂၀၁၇)မှာ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေပုဒ်မ ၇၆ အရ စီမံခန့်ခွဲရေးဒဏ်ကြေးအား မြေကွက်တစ်ကွက်အတွက် ကျပ် ၁၀၀၀၀ ပေးဆောင်ရန်၊ ခြံစည်းရိုးကာရံခြင်းအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အထောက်အထားအပြည့်အစုံဖြင့် တင်ပြရန်ဆုံးဖြတ်ခဲ့ပါတယ်။ ခြံစည်းရိုးကာရံသူနှစ်ဦးမှ ၁၁-၁၂-၂၀၁၇ ရက်နေ့တွင် စီမံခန့်ခွဲရေးဒဏ်ကြေး ကျပ် ၃၀၀၀၀ အားပေးဆောင်ခဲ့ပြီးဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ သိရှိရပါတယ်။

သို့ပါ၍ ကျောက်ဖြူမြို့နယ်၊ သန်ပန်ချောင်းရပ်ကွက် မြစ်ကမ်းနားရှိမြေငှားဂရမ်ရရှိသည့်နေရာတွင် ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကာရံသူ ဦးတင်အောင်စိုးနှင့်ဦးဇော်ဝင်းဌေးတို့ နှစ်ဦးအား ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေနှင့်အညီ အရေးယူပြီးဖြစ်ကြောင်း ဦးတင်အောင်စိုး၏ဇနီး ဒေါ်ခင်မေစိုးနှင့် ဦးဇော်ဝင်းဌေးတို့ ခြံစည်းရိုးကာရံခွင့်နှင့် အဆောက်အဦဆောက်လုပ်ခွင့်ပြုနိုင်ရေးအတွက် တင်ပြလာမှုအပေါ် ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ရာ လျှောက်ထားသူအမည်ပေါက် မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ များလိုအပ်သဖြင့် ၂၀-၃-၂၀၁၈ ရက်နှင့် ၂၈-၅-၂၀၁၈ ရက်တို့တွင် ကာယကံရှင်များထံသို့ တောင်းခံထားရှိပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

**တန့်ဆည်မြို့နယ်၊ ပုတီးကျေးရွာအုပ်စုအတွက် တိုက်နယ်ဆေးရုံတစ်ရုံချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တန့်ဆည်မြို့နယ်မှာရှိတဲ့ ပုတီးကျေးရွာအတွက် တိုက်နယ်ဆေးရုံတစ်ရုံဆောက်လုပ်ပေးရန် မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းအရင်းများကို Power Point နဲ့တင်ပြခွင့်ပြုပါ။

ဒီပုတီးကျေးရွာဟာ အနီးဆုံးရှိတဲ့ ရွာရှည်တိုက်နယ်ဆေးရုံနဲ့ ၁၄ မိုင်ဝေးကွာပြီးတော့ မြို့နယ်ဆေးရုံနဲ့ ၂၆ မိုင်ဝေးပါတယ်။ ဒါ့အပြင် ပုတီးနဲ့ရွာရှည်တိုက်နယ်ကို ပေါင်ကတောင်ချောင်းကနေခြားနားထားပါတယ်။ ပုတီးနဲ့မြို့နယ်ဆေးရုံကိုလည်း ပေါင်ကတောင်ချောင်းရယ်၊ ဖွတ်ချောင်းနဲ့

စည်တုံးလုံးချောင်းတို့ကနေခြားထားတယ်။ ဖွတ်ချောင်းကတော့ တံတားလေးထိုးထားပါတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ခဲပါတယ်။ မိုးရာသီဆိုရင် သွားလို့မရအောင်ကိုခက်ခဲပါတယ်။ ၎င်းတိုက်နယ်ဆေးရုံကို အားကိုးအားထားပြုနိုင်တဲ့ကျေးရွာ ၁၁ ရွာရှိနေပါတယ်။ တိုက်နယ်ဆေးရုံ အတွက် ဝယ်ယူရန်ရည်ရွယ်ထားတဲ့မြေဧက ငါးဧကရှိနေပါတယ်။ ဝယ်လည်းဝယ်ပြီးသားပါ။ ပုတီး ကျေးရွာမှာ အိမ်ခြေ ၅၄၆ အိမ်နဲ့ လူဦးရေ ၂၂၉၈ ရှိပါတယ်။ ပတ်ဝန်းကျင်နဲ့ပေါင်းမယ်ဆိုရင်တော့ အားလုံးပေါင်း သောင်းကျော်မယ်ထင်ပါတယ်။ ၂၄ နာရီလျှပ်စစ်မီးလည်း ရရှိထားပါတယ်။ အထက်တန်းကျောင်းလည်းရှိနေပါတယ်။

တစ်ခါ ပုတီးကျေးရွာနဲ့ရွာအချို့ဟာ သဖန်းဆိပ်ဆည်စီမံကိန်းကြောင့် ရွှေ့ပြောင်းခံရတဲ့ရွာတွေ ဖြစ်တဲ့အတွက် သူတို့ကိုအစစအရာရာထောက်ပံ့ပေးသင့်ပါတယ်။ ဒါ ကျွန်တော်တို့ တန့်ဆည်မြို့နယ် အခြေပြမြေပုံပါ။ အပေါ်ဆုံးမြောက်ဘက်ဆုံးက အနီကွက်လေးကတော့ ပုတီးကျေးရွာ ဖြစ်ပါတယ်။ အပေါ်တက်မယ်ဆိုရင် ပုတီးချောင်းခြားပြီးတော့ ကွန်းလှမြို့ပဲဖြစ်ပါတယ်။ အောက်ဘက်ကိုဆင်းမယ် ဆိုရင် ပထမမြားကတော့ ပေါင်ကတောင်ချောင်းပဲဖြစ်ပါတယ်။ ပေါင်ကတောင်ချောင်း ပြီးတော့ ဒုတိယအနီကွက်အဝါဝိုင်းလေးကတော့ မျောက်ချီတိုက်နယ်ဆေးရုံပဲ ဖြစ်ပါတယ်။ အောက်ဘက်ကို ဆင်းခဲ့မယ်ဆိုရင် ဒုတိယအနီမြားကတော့ ဖွတ်ချောင်းဖြစ်ပါတယ်။ သူက ပြဿနာသိပ်မရှိပါဘူး။ အဲဒီအောက်ဘက်ဆင်းခဲ့မယ်ဆိုရင်တော့ တတိယမြားကတော့ စည်တုံးလုံးချောင်းဖြစ်ပါတယ်။ အဲတိုင်းအောက်ကိုဆင်းမယ်ဆိုရင်တော့ အနီဝိုက်က တန့်ဆည်မြို့နယ်ဆေးရုံဖြစ်ပါတယ်။ ဒါတွေ ကြည့်မယ်ဆိုရင် မြောက်ဘက်အစွန်မှာရှိတဲ့ ပုတီးကျေးရွာဟာ တိုက်နယ်ဆေးရုံတစ်ရုံ အမှန်တကယ် လိုအပ်တဲ့အတွက် ကျွန်တော် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ အားလုံးကိုမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း၏ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ပုတီးကျေးရွာအုပ်စု တိုက်နယ်ဆေးရုံတစ်ရုံဖွင့်မည့်ကိစ္စနှင့်ပတ်သက်၍ ရှင်းပြမှာ ဖြစ်ပါတယ်။ တန့်ဆည်မြို့နယ်မှာ ၂၅ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံလေးရုံ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခြောက်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၇ ခုနှင့် လူဦးရေ ၁၆၀၀၀၀ ကျော်ကို ကျန်းမာရေးဝန်ဆောင်မှုလျက်ရှိပါတယ်။ တိုက်နယ်ဆေးရုံ တောင်းဆိုထားသော ကျေးလက်ကျန်းမာရေးဌာနမှာ ကျေးလက်ကျန်းမာရေးဌာနခွဲလေးခုရှိပြီးတော့ ရွာပေါင်း ၁၈ ရွာနဲ့အိမ်ခြေ ၃၃၈၈၊ လူဦးရေ ၁၇၀၀၀ ကျော်ကို ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိပါ တယ်။ တောင်းဆိုထားတဲ့ဥစ္စာကို ကျွန်တော်တို့သေချာလေ့လာပါတယ်။ မြေပုံနဲ့ဇယားချပြီးတော့ လေ့လာပါတယ်။ အသေးစိတ် Table Form နဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးကျွမ်းကျင်မှု

ဆိုင်ရာ၊ ပြည်သူ့ကျန်းမာရေးဘက်ဆိုင်ရာ လူမှုရေးနဲ့ ကျွန်တော်တို့ အကုန်အသေးစိတ်လေ့လာပါတယ်။ တောင်းဆိုထားတဲ့ဟာကို မြေပြင်အနေအထားအရလည်း ကျွန်တော်တို့သေချာလေ့လာပါတယ်။ သက်ဆိုင်ရာမြို့နယ်ဆရာဝန်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး Regional Health Director ပေါ့။ ကျန်းမာရေးဦးစီးမှူးနဲ့လည်း တယ်လီဖုန်းနဲ့လည်း ပြောပါတယ်။ ကျွန်တော်တို့ပြန်သုံးသပ်တဲ့အခါမှာတော့ မှန်ပါတယ်။ ပုတီးကျေးရွာ REC က တောင်ဘက်မှာရှိတဲ့ တန့်ဆည်မြို့နယ်ဆေးရုံနဲ့ ၂၆ မိုင်ဝေးတယ်။ ဂျင်းကျောက်၊ ကျောက်ကြမ်းလမ်းနဲ့ဆက်သွယ်၍ မိုးရာသီမှာ ချောင်းသုံးချောင်းလည်း ဖြတ်နေတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ချောင်းသုံးချောင်းနာမည်တော့ မပြောတော့ပါဘူး။ ပေါင်ကတောင်းချောင်း၊ ဖွတ်ချောင်းတို့၊ စည်တုံးလုံးချောင်းတို့ဖြစ်ပါတယ်။

နောက်တစ်ချက်က ရွာရှည်(မြောက်)တိုက်နယ်ဆေးရုံနဲ့ ၁၄ မိုင်ဝေးပြီးတော့ ဂျင်းကျောက်ကြမ်းလမ်းနဲ့ပဲ ဆက်သွယ်ထားပြီး မိုးရာသီမှာ တော်တော်လေးခက်ခဲတဲ့အပြင် ချောင်းနှစ်ချောင်းကလည်း ဖြတ်ပြီးစီးနေတာကို တွေ့ရပါတယ်။ နောက် ကျွန်းလှမြို့နယ်မှာရှိတဲ့ ညောင်ကိုင်းတိုက်နယ်ဆေးရုံနဲ့က ခြောက်မိုင်သာဝေးသော်လည်း လမ်းက ရွှံ့စေး၊ မြေသားလမ်းနဲ့ဆက်သွယ်ထား၍ မိုးရာသီ၌ တော်တော်ခက်တယ်ဆိုတာတွေ့ရပါတယ်။ နောက် ဒီမှာ လျှပ်စစ်မီးကလည်း ၂၄ နာရီရတယ်ပြောပါတယ်။ တိုက်နယ်ဆေးရုံတစ်ရုံတည်ဆောက်ဖို့ကို လိုအပ်ချက်(Criteria) ခုနစ်ချက်ရှိသော်လည်း ခုနစ်ချက်ကိုတော့ မပြည့်ပါဘူး။ သို့သော်လည်း ရွာမှာလည်း မြေငါးဧကလည်းရရှိထားတာ တွေ့ပါတယ်။ နောက် အထက်တန်းကျောင်းလည်းရှိတာတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ငွေလျာထားမှုကပြည့်တဲ့အတွက် ပေးလို့မရပါဘူး။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့ပေးမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီကြားထဲမှာ ရွာကဝယ်ထားတဲ့ မြေငါးဧကကို ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပိုင် ပြောင်းလဲလို့ရလို့ရှိရင် အဆင်ပြေမှာဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

**ဖလမ်းမြို့နယ်(ဝေဘူလကျေးရွာ) ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန(Rural Health Centre)အဖြစ် တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဗဲလ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် ဝေဘူလကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာန (Rural Health Centre)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့အကြောင်းအရင်းကတော့ ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲတဲ့ဒေသမှာ ကျန်းမာရေးစောင့်ရှောက်မှုထိရောက်စွာ လွှမ်းခြုံနိုင်စေရန်အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် ဝေဘူလကျေးလက်ကျန်းမာရေးဌာနခွဲသည် အရှေ့ဘက်စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့မှ မိုင် ၃၀၊ အနောက်ဘက် မွန်လီကျေးလက်ကျန်းမာရေးဌာနမှ ၂၈ မိုင်၊ လုံဘန်းတိုက်နယ်ဆေးရုံမှ မိုင် ၃၀ လူသွားလမ်းသာရှိပြီး ဖလမ်းမြို့မှ ၄၄ မိုင် ကွာဝေးပြီး ဖလမ်း-နတ်ချောင်း-ကလေး ကားလမ်းမပေါ်တွင် တည်ရှိပါတယ်။ အစိုးရအထက်တန်းကျောင်းရှိပြီး လုံခြုံရေးအတွက် ရဲကင်းလှည်းရှိပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဝေဘူလရွာကို မြို့အဖြစ်တိုးချဲ့ရန် လျှောက်ထားဆဲဖြစ်ပါတယ်။ လက်ရှိဝေဘူလရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) လက်အောက်မှာ ရွာပေါင်း ၁၁ ရွာရှိပြီး လူဦးရေ ၂၀၀၀ ခန့်ရှိပါတယ်။ ၎င်းအနီးအနားမှာရှိတဲ့ ဝေဘူလရွာနှင့် ကိုးမိုင်ကွာဝေးသော ပါမွန်ချောင်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)လက်အောက်တွင် ရွာသုံးရွာရှိပြီး လူဦးရေ ၁၀၀၀ ခန့်ရှိပါတယ်။ ဒါကြောင့် ဝေဘူလကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာန(Rural Health Centre)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါက ရွာပေါင်း ၁၄ ရွာ လူဦးရေ ၃၀၀၀ ခန့် ကျန်းမာရေးစောင့်ရှောက်မှုအကျိုး ခံစားရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဝေဘူလရွာသည် ပတ်ဝန်းကျင်အတွက် အချက်အခြာကျသောရွာဖြစ်ခြင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့မှ မြို့အဖြစ်တိုးချဲ့ရန် လျာထားသောရွာဖြစ်ခြင်း၊ မြေနေရာအဆင်သင့်ရှိခြင်း၊ အစိုးရအထက်တန်းကျောင်းနှင့် ရဲကင်းရှိခြင်း၊ အခြားသောကျန်းမာရေးဌာနနှင့် အလှမ်းဝေးကွာခြင်း တို့ကြောင့် ကျေးလက်ကျန်းမာရေးဌာန(Rural Health Centre)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဗဲလ်ရဲ့မေးခွန်းဖြစ်တဲ့ ဖလမ်းမြို့မှာရှိတဲ့ ဝေဘူလကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်မည့်ကိစ္စနှင့်ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော် ချင်းပြည်နယ်၊ ဖလမ်းမှာပြန်ကြည့်တဲ့အခါမှာ ပြည်သူ့ကျန်းမာရေးနှင့် ဝန်ဆောင်မှုအပိုင်းနှင့် ကျန်းမာရေးမှူးတစ်ယောက်ရှိပါတယ်။ လက်ထောက်ကျန်းမာရေးမှူးတစ်ယောက်၊ မြို့နယ်သူနာပြုတစ်ယောက်၊ ကျန်းမာရေးကြီးကြပ်(၁)က နှစ်ယောက်၊ ကြီးကြပ်(၂)က အယောက် ၄၀၊ သားဖွားဆရာမ ၅၃ ယောက်၊ ကျန်းမာရေးဆရာမ လေးယောက်နဲ့ ကျန်းမာရေးဝန်ဆောင်မှုများကို ပေးလျက်ရှိပါတယ်။ ဖလမ်းမြို့နယ်မှာ တော့ လူဦးရေ ၅၀၀၀၀ ကျော်ရှိတာကို တွေ့ရပါတယ်။ ဒီကိစ္စမှာလည်း သေသေချာချာပြန်လည်သုံးသပ်ပါတယ်။ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးကျွမ်းကျင်မှုပိုင်းဆိုင်ရာနှင့် လူမှုရေးရှုထောင့်မှလည်း ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါမှာတော့ တောင်းဆိုထားသော ဝေဘူလကျေးလက်ကျန်းမာရေးဌာနခွဲဟာ သူ့အပေါ်မှာရှိတဲ့ မွန်လီကျေးလက်ကျန်းမာရေးဌာနနှင့် ၁၈ မိုင်ပဲဝေးပါတယ်။ ကားနဲ့သွားရင် အနည်းဆုံး နှစ်နာရီကြာပါတယ်။ သူ့အနီးဆုံးမှာရှိတဲ့ တိုက်နယ်ဆေးရုံ လုမ်ဘန်းတိုက်နယ်ဆေးရုံနဲ့လည်း ၂၆ မိုင်ဝေးပြီး ကားနဲ့ နှစ်နာရီခွဲ၊ သုံးနာရီလောက်သွားရပါတယ်။ သူတို့အဓိကလိုအပ်ချက်ဖြစ်တဲ့ ဖလမ်းပြည်သူ့ဆေးရုံကြီးနဲ့ဆိုလည်း ၄၄ မိုင် ဝေးပြီးကားနဲ့ လေးနာရီ၊

ငါးနာရီသွားပါတယ်။ နောက်တစ်ချက်က ဒီ RHC ဖွင့်လှစ်ရန် တကယ့်တကယ်သတ်မှတ်ချက်ငါးချက်မှာတော့ သုံးချက်ပဲပြည့်ပါတယ်။ သို့သော် ချင်းပြည်နယ် ပြည်နယ်များအားလုံးကိုတော့ ကျွန်တော်တို့က အထူးအစီအစဉ်နဲ့စဉ်းစားရပါတယ်။ ဒီနေရာမှာလည်း စဉ်းစားတဲ့အခါမှာ သွားလာမှုက အထူးခက်ခဲတဲ့ဒေသဖြစ်တယ်။ မြေလည်းရှိတယ်။ Sub-Centre လည်း ကျေးလက်ကျန်းမာရေးဌာနခွဲလည်းရှိတဲ့အတွက် ဒါကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် ကျွန်တော်တို့ မြှင့်တင်ပေးပါမယ်။ မြှင့်တင်ပေးတဲ့အခါမှာလည်း လုပ်ထုံးလုပ်နည်းအရ ၂၀၁၈-၂၀၁၉ မှာပါဖို့က စီမံကိန်းနှင့် ဖွံ့ဖြိုးရေးပုံစိစစ်ရေးအဖွဲ့၊ ရသုံးမှန်းခြေအဖွဲ့ကို သဘောထားမှတ်ချက်တောင်းမယ်။ သဘောထားမှတ်ချက်ရရင် ကျွန်တော် အစိုးရအဖွဲ့ကိုတင်မယ်။ အစိုးရအဖွဲ့ကခွင့်ပြုချက်ရလို့ရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကိုတင်ပြီးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် လိုအပ်လျက်ရှိသော မြို့နယ်လေ့ကျင့်ရေးအားကစားကွင်း တစ်ကွင်းနှင့် ရပ်ကွက်ပေါင်း(၁၁)ခုအတွက် ရပ်ကွက်အားကစားကွင်း(၁၁)ကွင်း အမြန်ဆုံးသတ်မှတ်ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်)]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုသည့်မေးခွန်းကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် လိုအပ်လျက်ရှိသော မြို့နယ်အားကစားလေ့ကျင့်ရေးကွင်းတစ်ကွင်း၊ ရပ်ကွက်ပေါင်း ၁၁ ရပ်ကွက်အတွက် ရပ်ကွက်အားကစားကွင်း ၁၁ ကွင်း အမြန်ဆုံးသတ်မှတ်ချထားပေးပါရန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၎င်းအားကစားကွင်းများကို တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် ကျွန်တော်တို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သည် ရပ်ကွက်ပေါင်း ၃၂ ရပ်ကွက်၊ လူဦးရေ ၃၇၀၀၀၀ ခန့်ရှိသော မြို့နယ်ဖြစ်ပါသည်။ ကျောင်းသားလူငယ်လူရွယ်အများအပြားရှိပြီးတော့ ကျန်းမာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်မှ ကြိုတင်ကာကွယ်ရေး၊ နိုင်ငံ့ဂုဏ်ဆောင်သော အားကစားသမားများ ပေါ်ထွက်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် အားကစားလုပ်ငန်းများ မြှင့်တင်ပေးရန်အတွက် အားကစားကွင်းများ လိုအပ်လျက်ရှိပါတယ်။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် မြို့နယ်အားကစားကွင်းတစ်ကွင်းရှိပါသော်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို ငှားရမ်းထားပြီးတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ပြန်လည်အပ်နှံခြင်းမရှိပါသဖြင့် အချိန်ပြည့်လေ့ကျင့်ကစားခြင်းများ မဆောင်ရွက်နိုင်ပါ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပိုင် မြေနေရာရှိသော်လည်း ဖူဆယ်ဘောလုံးကွင်းတည်ဆောက်ရန် ရည်ရွယ်ထားကြောင်း၊ မဆောင်ရွက်ပေးနိုင်ကြောင်း အကြောင်းပြန်ကြားခြင်းတို့ကြောင့် အချိန်ပြည့်လေ့ကျင့်ကစားနိုင်မည့် မြို့နယ်အားကစား

ကွင်းတစ်ကွင်းကို သင့်လျော်သည့်မြေနေရာရယူပြီး မြို့နယ်လေ့ကျင့်ရေးအားကစားကွင်းတစ်ခုကို အမြန်ဆုံးချထားပေးပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားတည်ဆောက်ပေးပါရန်နှင့် ရပ်ကွက်များဖြစ်သော ၂၀ ရပ်ကွက်၊ ၇၁ ရပ်ကွက်၊ ၁၈ ရပ်ကွက်၊ ၂၆ ရပ်ကွက်၊ ၅၇ ရပ်ကွက်၊ ၅၄ ရပ်ကွက်၊ ၅၃ ရပ်ကွက်၊ ၁၄၀ ရပ်ကွက်၊ ရှမ်းတဲကြီး၊ စိုက်/မွေး ၁၉ ရပ်ကွက် ရပ်ကွက်ပေါင်း ၁၁ ရပ်ကွက်ရှိပြည်သူများ၊ ကျောင်းသားလူငယ်များ အားကစားလေ့ကျင့်ရေးပြုလုပ်ရန်အတွက် ရပ်ကွက် အားကစားကွင်းများ အမြန်ဆုံးချထားပေးပါရန် တောင်းဆိုအပ်ပါတယ်။

မြို့သစ်များချထားပေးစဉ်က ရပ်ကွက်အလိုက် အားကစားကွင်းများသတ်မှတ်လျာထားပေးပါသော်လည်း ယခုအခါ ၎င်းမြေနေရာများမရှိတော့ခြင်း၊ အားကစားကွင်းများ လက်တွေ့မတည်ဆောက်ပေးသည့်အတွက်ကြောင့် ရပ်ကွက်အားကစားကွင်းမရှိတော့ပါ။ ထို့အပြင် ရန်ကုန်မြို့တော်ဝန်ကြီးမှလည်း ရပ်ကွက်အားကစားကွင်းတွေကို ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်တစ်နှစ်တစ်ခါချပေးမယ်ဆိုတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ကလေးတွေဟာ ဘောလုံးလေ့ကျင့်ကစားဖို့ဆိုရင် ကျွန်တော်တို့က ၁၀ နှစ်၊ ၁၅ နှစ်နေမှပဲ ကျွန်တော်တို့ ကစားခွင့်ရတော့မှာဖြစ်ပါတယ်။ ထို့အပြင် ယခုရှိနေတဲ့ မြေအလွတ်များမှာလည်း ဆက်လက်ပြီးတော့ တည်ရှိမည်ဟု မည်သူမျှအာမမခံနိုင်ဖြစ်နေပါတယ်။ ယခုအခါ လက်ရွေးစင်တချို့မှပူးပေါင်းပြီးတော့ ကျွန်တော်တို့မြို့နယ်မှာ ရပ်ကွက်ပေါင်းစုံအားကစားပွဲများ၊ ဘောလုံးပွဲများကျင်းပရန် စီစဉ်နေကြတာဖြစ်တဲ့အတွက် ကျွန်တော်တို့ လေ့ကျင့်ရေးကွင်းများလည်း လိုအပ်ပါတယ်။ ထို့အပြင် မြို့နယ်၊ ရပ်ကွက်အတွင်းမှာရှိတဲ့ လူငယ်များအနေဖြင့် မြို့နယ်၊ ရပ်ကွက်မှာဖွင့်လှစ်ထားတဲ့ ဖူဆယ်အားကစားရုံတွေမှာ တစ်နာရီကိုနှစ်သောင်း၊ တစ်သောင်းဖြင့် ကစားနေရပါတယ်။ အဲဒီတော့ ငွေကြေးမတတ်နိုင်တဲ့ လူငယ်များအနေနဲ့ ကစားခွင့်လည်းမရပါ။ မကစားနိုင်ကြပါ။ ထို့ကြောင့် ရပ်ကွက်အားကစားကွင်းများ မဖြစ်မနေအမြန်ဆုံးချထားပေးရန် လိုအပ်နေပါတယ်။ သို့အတွက်ကြောင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် မြို့နယ်လေ့ကျင့်ရေးကွင်းတစ်ကွင်း၊ ရပ်ကွက်အားကစားကွင်း ၁၁ ကွင်း အမြန်ဆုံးချထားပေးပါရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ဒါကတော့ မြို့နယ်အားကစားကွင်းအနီးမှာ နေရာလွတ်ရှိတဲ့ ကျွန်တော်အခုတောင်းထားတဲ့ မြို့နယ်လေ့ကျင့်ရေးအားကစားကွင်းပါ။ ဒါကတော့ လက်ရှိမြို့နယ်အားကစားကွင်းနဲ့ကပ်လျက် အခုတောင်းထားတဲ့ လေ့ကျင့်ရေးကွင်းပါခင်ဗျား။ ဒါကတော့ အခကြေးငွေဖြင့်ကစားနေရတဲ့ ဖူဆယ်အားကစားကွင်းတွေပါ။ ဒါတွေကတော့ ရပ်ကွက်အတွင်းမှာရှိတဲ့ ကျွန်တော်တောင်းတဲ့နေရာတွေမှာ ဒီလိုမြေကွက်လပ်တွေရှိတယ်ဆိုတာ ကျွန်တော်ပြတာပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။

**မူကြမ်း**

ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၏မေးခွန်းဖြစ်တဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မှာ လိုအပ်လျက်ရှိတဲ့ မြို့နယ်လေ့ကျင့်ရေးအားကစားကွင်းတစ်ကွင်း၊ ရပ်ကွက် ၁၁ ခုအတွက် ၁၁ ကွင်း တောင်းဆိုတဲ့ကိစ္စနဲ့ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ မဖြေကြားခင် ကျွန်တော့်အနေနဲ့ ဒီမှာ အားကစားကွင်းတစ်ကွင်းရှိပြီး ဘောလုံးအဖွဲ့ချုပ်ကို ငှားရမ်းပြီးပြန်မပေးဘူးဆိုတော့ သူ့စာချုပ်စာတမ်းသက်တမ်းအရသာမပေးခြင်းဖြစ်ပါတယ်။ စာချုပ်ပြည့်ရင်တော့ ပြန်လည်စဉ်းစားဖို့ရှိပါတယ်။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာလိုအပ်လျက်ရှိတဲ့ မြို့နယ်လေ့ကျင့်ရေးအားကစားကွင်းတစ်ကွင်းကိုတော့ ကျွန်တော်တို့လောလောဆယ် ဒဂုံမြို့သစ်အားကစားရုံရဲ့ဘေးမှာ မြေတွေရှိပါတယ်။ အဲဒီမြေတွေမှာ ကျွန်တော်တို့ပေးမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေစာရင်းအောက်တိုဘာလကနေ စက်တင်ဘာလမှာ ကျပ် ၈၀ သန်းထည့်ပြီးတော့ ကျွန်တော်တို့ ပြုလုပ်ပေးမှာဖြစ်ပါတယ်။ အခု ကျပ် ၈၀ သန်းဆိုတာကတော့ ဘောလုံးကွင်းပဲပါပါတယ်။ ဘေးမှာ မီတာ ၄၀၀ ပတ်တဲ့ကွင်းလမ်းတော့မပါပါဘူး။ ဒီဥစ္စာကတော့ နောက် ပိုက်ဆံရှိတဲ့အခြေအနေမှာတော့ ပေးမယ်။ ပေးမယ်ဆိုရင် သိန်း ၁၃၀၀ လောက်ကုန်ပါတယ်။ လောလောဆယ်တော့ ကျွန်တော်တို့ ဒီမြို့နယ်အားကစားကွင်းတစ်ကွင်းကို ပေးမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီ ဒဂုံမြို့သစ်တောင်ပိုင်းမှာ အခု ရပ်ကွက် ၁၁ ခုအတွက်ကို ၁၁ ကွင်းတောင်းဆိုထားပါတယ်။ အဲဒီတော့ ကျွန်တော်ပြန်ကြည့်တဲ့အခါမှာ ဒီ ဒဂုံမြို့သစ်မှာတော့ ရပ်ကွက်က ၄၄ ရပ်ကွက်ရှိပါတယ်။ ဒီရပ်ကွက်ကွင်းတွေဆိုလို့ရှိရင် ထုံးစံက ကျွန်တော်တို့ မပေးပါဘူး။ စည်ပင်သာယာကပဲ ပေးပါတယ်ခင်ဗျား။ ကျွန်တော်ပြန်ပြီးသုံးသပ်တဲ့အခါမှာလည်း တကယ့်တကယ် ဒဂုံမြို့သစ်မှာ လောလောဆယ် ၁၀ ကွင်းရှိတာ တော်တော်များနေပါတယ်။ များနေတယ်ဆိုတာ ကျွန်တော်တို့ ဒီ ရန်ကုန်တိုင်းတစ်တိုင်းလုံးမှာရှိတဲ့ မြို့နယ် ၄၅ ခုမှာမှအားလုံးပေါင်းမှ မီတာ ၄၀၀ ပတ်ကွင်းက ၁၁ ကွင်း၊ ရိုးရိုးဘောလုံးကွင်း ၁၉ ကွင်း အားလုံး ၃၀ ရှိပါတယ်။ ဒဂုံမြို့သစ်(တောင်ပိုင်း)မှာဆိုရင်တော့ တော်တော်များပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြလိုတာကတော့ အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ နှစ်ကွင်းပေးဖို့ကို ရန်ကုန်တိုင်းစည်ပင်သာယာရေးမှာ အကုန်လုံး စာရင်းပါပြီးသားဖြစ်ပါတယ်။ တစ်ကွင်းကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)အမှတ်(၂၂)ရပ်ကွက်၊ မြတ်လေး(၁)နဲ့(၂)လမ်းထောင့်ရှိ မြေနေရာရပ်ကွက်တွင် ဘောလုံးကွင်းတစ်ကွင်း၊ ရတနာပုံလမ်းနှင့် စွယ်တော်ပတ်လမ်းကြားမှာ ရပ်ကွက်ဘောလုံးကွင်းတစ်ကွင်းတည်ဆောက်ဖို့လျာထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုတင်ပြချင်တာကတော့ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အရင်တုန်းက ဝန်ကြီးဌာန၊ အခုဌာနအနေနဲ့ကတော့ နှစ်စဉ် ၂၂ ဘီလီယံလောက်ပဲ ရပါတယ်ခင်ဗျား။ အဲဒီတော့ ဒီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကတော့ ပိုက်ဆံရှိလို့မဟုတ်ပါဘူး။ အားကစားဟာ အရေးကြီးတဲ့အတွက် ကျွန်တော်တို့ ငွေဖြည့်တဲ့အခါမှာ ၅၀ ဘီလီယံအထိ ကျွန်တော်တို့ တိုးပေးလိုက်ပါတယ်။ တိုးပေးတယ်ဆိုတာ တကယ့်တကယ် ဘာလုပ်ဖို့တိုးပေးသလဲဆိုတော့ ကွင်းတွေကိုဖော်မယ်။ ပြင်မယ်။ အားကစားပစ္စည်းတွေဝယ်မယ်။ နောက်တစ်ချက်က သင်တန်းတွေပေးမယ်။ နည်းပြတွေကိုသင်တန်းပေးမယ်။ Coach တွေ၊ အားကစားမှူးတွေကို သင်တန်းပေးမယ်။ အဲဒီအတွက်ကို ကျွန်တော် ဘီလီယံ ၂၆၊ ၂၈ လောက်ရှိပါမယ်။ ကျွန်တော်တို့ In term of Shuffle ပေါ့။ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဖြစ်ပါ

တယ်။ အဲဒီတော့ ဒီ ဒဂုံမြို့သစ်(တောင်ပိုင်း)တင်မကပါဘူး။ တစ်ပြည်လုံးမှာရှိတဲ့ မြို့နယ်အားကစားကွင်းတွေကို ကျွန်တော်တို့လိုက်ပြီးတော့ ပြင်သင့်တာပြင်မယ်။ ထပ်ပြီးတော့ လုပ်သင့်တာလုပ်မယ်။ သို့မှသာလျှင် ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့က အလွန်ကျန်းမာတဲ့ ပြည်သူလူထုကြီးဖြစ်မယ် ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ရဲ့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ Exercises Medicine ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့လည်း အထောက်အကူအများကြီး ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ရပ်ကွက်ကိုတော့ လာမယ့်နှစ်ထဲမှာ စဉ်းစားပေးပါမယ်။ အဓိကကတော့ မြို့နယ်ပဲ ကျွန်တော်တို့ အရင်လုပ်ပါမယ်ခင်ဗျား။ နောက်တစ်ချက်က ပိုက်ဆံပိုတဲ့ပိုက်ဆံတွေနဲ့ ကွင်းတွေမှာကစားဖို့ ဘောလုံးကအစတောင်းလို့ရှိရင် ကျွန်တော်တို့ အကုန်ပေးဖို့ရှိတယ်။ ဘောလုံးရယ်၊ Goal Net တွေဘာတွေ အကုန်လုပ်ဖို့ရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မြို့နယ်ကွင်းကတော့ပေးပါမယ်။ ရပ်ကွက် ၁၁ ကွင်းကတော့ နှစ်ကွင်းကတော့ ဒီနှစ်ရမယ်။ ကျန်တာတွေကတော့ မြို့နယ်စည်ပင်သာယာရေးနဲ့ညှိပြီး ဆက်လက်ဆောင်ရွက်ပါရန် မေတ္တာရပ်ခံကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မိုင်းကိုင်မြို့နယ်၊ ဝမ်ပွေလုံကျေးရွာတွင် သီးခြားကျေးလက်ကျန်းမာရေးဌာန(RHC)အသစ်တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(S/C)များအဖြစ် ဝမ်လုံ၊ ယန်းလွိုင်၊ ဝမ်လျန့်နှင့် မတ်လန်းတို့တွင် တိုးချဲ့ဖွဲ့စည်းပေးရန်နှင့် လုတ်ကန်း၊ စုံလောတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ(S/C)အသစ်တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဆိုင်မိုင်း(မိုင်းကိုင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်မှာ ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၄ အုပ်စုနဲ့ ကျေးရွာပေါင်း ၃၄၈ ရွာ၊ အိမ်ထောင်စုပေါင်း ၁၄၁၁၁ စု၊ လူဦးရေစုစုပေါင်း ၇၇၂၉၉ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၅ ခုတင်ဆံ့မြို့နယ်ပြည်သူ့ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနသုံးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၀ ခုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ မိုင်းကိုင်မြို့နယ်၏ ဧရိယာအကျယ်အဝန်းမှာ ၁၄၅၉.၁၇ စတုရန်းမိုင်ကျယ်ဝန်းပြီး ကျေးလက်ကျန်းမာရေးဌာနသုံးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၀ ခုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော်လည်း နယ်မြေဧရိယာကျယ်ဝန်းလွန်းခြင်း၊ ကျေးရွာတစ်ရွာနှင့်တစ်ရွာ အလှမ်းကွာဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကျေးလက်ကျန်းမာရေးဌာနတည်ရှိသောနေရာနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအကြား အလှမ်းကွာဝေးခြင်းတို့ကြောင့် အုပ်ချုပ်မှုနှင့်ထိရောက်သောကျန်းမာရေးစောင့်ရှောက်မှုများအားနည်းလျက်ရှိပါတယ်။ မိုင်းကိုင်မြို့နယ်၏အရှေ့ဘက်မိုင် ၃၀ ခန့်ဝေးကွာသော ဝမ်ပွေလုံကျေးရွာအုပ်စုမှ ကျေးရွာ ၁၉ ရွာ၊ လူဦးရေ ၁၇၂၉ ဦးရှိပြီး ဖားမင်ိုက်ပင်မကျေးရွာကျန်းမာရေးဌာနနှင့် အလှမ်းကွာဝေးခြင်း၊ မိုးရာသီကာလလမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲခြင်း၊ ကျေးရွာတစ်ရွာနှင့်တစ်ရွာ အလှမ်းကွာဝေးခြင်း၊ ဝမ်ပွေလုံကျေးရွာအုပ်စု ဝမ်ပွေလုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန (RHC)တစ်ခု သီးခြားထပ်မံတိုးချဲ့ပေးရန် လိုအပ်လျက်ရှိပါတယ်။ ဝမ်ပွေလုံကျေးလက်ကျန်းမာရေး

ဌာနအသစ်တစ်ခုသီးခြားတိုးချဲ့ပေးမည်ဆိုပါက ဝမ်လုံ၊ ယန်းလွိုင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဝမ်လျန့်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ မတ်လန်းကျေးလက်ကျန်းမာရေးဌာနခွဲတို့ကိုလည်း တစ်ပါတည်း ထပ်မံတိုးချဲ့ပေးရန် လိုအပ်လျက်ရှိပါတယ်။ လွိုင်ခုန်ကျေးရွာအုပ်စု လွိုင်ခုန်၊ လုတ်ကန်း၊ နမ့်မော်၊ နမ့်ခဲကဲ့သို့သောကျေးရွာများသည် စုံလောပင်မကျေးလက်ကျန်းမာရေးဌာနနှင့် ၅၈ မိုင်၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ၆၀ မိုင်၊ လက်ရှိ ဆန်ဟကျေးလက်ကျန်းမာရေးဌာနခွဲနှင့်လည်း ၂၁ မိုင်ကွာဝေးလျက်ရှိသည့်အတွက် လုတ်ကန်းကျေးလက်ကျန်းမာရေးဌာနခွဲအသစ်တစ်ခုထပ်မံတိုးချဲ့ဖွင့်လှစ်ပေးပါရန် လိုအပ်လျက်ရှိပါတယ်။ စုံလောကျေးရွာအုပ်စု စုံလော၊ ပန်ခမ်း၊ နမ့်ပန်ရမ်းကဲ့သို့သောရွာများသည် ပန်ကေတုပင်မကျေးလက်ကျန်းမာရေးဌာနနှင့် ၃၃ မိုင်၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ၁၅ မိုင်၊ ဟွေဟုံအိမ့်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ၁၈ မိုင်၊ ဝမ်ဟွေးကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ၉ မိုင် ကွာဝေးလျက်ရှိပါသဖြင့် စုံလောကျေးလက်ကျန်းမာရေးဌာနခွဲအသစ်တစ်ခုထပ်မံတိုးချဲ့ပေးရန်လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတာကတော့ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်အတွင်း ကျေးလက်ဒေသထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်နိုင်ရန် အမှန်တကယ်လိုအပ်လျက်ရှိသည့် ဝမ်ဟွေလုံကျေးရွာအုပ်စု ဝမ်ဟွေလုံကျေးရွာတွင် သီးခြားကျေးလက်ကျန်းမာရေးဌာန(RHC)အသစ်တစ်ခုနှင့် ဌာနခွဲများဖြင့် ဝမ်လုံ၊ ယန်းလွိုင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဝမ်လျန့်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မတ်လန်းကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို တိုးချဲ့ဖွဲ့စည်းပေးရန်၊ လုတ်ကန်းကျေးလက်ကျန်းမာရေးဌာနခွဲအသစ်တစ်ခုထပ်မံတိုးချဲ့ပေးရန်၊ စုံလောကျေးလက်ကျန်းမာရေးဌာနခွဲအသစ်တစ်ခုထပ်မံတိုးချဲ့ပေးရန်တို့ကို သက်ဆိုင်ရာကျန်းမာရေးဌာနမှ အဆင့်ဆင့်တင်ပြခဲ့သော်လည်း ယနေ့တိုင်ဆောင်ရွက်ပေးခြင်းမရှိသဖြင့် ပြည်သူများအနေဖြင့် မေးမြန်းတောင်းဆိုလျက်ရှိရာ မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်းနှင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက အဘယ်ကြောင့်ဆိုသည်ကို ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆိုင်မိုင်း၏မေးခွန်းဖြစ်တဲ့ ဝမ်ဟွေလုံကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန(Rural Health Center)အသစ်တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲလေးခု ဝမ်လုံကျေးရွာ၊ ယန်းလွိုင်ကျေးရွာ၊ ဝမ်လျန့်ကျေးရွာ၊ မတ်လျန်းကျေးရွာ။ တတိယအချက်က လုတ်ကန်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်တစ်ခုနှင့် စုံလောကျေးရွာမှာ ကျန်းမာရေးဌာနခွဲအသစ်တစ်ခု တောင်းဆိုတဲ့ကိစ္စနှင့် ပတ်သက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းကိုင်မြို့မှာဆိုရင် ကျွန်တော်တို့က ကျေးလက်ကျန်းမာရေးဌာနသုံးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၀ ခု၊ မိခင်နှင့်ကလေးကျန်းမာရေး

ဌာနတစ်ခု၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းအနေနဲ့ကတော့ လက်ထောက်ကျန်းမာရေးမှူးသုံးဦး၊ မြို့နယ်သူနာပြုအဆင့်တစ်ဦး၊ ကျန်းမာရေးကြီးကြပ်(၁)တစ်ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမလေးဦး၊ သားဖွားဆရာမ ၁၈ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သုံးဦး၊ ဘက်စုံ ၁၀ ဦးနှင့် ကျေးရွာအုပ်စုငါးစု စုစုပေါင်း ရွာပေါင်း ၂၈၀ ရှိ လူဦးရေ ၇၀၀၀၀ ကျော်ကို ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ဒီမှာလည်း ပြည်နယ်ကိစ္စဖြစ်တဲ့အတွက် ဒါကိုအထူးအသေးစိတ်(Table Form)နှင့်သေသေချာချာ လုပ်ပါတယ်။ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဘတ်ဂျက်အခြေအနေ၊ ပြည်သူ့ကျန်းမာရေး ရှုထောင့်က၊ ဘက်စုံက ကြည့်ပါတယ်။ ပထမဦးဆုံးတွေ့တာကတော့ မြို့နယ်မိုင်းကိုင်က အလွန်ကျယ်တဲ့ဧရိယာ ဖြစ်ပါတယ်။ ဧရိယာ ၁၄၆၀ Square Mile လောက် အလွန်ကျယ်တာတွေ့ပြီးတော့ လမ်းပန်းသွားလာရ တော်တော်ခက်တာကို တွေ့ပါတယ်။ တွေ့တဲ့အခါမှာ အနီးဆုံးဆေးရုံကို ကြည့်လိုက်ပါတယ်။ မိုင်းကိုင်ဆေးရုံသို့ မိုင် ၃၀ ဝေးပါတယ်။ ပွင့်လင်းရာသီမှာ ၃၊ ၄ နာရီကြာတယ်။ မိုးရာသီမှာဆိုရင် ဘီးမှာသံကြိုးပတ်ပြီးသွားရတယ်ဆိုတာလည်း ကျွန်တော်တို့တွေ့ပါတယ်။ ဒီအနီးအနားမှာ အကုန်လေ့လာတဲ့အခါမှာ အဆောက်အဦဆောက်ဖို့ကလည်း ပေ ၂၀၀ ပတ်လည်မြေရှိတယ်ဆိုတာကို တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ပေးလိုက်မယ်ဆိုလို့ရှိရင် အလိုအလျောက် Sub-Center ကျေးလက်ကျန်းမာရေးဌာနလေးခုက ရမှာဖြစ်ပါတယ်။ အသေးစိတ်မြေပုံမှာပြန်ကြည့်တဲ့အခါမှာလည်း တစ်နေရာနှင့်တစ်နေရာ အလွန်ဝေးပါတယ်။ ရွာတစ်ရွာနှင့်တစ်ရွာလည်း အရမ်းဝေးတယ်။ မိုးရာသီမှာ အလွန်ခက်ခဲတာလည်း တွေ့ရတယ်။ မိုးရာသီမှာလည်း များသောအားဖြင့် ခြေလျင်နဲ့ပဲ သွားတာတွေ့ရတဲ့အပြင် ပြည်နယ်ကုသရေးဦးစီးမှူးနဲ့လည်း ကျွန်တော် တယ်လီဖုန်းနဲ့ဆက်သွယ်ပြီး အသေးစိတ်မေးမြန်းပါတယ်။ မေးမြန်းတဲ့အခါမှာ ကျွန်တော့်အနေနဲ့ကတော့ ဒါကို အဘက်ဘက်က စဉ်းစားပြီးတော့၊ ဒီမှာတော့ အသေးစိတ်မပြောပါဘူး။ စဉ်းစားပြီး ပေးသင့်တယ်ဆိုတာကို ကျွန်တော်တို့ ဆုံးဖြတ်ပါတယ်ခင်ဗျား။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အခုနကကျွန်တော်တင်ပြတဲ့အတိုင်း လုပ်ထုံးလုပ်နည်းတွေနဲ့ အဆင့်ဆင့်တင်ပြပြီးတော့ ကျွန်တော်ဆောင်ရွက်ပေးမည်ဖြစ်ပါတယ်။

ထို့အပြင် ဒီမှာ အသစ်နှစ်ခုတောင်းဆိုထားတဲ့ လုတ်ကန်းရွာနှင့် စုံလောရွာ။ စုံလောရွာသည် ပန်ကေတုကျေးလက်ကျန်းမာရေးဌာနအောက်မှာရှိပါတယ်။ လုတ်ကန်းရွာသည် တုံလောကျေးလက်ကျန်းမာရေးဌာနအောက်မှာ။ ဒီနှစ်ခုကိုလည်း ကျွန်တော်တို့ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၂၉-၅-၂၀၁၈ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၃၁-၅-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ်သုံးဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆက်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနဲ့ ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသောအပိုဒ်၊ အပိုဒ်ခွဲများအတွက် သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထား ရယူဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၄၅)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင်လည်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်

**မူကြမ်း**

ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ဖြစ်သည့် ၂၉-၅-၂၀၁၈ ရက်(အင်္ဂါနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၃၁-၅-၂၀၁၈ ရက်(ကြာသပတေးနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်နဲ့ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးတို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၅-၆-၂၀၁၈ ရက်(အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်မှာ (၄၅)ချက်ဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။

| **စဉ်** | **အခန်း** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့် အပိုဒ်ခွဲ** |
|---|---|---|---|---|
| (က) | - | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၁ | ၁ မှ ၂ | ၃၊ ၅၊ ၇ | အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက်ခြင်း |
| (ဂ) | ၂ | ၃ | ၁၁၊ ၁၃ | အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ) |
| (ဃ) | ၃ | ၄ မှ ၁၀ | ၁၉၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀၊ ၃၁၊ ၃၂၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၁ | အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)ခြေဆင်၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)နှင့်(၃)၊ အပိုဒ်ခွဲ(ဂ)နှင့်(ဃ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၈ ကို ပယ်ဖျက်ခြင်း |
| (င) | ၄ | ၁၀ မှ ၁၂ | ၄၄၊ ၄၅၊ ၄၇၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃ | အပိုဒ် ၁၉ ခြေဆင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၉ အပိုဒ်ခွဲ(က)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၁ ကို အပိုဒ် ၂၄ အပိုဒ်ခွဲ(ခ)အဖြစ် ပြောင်းလဲပြင်ဆင်ခြင်း၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ်ခွဲ(ဂ)(ဃ)နှင့် |

| | | | | |
|---|---|---|---|---|
| | | | | (င)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ |
| (စ) | ၅ | ၁၂ မှ ၁၄ | ၅၆၊ ၅၈၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၅ | အပိုဒ် ၂၄ အပိုဒ်ခွဲ(ခ)ဝ အပိုဒ်ခွဲ(ဃ)နှင့်(င)၊ အပိုဒ်ခွဲ(ဆ)နှင့်(ဇ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)(ဃ)နှင့်(င) |
| (ဆ) | ၆ | ၁၅ မှ ၁၆ | ၆၇၊ ၆၉၊ ၇၀၊ ၇၁ | အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ |
| (ဇ) | ၇ | ၁၆ မှ ၁၈ | ၇၃၊ ၇၄၊ ၇၆၊ ၇၉ | အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၆ နှင့် ၃၇ တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၃၅ အပိုဒ်ခွဲ(ခ) |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ပြင်ဆင်ရန် တင်ပြချက်(၄၅)ချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်ရှိသော (၄၅)ချက်အားသဘောတူညီပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၄၅)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်၍(၄၅)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက် ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားသောအပိုဒ်၊ အပိုဒ်ခွဲ၊

အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီက တင်သွင်းသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ ပါတယ်။

**ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်ကတင်သွင်းသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်ပေါ်စေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်စွာပူးပေါင်းဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့်ကာကွယ်မှု ပြုလုပ်ပေးပါရန် အဆိုကို လွှတ်တော်ကိုယ်စားများက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ (၃၀-၅-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်ပေါ်စေရန် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်စွာပူးပေါင်းဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက် သည့်ကာကွယ်မှု ပြုလုပ်ပေးပါရန်အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၈ ဦးရှိပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့

ဦးစွာဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအကြောင်းအရာနှင့်ပတ်သက်ပြီးတော့ မဆွေးနွေးခင်မှာ လောလောဆယ်ဖြစ်လာရသည့် ဇာစ်မြစ်ကို ကျွန်တော်နည်းနည်းရှင်းပြလိုပါတယ်။ ပထမဆုံးအနေနဲ့ ဘကြီးတော်ဘုရားလက်ထက်က မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်မှာ ရှင်မဖြူကျွန်းမှာ နတ်မြစ်နှင့်အဝပေါ့ အဲဒီမှာ မျက်နှာဖြူတွေက လာပြီးတော့အလံစိုက်တယ်။ အဲဒါကို သွားတားလို့လည်းမရဘူး။ မရတဲ့အတွက်ကြောင့် ဧည့ဝတီအခွန်မင်းကြီးကနေပြီးတော့ ဘကြီးတော်ဘုရားကို သတင်းပို့တယ်။ ဘကြီးတော်ဘုရားကို သတင်းပို့သည့်အတွက်ကြောင့် မြန်မာသက္ကရာဇ် ၁၁၈၆ ခုနှစ် တန်ခူးလမှာကျွန်တော်တို့ စစ်သူကြီးမဟာဗန္ဓုလနှင့် ဧည့ဝတီမင်းကြီးဦးစတို့ဟာ စစ်ကြောင်းနှင့်ချီပြီးတော့ လာပြီးရှင်းလင်းရတဲ့အနေအထားရှိတယ်။ အဲဒီအနေအထားနှင့် ရှင်းလင်းပြီးတဲ့ နောက်ပိုင်းမှာ ဘာဖြစ်လာသလဲဆိုတော့ အင်္ဂလိပ်တွေက တနင်္သာရီတောင်ပိုင်းကို တိုက်ခိုက်လာတယ်။ အဲဒီမှာ ဘာပါသွားသလဲဆိုတော့ ကိုကိုးကျွန်းနှင့် ကပ္ပလီကျွန်းကို ပါသွားတယ်။ အဲဒီကနေပြီးတော့တစ်ခါ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ၊ တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပြီး အင်္ဂလိပ်တွေက အုပ်စိုးသွားတာ။ အဲဒီအုပ်စိုးပြီးတော့ ၁၉၄၂ ခုနှစ်ကျတော့ ဒုတိယကမ္ဘာစစ်ဖြစ်တဲ့အခါကျတော့ ဒီကနေပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းဦးစီးတဲ့ မြန်မာ့လွတ်လပ်ရေးတပ်မတော်ဟာ အင်္ဂလိပ်ကိုတိုက်ဖို့အတွက် ချီတက်လာတယ်။ ချီတက်လာတဲ့အခါမှာ ကျွန်တော်တို့ BIA ခေတ်ဖြစ်လာတယ်။ BIA ခေတ်ဖြစ်လာတဲ့အခါမှာ အင်္ဂလိပ်တွေက ဂျပန်တွေတက်လာလို့ရှိရင် အဲဒီမှာရှိတဲ့ သူတို့စိတ်ချရပြီး ယုံကြည်ရတဲ့လူတွေကို သေနတ်တွေပေးထားပါတယ်။ အဲဒီအချိန်မှာ ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီတွေကို သူတို့က သေနတ်တွေပေးထားပြီးတော့ မင်းတို့ဂျပန်လာလို့ရှိရင် တိုက်ဆိုတော့ ဘင်္ဂါလီတွေက ဂျပန်ကိုမတိုက်ဘဲနဲ့ ရခိုင်တွေကို သတ်ကြပါတယ်။ အဲဒီမှာ လူပေါင်း ၂၀၀၀၀ ကျော်လောက် ဒါက ကမ္ဘာကမသိလိုက်တဲ့ အချက်လေးတွေရှိပါတယ်။ အဲလိုပဲ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်မှာလည်း အင်္ဂလိပ်တွေက ဂျပန်လာရင်တိုက်ဆိုပြီးတော့ ကရင်တွေကို လက်နက်ပေးထားခိုင်းပြီးတော့ BIA, BDA ခေတ်မှာ တအားကိုပြဿနာဖြစ်ခဲ့ရပါတယ်။

အဲဒီတော့ ပြောရမယ်ဆိုလို့ရှိရင် အဲဒီကနေပြီးတော့ တစ်ခါ ၁၉၄၅ ခုနှစ်မှာ ဂျပန်တွေ BIA, BDA ခေတ်ပြီးတဲ့အခါကျတော့ ၁၉၄၇ ခုနှစ် အိန္ဒိယကိုလည်း လွတ်လပ်ရေးပေးမယ်။ ဗမာတွေကို လွတ်လပ်ရေးပေးမယ်ဆိုတော့ ဘာပြဿနာလေးတစ်ခုရှိလာသလဲဆိုတော့ အဲဒီမှာ မိုဟာမက်အလီဂျေနပ်က ဗိုလ်ချုပ်အောင်ဆန်းဆီလာပြီးတော့ ရခိုင်က ဘူးသီးတောင်၊ မောင်တောကို သူ့ကိုပေးဖို့ စဉ်းစားပေးပါဆိုတော့ ဗိုလ်ချုပ်က လက်မခံဘူး။ လက်မခံဘဲနဲ့ ဘယ်ကိုပြန်လှည့်ပြန်လဲဆိုတော့ ကျွန်တော်တို့ လွတ်လပ်ရေးကိုကိုင်တဲ့ ပြောရမယ်ဆိုလို့ရှိရင် မင်းကြီးပေါ့ အာသံကိုပေးပါဆိုတော့။ ပေးခါနီးကျလို့ရှိရင် ခင်ဗျားကို ငွေလင်ဗန်းပေါ်မှာခင်ဗျား အာသံပြည်နယ်ကြီးကိုတင်ပြီးတော့ လက်ဆောင်ပေးမယ်ဆိုပြီးတော့ ချွေးသိမ့်လိုက်တယ်။ ချွေးသိပ်လည်းသိပ်လိုက်ပြီးရော နောက်ဘာဖြစ်သွားသလဲဆိုတော့ တကယ်ပေးတဲ့အခါကျတော့ အာသံကိုလည်းသူတို့မရလိုက်ဘူး။ ကျွန်တော်တို့ ဘူးသီးတောင်၊ မောင်တောကိုကျတော့ ဗိုလ်ချုပ်အောင်ဆန်းက မပေးတဲ့အတွက် မထိရဲဘူး။ ဒါပေမဲ့ ခုနက အဲဒီဇာတ်လမ်းတွေက အဲဒီကနေပြီးတော့ မူဂျာဟစ်ဇာတ်လမ်းတွေဖြစ်လာတယ်။ လက်နက်တွေ

ထုတ်ပေး။ ထုတ်ပေးပြီးတော့ ကျွန်တော်တို့အစိုးရကို လွတ်လပ်ရေးရပေးကာ အစိုးရကိုတိုက်။ အဲဒီဇာတ်လမ်းသည် ဘယ်အထိသိရသလဲဆိုတော့ ၁၉၉၃ ခုနှစ်မှ ၁၉၉၇ အထိ ကျွန်တော် ရခိုင်ပြည်နယ်မှာ ငါးနှစ်နေလာခဲ့တာ အဲဒီဇာတ်လမ်းကို အသေးစိတ်ကိုင်ရတယ်။ အဲဒီတော့ ကျွန်တော်ကိုယ်တိုင်သိတယ်။ သိတဲ့အခါကျတော့ သူတို့ကပထမဦးဆုံး ဘာလုပ်လဲဆိုတော့ သင်တန်းဆင်းပြီးသားလူတွေကိုလွှတ်တယ်။ လွှတ်ပြီးတော့ လေးစားအောင်လုပ်တယ်။ လုပ်ပြီးတော့ ပညာပေးတယ်။ အဲဒီသတင်းကို ကျွန်တော်တို့ရရချင်း ၁၉၉၃ ခုနှစ်မှာ တိုင်းမှူးကနေပြီးတော့ ဒါကို တပ်ရင်းအပ်တဲ့အချိန်မှာ အဲဒီသတိရတဲ့အတွက်ကြောင့် တပ်မနှစ်ခုကို ကျွန်တော်တို့ ဆကက(၉)နှင့် ဆကက(၁၀)ကို အထက်ကတောင်းပြီးတော့ ဒါကို ဖွဲ့စည်းလိုက်တယ်။ ဖွဲ့စည်းလိုက်ပြီးတော့ အားချင်းပဲ ပြည်သူ့စစ်နှင့်ပေါင်းစပ်ပြီးတော့ ကျွန်တော်တို့ ဖော်ထုတ်လိုက်တဲ့အခါမှာ အကုန်လုံးရှင်းသွားပါတယ်။ အဲဒီတော့ပြောရမယ်ဆိုရင်ဇာတ်လမ်းက ၁၉၉၇ ခုနှစ်က ဖြစ်ခဲ့တဲ့ဇာတ်လမ်းသည် အခု ၂၀၁၇ ခုနှစ်အထိ ပြန်ပြီးတော့မှ ပေါ်လာတဲ့အခါကျတော့ ဒါက Plan Attack လို့ပဲပြောရမှာပဲနော်။ အဲဒီတော့ အကြမ်းဖက်ဝါဒကို လုပ်တဲ့နေရာမှာ ရိုးရိုးမလုပ်ပါဘူး။ နှစ်ပေါင်း ၂၀ ထိတိုင်အောင်ကြံဖန်ပြီးတော့ လုပ်တဲ့ Planned Attack ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါကို ကျွန်တော်တို့က ဘာနဲ့ဆိုတော့ ကျွန်တော်တို့ဆီမှာ ၂၀၁၄ ခုနှစ်က အကြမ်းဖက်ဥပဒေနဲ့ ထုတ်ပြန်ခဲ့တယ်။ ဒဏ်ပြန်အကြမ်းဖက်ဥပဒေကရော။ ထို့အတူပဲ ASEAN မှာအကြမ်းဖက်ဥပဒေကိုတိုက်ဖျက်ဖို့အတွက်ကိုလည်း ကျွန်တော်တို့ ဝင်ပြီးပြီ။ ကုလသမဂ္ဂမှာလည်း ဝင်ပြီးပြီ။ နောက်မြန်မာနှင့်ဩစတေးလျစာချုပ်မှာလည်း ချုပ်ဆိုခဲ့ပြီးပြီ။ ဒါကြောင့်မို့လို့ ဒါကိုတော့ ကျွန်တော်တို့ စိတ်ရှည်ရှည်နဲ့ထားပြီးတော့ ချေဖြတ်ဖို့လိုတယ်။ နောက်ဆုံးတစ်ချက်တင်ပြချင်တာကတော့ ဘာလဲဆိုတော့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ အားလုံးကို သာလီစွပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေပါ။ ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေး တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်(မြောက်ပိုင်း)တွင်ဖြစ်ပေါ်ခဲ့တဲ့ ARSA အကြမ်းဖက်အဖွဲ့ရဲ့ကျူးလွန်ခဲ့တဲ့လုပ်ရပ်များဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာကို တိုက်ရိုက်ထိပါးစော်ကားခဲ့တဲ့လုပ်ရပ်များဖြစ်သော်လည်း နိုင်ငံတော်အစိုးရရဲ့ တုံ့ဆောင်ရွက်မှုများဟာ အလွန်အားနည်းနေကြောင်း ဝေဖန်ထောက်ပြလိုပါတယ်။ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသောအကြမ်းဖက်အဖွဲ့များကိုဖော်ထုတ်ပြီး အကြမ်းဖက်ဥပဒေအရ အရေးယူနိုင်ရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ရခိုင်အမျိုးသားပါတီက အမျိုးသားလွှတ်တော်မှာ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ကတင်သွင်းပြီး ဩဂုတ်လ ၃၀ ရက်နေ့မှသာ အတည်ပြုနိုင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရ၏အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့က ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ ARSA အဖွဲ့ကိုအကြမ်းဖက်အုပ်စုအဖြစ်ကြေညာခဲ့သော်လည်း ဖမ်းဆီးရမိသူများကို အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အမှုဖွင့်အရေးယူခြင်းအလွန်နည်းပါးနေကြောင်း ထောက်ပြလိုပါတယ်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၃)ဖြင့် အခန်း ၁၉ ခန်း၊ ပုဒ်မ ၇၂ ခုဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်နှင့် ပြဋ္ဌာန်းပြီးတည်ဆဲဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရ၏တာဝန်သာဖြစ်ပါတယ်။ တည်ဆဲဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အားနည်းနေခြင်းဟာ တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်သည့်အတွက် လွှတ်တော်က အခုလိုထောက်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘူးသီးတောင်၊ မောင်တောဒေသကို ဖီလစ်ပိုင်၊ မာရဝီဒေသကဲ့သို့ဖြစ်လာနိုင်တယ်လို့ နိုင်ငံတကာပညာရှင်တွေက သုံးသပ်ထားတာလည်းရှိပါတယ်။ အယ်လ်ခိုင်ဒါ၊ တာလီဘန်၊ ဆားတော့ စတဲ့အကြမ်းဖက်အဖွဲ့အစည်းများရဲ့ အကြမ်းဖက်နယ်မြေသစ်ဟာ အရှေ့တောင်အာရှဖြစ်ကြောင်း တွေ့ရပါတယ်။ ၂၀၁၆ ခုနှစ် Global Terrorism Index ရဲ့ အကြမ်းဖက်အညွှန်းကိန်းအရ မြန်မာနိုင်ငံဟာအဆင့်(၄၅)ကို ရောက်ရှိနေပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသဟာ သတိထားရမယ့်နယ်မြေဖြစ်နေပါတယ်။ အကြမ်းဖက်တိုက်ဖျက်ရေးဟာ ကမ္ဘာ့မိသားစုဝင်ပြည်သူများ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရအားလုံးရဲ့ ဗဟိုအကျိုးစီးပွားဖြစ်တဲ့အတွက် အစွန်းရောက်ဘင်္ဂါလီ ARSA အကြမ်းဖက်အုပ်စုနဲ့ပတ်သက်ပြီး ဆန့်ကျင်တိုက်ဖျက်သွားရန် အထူးအရေးတကြီးလိုအပ်နေပါတယ်။ အစွန်းရောက်ဘင်္ဂါလီ ARSA အကြမ်းဖက်အုပ်စုကိုထောက်ခံခြင်း၊ အားပေးကူညီခြင်း၊ ထောက်ပံ့ခြင်း၊ မီဒီယာများမှ ထောက်ခံရေးသားခြင်းစသည်များကို တွေ့ရှိပါက အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ပြီး ပြည်ပမှလုပ်ဆောင်ချက်များကို တွေ့ရှိပါက နိုင်ငံတကာရဲတပ်ဖွဲ့(INTERPOL)သို့ အသိပေးဆောင်ရွက်သွားမည်ဆိုပြီးတော့ အစိုးရကထုတ်ပြန်ခဲ့သော်လည်း ယနေ့ထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်မှာ အားနည်းချက်တစ်ရပ်ဖြစ်နေကြောင်း ထောက်ပြလိုပါတယ်။ အစိုးရက အကြမ်းဖက်

**မူကြမ်း**

အဖွဲ့များ စီးဝင်မှုမရှိစေရန် နယ်ခြားစောင့်ရဲတပ်ဖွဲ့များ၊ နယ်စပ်တစ်လျှောက်ကင်းလှည့်ခြင်း၊ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းပေးများဖြင့် သတင်းရယူခြင်း စသည်များ ကိုဆောင်ရွက်နေကြောင်းနှင့် ရေလမ်းခရီးအတွက် နယ်မြေတစ်လျှောက်မှာ တပ်မတော်ရေတပ်မှ နယ်မြေစစ်တပ်ဖွဲ့များ နယ်မြေစိုးမိုးရေးကို ဆောင်ရွက်နေတယ်လို့ဆိုသော်လည်း ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့က ဘူးသီးတောင်မြို့ အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ရင်းနဲ့ သုံးမိုင်ခန့်သာကွာဝေးတဲ့ လက်ဝဲတောင်ပြိုကျေးရွာအုပ်စု၊ သပြေတောတိုင်းရင်းသားကျေးရွာကလူတွေကို ARSA အဖွဲ့က ဖုန်းဖြင့်ခြိမ်းခြောက်ခြင်း၊ တံတားပေါ်မှာစာတွေလာကပ်ခြင်း၊ အဲဒီလိုလုပ်တဲ့အတွက်ကြောင့် ကျွန်တော် ကိုယ်တိုင်ကွင်းဆင်းပြီးတော့ တာဝန်ရှိတဲ့လူတွေနဲ့ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း ယနေ့အထိ တရားခံကို ဖော်ထုတ်နိုင်ခြင်းမရှိခဲ့ပါ။ တဖန် ဇွန်လ ၁၁ ရက်နေ့က ရသေ့တောင်မြို့နယ်၊ မယူကန့် ဒေသတွင် ဘင်္ဂါလီ ၁၀၄ ဦးခိုးဝင်လာခြင်း၊ နယ်စပ်တွင်ခိုးဝင်ခိုးထွက်ဖြစ်ပေါ်နေခြင်း၊ တိုင်းရင်းသား များ မကြာခဏသတ်ဖြတ်ခံနေရခြင်းတို့သည် တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ လုံခြုံမှုအားနည်းခြင်းတို့ကို ဖော်ပြနေတာရောက်နေပါတယ်။ ဘူးသီးတောင်-မောင်တောဒေသတွင်ပါဝင်သော အကြမ်းဖက်သမား များဟာ ကလေးငယ်များကိုရှေ့မှာထားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကိုရန်ပြုခြင်း၊ လူနည်းစုတိုင်းရင်း သားကျေးရွာများကို အုပ်စုဖြင့်ဝင်ရောက်ပြီးမီးရှို့ခြင်းတို့ကြောင့် အကြမ်းဖက်သတ်ဖြတ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယင်းအကြမ်းဖက်အဖွဲ့များတွင်ပါဝင်တဲ့ပုဂ္ဂိုလ်များအားလုံးဟာ အကြမ်းဖက် သမားများဖြစ်ကြောင်း ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့က နိုင်ငံတော်အတိုင်ပင်ခံရုံးမှ အသိပေး ပြီးဖြစ်ပါတယ်။ သို့သော် ရွာလုံးကျွတ်ချီတက်အကြမ်းဖက်ရာတွင်ပါဝင်ခဲ့တဲ့ ဘင်္ဂါလီများကို စိစစ် ဖော်ထုတ်ပြီး အကြမ်းဖက်ဥပဒေဖြင့် အရေးယူဆောင်ရွက်ရန် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ပူးပေါင်း ပြီး အကြမ်းဖက်ဥပဒေဖြင့် အရေးယူဆောင်ရွက်ခြင်းမလုပ်ဘဲ တစ်ဖက်နိုင်ငံမှဘင်္ဂါလီများကို ပြန်လည် လက်ခံရေးအတွက် အပူတပြင်းဆောင်ရွက်နေခြင်းဟာ အကြမ်းဖက်မှုတွင်ပါဝင်သူများကို အားပေးရာ ရောက်မနေဘူးလားလို့ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ မြန်မာနိုင်ငံဟာ ပြစ်မှုဆိုင်ရာကိစ္စရပ်များကို ဥပဒေအတိုင်း အပြန်အလှန်အကူအညီပေးခြင်းဆိုင်ရာ သဘောတူညီမှုကို လက်မှတ်ရေးထိုးရန် သဘောတူပြီးဖြစ်ရာ အကြမ်းဖက်မှုနှင့်ဆက်နွယ်သည့်ပြစ်မှုများကျူးလွန်သူများကို ဖမ်းဆီးအရေးယူ ခြင်း၊ ထိန်းသိမ်းခြင်း၊ လွှဲပြောင်းခြင်းများကို နိုင်ငံတကာဥပဒေနှင့်အညီ ဆောင်ရွက်နေပြီဖြစ်သော ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများနှင့်ပူးပေါင်းပြီး အကြမ်းဖက်တိုက်ဖျက် ရေးဥပဒေနှင့်အညီ အစွန်းရောက်ဘင်္ဂါလီ ARSA အကြမ်းဖက်အဖွဲ့များကို ဖော်ထုတ်အရေးယူသင့်ပါ ကြောင်း နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလှထွန်းကျော်(မောင်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင် ပြည်နယ်၊ မောင်တောမဲဆန္ဒနယ်က ဦးလှထွန်းကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ဆွေးနွေး မယ့်အဆိုဟာ ပဋိပက္ခဖြစ်ပွားရာနေရာ မောင်တောဒေသ၊ လက်တွေ့ခံစားနေရတဲ့ဌာနေတိုင်းရင်းသား များရဲ့ ကျရောက်နေတဲ့အန္တရာယ်စက်ကွင်းကနေ ကာကွယ်ပေးနိုင်မယ့်အဆိုတစ်ခုဖြစ်တဲ့အတွက်

အဆိုတင်သွင်းပေးပါသောအဆိုရှင်အား မောင်တောမဲဆန္ဒနယ် ပြည်သူများကိုယ်စား အထူးကျေးဇူးတင်မိပါကြောင်း ပဏာမအနေနဲ့ပြောပါရစေ။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြခဲ့သလို ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားပြည်သူများရဲ့ဘဝလုံခြုံအေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထားဆောင်ရွက်ပေးရမယ့်ကိစ္စထဲမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ဟာ အရေးကြီးတဲ့အခန်းကဏ္ဍမှာရှိနေပါတယ်။ ပြည်ထောင်စုရဲ့ပြည်နယ်တစ်ခုဖြစ်တဲ့ ရခိုင်မြောက်ပိုင်းဒေသဟာ ဘင်္ဂါလီအစွန်းရောက် ARSA အကြမ်းဖက်သမားများ ၂၀၁၆-၂၀၁၇ မှာ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းအပါအဝင် ပြည်သူပေါင်း ၁၆၃ ဦး သေဆုံးခဲ့ရပြီးတော့ ၉၁ ဦးပျောက်ဆုံးခဲ့ကြောင်း အဆိုရှင်မှတ်တမ်းအရ သိရှိရသလို မြေပြင်မှာလည်း တကယ်ဖြစ်ပျက်ခဲ့တာမှန်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အသေးစိတ်ဖော်ပြချက်မှာပါခဲ့တဲ့အတိုင်း ဘင်္ဂါလီအကြမ်းဖက်သမားများဟာ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခဲ့မှုကြောင့် ကျွန်တော်တို့ မောင်တောဒေသတိုင်းရင်းသားများဟာ စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုတွေ၊ အသက်အိုးအိမ်စည်းစိမ်ထိခိုက်ပျက်စီးခံစားခဲ့ရတာဟာ ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ဖြစ်ပျက်ခဲ့တာမဟုတ်ပါဘူး။ လွတ်လပ်ရေးမရမီ ၁၉၄၂ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ အကြမ်းဖက်ဘင်္ဂါလီတွေဟာ မူဂျာဟစ်လိုတစ်မျိုး၊ အာခါမူဟာဒင်လိုတစ်မျိုး၊ ARSO လိုတစ်မျိုးနှင့် အမြင်အမျိုးမျိုးတိုက်ခိုက်မှု လူမျိုးရေး၊ ဘာသာရေးကြောင့်မဟုတ်ဘဲနဲ့ လူမျိုးအမည်သစ်ဖန်တီးပြီးတော့ အကြမ်းဖက်နည်းနဲ့ မြန်မာနိုင်ငံရဲ့နယ်နိမိတ် တစ်စိတ်တစ်ပိုင်းနယ်လုကျူးကျော်စစ်ပွဲအဖြစ် ပြည်ပ OIC တွေ၊ EU အပါအဝင် အပေါင်းအပါတွေက လူအား၊ ငွေအား၊ နည်းပညာအားမျိုးစုံနဲ့ဝင်ရောက်စွက်ဖက်ရန် ဖန်တီးနေခြင်းသာဖြစ်ကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ကဖော်ပြခဲ့တဲ့အခြေအနေအရပ်ရပ်တွေကြောင့် ကျွန်တော်တို့နိုင်ငံတော်ဟာ တိုင်းရင်းသားပြည်သူများရဲ့ဘဝလုံခြုံအေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထားဆောင်ရွက်နေတဲ့အချိန်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးပျက်ပြားပြီးတော့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လက်လွတ်ဆုံးရှုံးနိုင်မယ့် အခြေအနေရောက်နေတဲ့ ပြည်ထောင်စုထဲကပြည်နယ်တစ်ခုဖြစ်တဲ့ ရခိုင်မြောက်ပိုင်းဒေသ ဌာနေတိုင်းရင်းသားများရဲ့ဘဝအခြေအနေဟာ အနာဂတ်မရှိသလိုခံစားနေရပါတယ်။ ဒီလိုထိလွယ်ရှလွယ် အကဲစမ်းနေတဲ့ အခြေအနေတွေကြောင့် နိုင်ငံတော်အစိုးရအနေနဲ့လည်း ပြင်ပဖိအားမျိုးစုံကိုနည်းလမ်းမျိုးစုံနဲ့ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းနေတာကို တွေ့မြင်နေရပေမဲ့ ဌာနေတိုင်းရင်းသားများက ပဋိပက္ခကြောင့် စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ နက်ရှိုင်းစွာခံစားနေရမှုဖြည့်ဆည်းနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအပေါ်မှာ အားကိုးတကြီး၊ အများကြီးမျှော်လင့်ခဲ့ပါတယ်။ အထူးသဖြင့် ပဋိပက္ခကာလအတွင်းမှာ ထိခိုက်နစ်နာမှုအများဆုံးခံစားခဲ့ရတဲ့မောင်တောဒေသ၊ ကွန်တိုင်၊ ကိုင်းကြီး၊ မြို့တိုင်းရင်းသားများ ခမောင်းဆိပ်၊ ရေပေါ်ကျရွာ၊ အိုးထိန်းရွာ၊ ဟိန္ဒူလူမျိုးများ ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးခံခဲ့ရတဲ့ နံ့သာတောင်၊ ရခိုင်တိုင်းရင်းသားကျေးရွာများ နေအိမ်ပြန်လည်ထူထောင်ရေးကိစ္စ၊ နယ်စပ်ဒေသတစ်လျှောက်မှာ ဖြစ်စဉ်ကာလကပိတ်မိပြီးတော့ တောတောင်ထဲမှာလနဲ့ချီပြီး ပုန်းအောင်းအသက်ရှင်ရပ်တည်နေခဲ့ကြတဲ့ တိုင်းရင်းသား

များအတွက် အခိကအခြေခံစားသောက်ကုန်ဝယ်နိုင်မယ့်ဈေးတွေ၊ ဆိုင်တွေမရှိတော့တာကြောင့် မိုင်ပေါင်း ၃၀၊ ၄၀ ကျော်ဝေးလံတဲ့ မြို့ပေါ်ဈေးကို စွန့်စားဝယ်ယူစားသောက်နေရတဲ့ ဘဝအခြေအနေကို ဒေသအာဏာပိုင်များက ပံ့ပိုးကူညီမှုမရှိဘဲနဲ့ လျစ်လျူရှုခံထားနေရတာတွေဟာ ပကတိလက်တွေ့ဘဝအခြေအနေတစ်ခုဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအနေဖြင့် ပြည်ပဖိအားကို ဖြေလျှော့နိုင်ရေးအတွက် နိုင်ငံသားမဟုတ်တဲ့ ဘင်္ဂါလီတွေကိုသာ ပြန်လည်လက်ခံရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်နေပြီး ဌာနေတိုင်းရင်းသားများအပေါ် အစိုးရအနေဖြင့် မိဘသဖွယ်နွေးထွေးမှုမပေးနိုင်တာကြောင့် ထွက်ပြေးသူများ ပြန်လည်ဝင်ရောက်လာရင် အကြမ်းဖက်မှုပြန်လည်ပေါ်ပေါက်လာမှာကို စိုးရိမ်စိတ်ဖြင့် နေရပ်စွန့်ခွာမှုဟာ တစ်နေ့တခြားတိုးပွားလာပြီးတော့ နယ်စပ်ဒေသတစ်လျှောက် တိုင်းရင်းသားကျေးရွာသူရွာသားများဟာ ယခင်ကထက် ၅၀ ရာခိုင်နှုန်းကျော်ရှုံးနိမ့်လာတာကို တွေ့မြင်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာတည်ရှိရာ ရခိုင်မြောက်ပိုင်းဒေသတိုင်းရင်းသားများတည်တံ့ခိုင်မြဲအောင် ပြန်လည်တည်ရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေနဲ့ စီမံချက်တစ်ရပ်သီးသန့်ရေးဆွဲပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုပါတယ်။ ဒီလိုဆောင်ရွက်ပေးရင်းနဲ့လည်း အဆိုရှင်တင်ပြထားသလို အကြမ်းဖက်မှုထပ်မံမဖြစ်ပေါ်စေရန် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အောက်ပါအချက်တွေကို ထည့်သွင်းစီစဉ်စီမံဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ နံပါတ်(၁) မောင်တောဒေသလုံခြုံရေးတာဝန်ကျနေတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့တွေဟာ လူဝင်မှုစစ်ဆေးရေးနှင့် ပြစ်မှုဆိုင်ရာဥပဒေအရ ကိစ္စရပ်ကိုသာ အလေးထားတာဝန်ယူနေကြသူတွေဖြစ်တဲ့အတွက် အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်ရာမှာ အားနည်းချက်တွေအများကြီးရှိပါတယ်။ ဒါကြောင့် အကြမ်းဖက်နှိမ်နင်းနိုင်ရေးကို စနစ်တကျအထူးလေ့ကျင့်ထားတဲ့ တပ်ဖွဲ့တစ်ဖွဲ့အဖြစ် ပြည်တွင်းပြည်ပပညာရှင်များအကူအညီကို ရယူပြီးတော့ လေ့ကျင့်ဖွဲ့စည်းတာဝန်ပေးအပ်ရန်လိုအပ်ကြောင်း အကြံပြုလိုပါတယ်။ ဒုတိယအချက်အနေနဲ့ တည်ဆဲအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အကြမ်းဖက်မှုဖြစ်စဉ် ကြိုတင်ကာကွယ်မှုနည်းပညာတွေကို။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မ ဒေါ်ခင်စောဝေပါ။ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်ရှင့်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေး တင်သွင်းတဲ့အဆိုဟာ အုပ်ချုပ်ရေး၊ စစ်ရေးအတွေ့အကြုံရှိသူတစ်ဦးရဲ့ ဝေဖန်ထောက်ပြချက်ဖြစ်တဲ့အတွက်ရော၊ အချိန်သင့်အခါသင့်လိုအပ်နေတဲ့အဆိုတစ်ခုဖြစ်တဲ့အတွက်ပါ။ ကျွန်မအနေနဲ့ ဒီအဆိုကို အလေးအနက်ထောက်ခံအပ်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ၁၉၄၂ ခုနှစ်ကစပြီး ရခိုင်လူမျိုးတွေကို လူမျိုးတုံးသတ်ဖြတ်ခံခဲ့ရခြင်းနှင့်အတူ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်နယ်မြေတွေဟာ အကြမ်းဖက်ခံရမှုတွေကြောင့် တဖြည်းဖြည်းနဲ့ နယ်မြေရော၊ လူဦးရေပါ

တစ်နေ့ထက်တစ်နေ့ ကျုံ့ဝင်ပျောက်ကွယ်နေရတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ARSA အကြမ်းဖက်အဖွဲ့ဟာ ဘာသာရေး၊ လူမျိုးရေးအရ အကြံအစည်ရှိရှိ လူဦးရေအားသာချက်ရှိစေဖို့ ဖန်တီးထားပြီးတော့ ဒေသခံတွေကို နည်းမျိုးစုံသုံးပြီး ခြိမ်းခြောက်ကာ နေရပ်စွန့်ခွာသွားစေဖို့ ဖိအား ပေးနေခဲ့တာ နှစ်ပေါင်းကြာခဲ့ပါပြီရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ နံနက် ၁ နာရီခန့်က မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များမှာရှိတဲ့ နယ်ခြားစောင့်တပ် ဌာနချုပ်အပါအဝင် ကင်းစခန်း သုံးခုကို တစ်ပြိုင်နက်တည်းဝင်ရောက်တိုက်ခိုက်ခဲ့တာတွေ၊ တစ်ဖန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ ညသန်းခေါင်မှာ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တွေမှာရှိတဲ့ ရဲကင်း ၃၀ ကို ဝင်ရောက်တိုက်ခိုက်အကြမ်းဖက်ခဲ့ကြတာတွေဟာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီဖြစ်စဉ်ရဲ့ ရက်စက်စွာအကြမ်းဖက်မှုများကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိပြီးဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ အသေးစိတ်မပြောလိုတော့ပါဘူး။ ပထမအကြိမ် တိုက်ခိုက်ခံရပြီး နောက်ထပ်တစ်ကြိမ် ထပ်မံအကြမ်း ဖက်တိုက်ခိုက်မှုကို ခံခဲ့ရခြင်းဟာ အကြမ်းဖက်ပြဿနာဖြစ်စဉ်ကတည်းက အမြစ်ပြတ်အောင် အရေးယူဆောင်ရွက်နေခဲ့ခြင်းမရှိလို့ပဲ ဖြစ်ပါတယ်။ အကြမ်းဖက်ပြဿနာများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်လေကောင်းလေပါပဲ။ အချိန်ကြာလာတာနှင့်အမျှ ပြဿနာပဋိပက္ခများ ပိုမိုကြီးထွားလာစေ နိုင်တယ်ဆိုတာ ဖြစ်ခဲ့တဲ့ဖြစ်စဉ်များက မီးမောင်းထိုးပြနေပါတယ်ရှင်။ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတကာအဖွဲ့အစည်းများက ကူညီထောက်ပံ့ပေးနေသလိုလိုနဲ့ လူ့အခွင့်အရေးကိုဗန်းပြကာ မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုတွေရှိနေကြပါတယ်။ အကြမ်းဖက်အဖွဲ့အစည်း တွေ လှုပ်ရှားနိုင်စေရန်အတွက် အကူအညီအထောက်အပံ့ပေးမှုများဟာလည်း အကြမ်းဖက်မှုတွေကို လည်း အထောက်အကူပြုစေပါတယ်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရ နိုင်ငံအသီးသီးဟာ မိမိတို့ရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် တစ်နိုင်ငံက တစ်နိုင်ငံကို အပြန်အလှန်လေးစားကြရန်နှင့် တစ်နိုင်ငံ၏ပြည်တွင်းရေးကို အခြားတစ်နိုင်ငံမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်အောင်လည်း ပြဋ္ဌာန်း ထားရှိပါတယ်ရှင်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ အဆိုမှာတင်ပြထားတဲ့အတိုင်း လုံလောက်တဲ့ကာကွယ်မှု ပြုလုပ်ပေးရန်အတွက် လိုအပ်ချက်အချို့ကို တင်ပြဆွေးနွေးလိုပါတယ်။ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တွေမှာ လုံခြုံရေးအင်အား အလုံအလောက်ချထားပေးရန် လိုအပ်ပါတယ်။ အထူးသဖြင့် ပင်လယ်ကမ်းစပ်များမှာ ရေတပ်များကို ချထားပေးသင့်ပါတယ်ရှင့်။ ဒေသခံပြည်သူတွေ ဟာ မိမိကိုယ်ကိုမိမိ ကာကွယ်ရန်အတွက် ကျေးရွာတွေမှာ ပြည်သူ့စစ်တွေဖွဲ့စည်းပြီးတော့ လက်နက် တပ်ဆင်ပေးဖို့လည်း လိုအပ်နေပါတယ်ရှင့်။ ရခိုင်ပြည်နယ်ရဲ့ နယ်နိမိတ်မဆုံးရှုံးစေရန်အတွက် ရခိုင်နှင့် ရခိုင်လူမျိုးစုများကို စုစည်းပြီးတော့ ရခိုင်တိုင်းရင်းသားကျေးရွာအဖြစ် တိုးချဲ့ကာ နိုင်ငံတော် အစိုးရမှ ဦးစီးဦးဆောင်ပြုပြီး စနစ်တကျတည်ဆောက်ပေးရန်လည်း လိုအပ်နေပါတယ်ရှင့်။ ပြည်တွင်း ရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း လိုအပ်သလို ကြပ်မတ် ထိန်းကျောင်းပေးရန်လည်း လိုအပ်ပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား

ဥပဒေအရ ထိရောက်သောစစ်ဆေးပေးရေးကို အမြန်ဆုံးအကောင်အထည်ဖော်ပေးနိုင်ရန် လိုအပ်နေတယ်လို့ ကျွန်မ တင်ပြလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံအစိုးရက ၂၀၁၄ ခုနှစ်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကိုပြဋ္ဌာန်းပြီး ဗဟိုအဖွဲ့အစည်းကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဗဟိုအဖွဲ့၏ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ထို့အတူ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းပြီးတော့ မူဝါဒများ၊ လမ်းညွှန်ချက်နှင့် စီမံချက်များ ချမှတ်ပြီး ARSA အဖွဲ့ကိုလည်း အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အဓိကလိုအပ်ချက်မှာတော့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို တိကျလိုက်နာအကောင်အထည်ဖော်ဖို့ပဲ လိုအပ်ပါတယ်ရှင့်။ သို့ဖြစ်တဲ့အတွက် ဖြစ်ပေါ်ခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွေကို အကြမ်းဖက်ဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးတော့ ထိရောက်စွာကာကွယ်နိုင်ရန် ပြည်သူလူထု၊ အစိုးရနှင့် တပ်မတော် ကြည်ဖြူစွာလက်တွဲဆောင်ရွက်သွားသင့်ပါကြောင်း ပြောကြားရင်းနဲ့ အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမယ့် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုမှာ အဓိကအားဖြင့် ARSA အကြမ်းဖက်မှုအပေါ် ထိရောက်စွာဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့်အကာအကွယ်များ ပြုလုပ်ပေးပါရန်လို့ ပါရှိပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ သတင်းထုတ်ပြန်ချက် (၃/၂၀၁၈)မှာ ဤလွှတ်လပ်သောကော်မရှင်သည် ARSA အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်မှု၊ တိုက်ခိုက်မှုပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ယင်းနှင့်ဆက်နွှယ်သည့်ကိစ္စရပ်များကို စုံစမ်းစစ်ဆေးမည့်ဟာ ပါရှိမှုသည် အကြမ်းဖက်မှုကို စတင်မီးမွှေးခဲ့သည့် ARSA အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်မှုကို ပြည်ဖုံးကားချထားသလိုဖြစ်နေပြီး ထိုအကြမ်းဖက်အဖွဲ့ကို တွန်းလှန်သူနှင့် နယ်မြေအေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ဆောင်ရွက်နေသူများကိုသာ စုံစမ်းစစ်ဆေးမည်ဟု သဘောရပါတယ်။ အထက်ဖော်ပြပါထုတ်ပြန်ချက်ကြောင့် (၁) ARSA အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် ငါတို့ကိုတော့ နိုင်ငံတကာကရော မြန်မာကပါ မစစ်ဆေးဘူး။ ငါတို့ကိုပြန်တိုက်တဲ့မြန်မာတွေကိုသာ စစ်ဆေးခံရမည်ဟု အထင်ရောက်သွားနိုင်ခြင်း၊ ယနေ့ အစိုးရရဲ့ ရှေ့တန်းကဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ကို သက်စွန့်ဆံဖျားထမ်းရွက်နေသူများအနေဖြင့် စိတ်ဓာတ်ပျက်ပြားပြီး ကာကွယ်ရေးစွမ်းအားများ လျော့နည်းနိုင်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါတယ်လို့ မြင်မိပါတယ်။

ဒုတိယအချက်အနေဖြင့် နိုင်ငံတကာ မီဒီယာလော်ဘီများ၏ ဆောင်ရွက်မှုကြောင့် ARSA အကြမ်းဖက်အဖွဲ့က လူ့အခွင့်အရေးမရှိဟု အမြင်များ ကမ္ဘာမှာလွှမ်းမိုးနေပြီး ပြည်တွင်းက လုံခြုံရေးတာဝန်ထမ်းဆောင်ရင်း သေးငယ်သည့်မတော်တဆဖြစ်မှုကို လူ့အခွင့်အရေးချိုးဖောက်ဟု ပုံကြီးချဲ့မှု

များပေါ်ပေါက်နေပါပြီ။ သို့ပါ၍ မြန်မာ့လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ယခုကိစ္စကို နှုတ်ဆိတ်မနေနှင့်ဘဲ နှစ်ဖက်လူ့အခွင့်အရေးချိုးဖောက်မှုကို မျှမျှတတဖော်ထုတ်ပေးရင်း အကြမ်းဖက်မှုကို အကာအကွယ်ပေးပါရန် တိုက်တွန်းအပ်ပါတယ်။ တတိယအချက်အနေနဲ့။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမောင်သင်းခင်ဗျား။ ဆွေးနွေးပြီးပြတ်တဲ့ကိစ္စတစ်ရပ်ကို ထပ်မံဆွေးနွေးဖို့ မလိုပါဘူး။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သတိပေးပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ တတိယအချက်အနေနဲ့ ကျွန်တော်တို့နိုင်ငံကို R 2 P ကြောင့် UN တပ်တွေလာတော့မယ်။ ICC ခုံရုံးတင်ခံရတော့မယ်ဆိုတဲ့ ကောလာဟလတွေ၊ UNSC အဖွဲ့တွေလာပြီး ရာဇသံပေးခံရတာတွေ ကြုံနေတာ အားလုံးအသိပါ။ တကယ်တော့ ARSA အဖွဲ့က လက်နက်နဲ့ တိုက်ခိုက်အကြမ်းဖက်တယ်။ သူတို့ကို အားပေးတဲ့အဖွဲ့တွေက ကျည်မဖောက်တဲ့ မီဒီယာလက်နက်မျိုးစုံနဲ့ ကျွန်တော်တို့နိုင်ငံကို တိုက်ခိုက်နေတာကြောင့် UN ကပင် ကျွန်တော်တို့ကို တရားခံဟုမြင်ပြီး ကျွန်တော်တို့နိုင်ငံအတွက် ဖိအားပေးတဲ့ ဟိုထုတ်ပြန်ချက်၊ ဒီထုတ်ပြန်ချက်တွေ ထုတ်ပြန်နေပါတယ်။ ဒါဟာ တကယ် Focal Person ဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မီဒီယာလက်နက်မျိုးစုံဖြင့် ကမ္ဘာကိုထိုးဖောက်ပြီး နိုင်ငံကိုကာကွယ်ရမယ်ဆိုတဲ့အလုပ်ကို ဆောင်ရွက်ရာမှာ အင်မတန်အားနည်းတဲ့အတွက်ကြောင့်လို့ မြင်မိပါတယ်။ UN အမြဲတမ်းကိုယ်စားလှယ်နှင့် IPU မှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးတို့က သွားရောက်ရှင်းလင်းပြောကြားရုံနှင့် မလုံလောက်တော့ဘူးဆိုတာကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတိပြုရန် လိုနေပါပြီ။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဖြစ်မျိုး ကျွန်တော်တို့နိုင်ငံကို အင်္ဂလိပ်တွေမသိမ်းပိုက်မီ ၁၈၇၉ ခုနှစ်၊ ၁၉၈၀ ခုနှစ်များတွင် New York Time သတင်းစာတွင် မဟုတ်မမှန်သတင်းများ အကြိမ်ကြိမ်ရေးသားကာ မြန်မာနိုင်ငံကိုသိမ်းပိုက်မှုအား တရားဝင်အောင်၊ အများလက်ခံအောင် နည်းမျိုးစုံဖြင့် ဝါဒဖြန့်ရေးသားခဲ့တဲ့မှတ်တမ်းများရှိခဲ့ပါတယ်။ ယနေ့မှာ အဲဒီပုံစံများဖြင့် ရခိုင်ဒေသကို ကျူးကျော်ရန် ARSA နှင့် သူတို့နောက်ကွယ်က လက်မည်းကြီးများက ဆောင်ရွက်နေပါပြီ။ ကျွန်တော်တို့နိုင်ငံကို မီဒီယာမျိုးစုံဖြင့် တိုက်ခိုက်လာမှုကို ရှေ့တန်းက စွမ်းစွမ်းတမံကာကွယ်ရန် လိုအပ်တဲ့အချိန်မှာ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စူးရှတဲ့လုံခြုံရေးအမြင်ဖြင့် သူများတကာက မီဒီယာလက်နက်မျိုးစုံဖြင့် တိုက်ခိုက်လာမှုကို ကျွန်တော်တို့က ပြန်လည်တိုက်ခိုက်ပြီး နိုင်ငံကို ကာကွယ်ပေးရပါမယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထအချက်အနေဖြင့် အမေရိကန်မှာ 911 တိုက်ခိုက်မှုအပြီးမှာ ပြည်တွင်းလုံခြုံရေးကို ပိုမိုဆောင်ရွက်ရန် Home Land Security ဆိုတဲ့ ဝန်ကြီးဌာနအသစ်တစ်ခုကို ဖွဲ့စည်းခဲ့ပါတယ်။ အခု ကျွန်တော်တို့ဆီမှာတော့ ပြောင်းပြန်ပါ။ မလုံခြုံတဲ့ အခြေအနေမှာ ဧည့်စာရင်းတိုင်ကြားမှုတွေ၊ နောက်ယောင်ခံလိုက်မှုတွေကို ဥပဒေမှာ ပယ်ဖျက်ခဲ့တယ်။ တွေ့ရှိရပါတယ်။ မြန်မာ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေမှာ နတ်မျက်စိမရှိပါဘူး။ ဒါကြောင့် သံသယရှိရင်၊

သတင်းရှိရင် စစ်ဆေးခွင့်လိုပါတယ်။ ဒါပေမဲ့ ယခုအခါမှာ သံသယရှိတဲ့ရဲက နောက်ယောင်ခံလိုက်ရင် ရဲကိုတရားစွဲလို့ရတယ်ဆိုတတော့ ဘယ်ပြည်သူ့ရဲကမှ ထောင်ကျခံ၊ အပင်ပန်းခံပြီး လုံခြုံမှုရှိအောင် ဆောင်ရွက်မှာမဟုတ်ပါဘူး။ ယနေ့အချိန်မှာ လိုတဲ့ဥပဒေတွေကို ပယ်ဖျက်လိုက်တာဟာ Law Enforcement ကို ယိုင်လဲစေပြီး Rule of Law ကို ပျက်ပြားစေတယ်လို့ မြင်မိပါတယ်။

ပဉ္စမအချက်အနေဖြင့် တပ်မတော်အစိုးရလက်ထက်မှာ နယ်စပ်ကွပ်ကဲရေးဌာနချုပ်တွေ ဖွဲ့စည်းခဲ့တဲ့အချိန်မှာ စာရင်းဇယားတိတိကျကျနဲ့ ထိန်းချုပ်ထားတာကြောင့် ယခုလို အကြမ်းဖက်တိုက်ခိုက်မှုမျိုး မဝင်ခဲ့ပါဘူး။ အခုအချိန်မှာတော့ ဘင်္ဂါလီရွာတွေကိုအုပ်ချုပ်တဲ့အဖွဲ့တွေက အလွယ်တကူ ဝင်လို့မရပါဘူး။ ဒီအခြေအနေမျိုး တစ်နေ့က ၁၁ ရက်နေ့မှာပဲ ကြုံတွေ့ခဲ့ရပါသေးတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံရဲ့လက်နက်ကိုင်ကာကွယ်ရေးသမားများနည်းတူ နည်းပညာဖြင့် မိမိနိုင်ငံကိုကာကွယ်ရန် လိုအပ်ပါကြောင်းနှင့် နောက်ဆုံးမှာတော့ ရခိုင်ဒေသမှာ နစကကိုပြန်လည်နိုးထလာအောင် အားပေးသင့်တယ်လို့ မြင်မိပါကြောင်း တိုက်တွန်းရင်း အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတိုးလွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးတိုးလွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတိုးလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးတင်သွင်းတဲ့အဆိုအား အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၃)နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ထိုဥပဒေပုဒ်မ ၂ အရ အကြမ်းဖက်မှုကျူးလွန်သူ၊ ကျူးလွန်ရန်အားထုတ်သူ၊ အားပေးကူညီသူ၊ လှုံ့ဆော်သူ သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်သူများအပေါ် စီရင်ပိုင်ခွင့်ရှိစေရမည်ဟု တင်ပြပါ အတိုင်းပါရှိပါတယ်။ ဒါ့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုမှ ARSA အစွန်းရောက်ဘင်္ဂါလီအဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ်ကြေညာပြီးလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် မိမိတို့နိုင်ငံအနေနဲ့ အကြမ်းဖက်သမားများအပေါ် အရေးယူစီရင်ပိုင်ခွင့်ရှိရမှာဖြစ်ပါတယ်။ ဥပဒေရဲ့ပုဒ်မ ၂ ပုဒ်မခွဲ(က)မှာ မည်သူမဆိုနိုင်ငံတော်အတွင်း ကျူးလွန်သည့်အကြမ်းဖက်မှု ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)မှာ အများပြည်သူရဲ့ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ ထိခိုက်ဆုံးရှုံးစေရန်ထိခိုက်မှုများ၊ ငွေကြေးထောက်ပံ့မှုများအပေါ် မိမိတို့နိုင်ငံအနေနဲ့ စီရင်ပိုင်ခွင့်ရှိရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါစာချုပ် Convention စာလွှာများမှာ မိမိနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်တဲ့အတွက် အကြမ်းဖက်အဖွဲ့များ၊ အကြမ်းဖက်သမားများ၊ ယင်းတို့ကို ကူညီအားပေးသူများ၊ ဆက်နွယ်နေသူများ၊ နည်းပညာနှင့်ငွေကြေးအပါအဝင် အခြားထောက်ပံ့ပေးနေသူများ၊ အခြေကျ

လက်ခံခွင့်ပေးထားသူများအပေါ် ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ကို မိမိတို့နိုင်ငံအနေနဲ့ ရရှိပြီးဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ဖျက်ရေးဆိုင်ရာ ASEAN Convention၊ Article-1၊ Article-2၊ Article-3 တို့မှာ တင်ပြပါအတိုင်းဖော်ပြထားရာ မိမိတို့နိုင်ငံအနေဖြင့် အကြမ်းဖက်မှုများ နှိမ်နင်းရာမှာ အာဆီယံဒေသအတွင်း မိတ်ဆွေအသိုင်းအဝိုင်းနိုင်ငံများရဲ့ ပူးပေါင်းပါဝင်မှုအားကို ရယူရမှာဖြစ်ပါတယ်။ အကြမ်းဖက်မှုများနှင့် အားပေးကူညီမှုများကို မြန်မြန်နှိမ်နင်းဆောင်ရွက်ရာမှာ မိမိတို့နိုင်ငံအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်တဲ့အားသာချက်များလည်း ရရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းနှင့် မြန်မာနိုင်ငံရဲ့ပထဝီနိုင်ငံရေးအရ အရေးပါမှုကို ချိန်ထိုးလေ့လာကြည့်မယ်ဆိုရင် အကြမ်းဖက်မှုများ၊ ဒေသတွင်းမတည်ငြိမ်မှုများ ဖြစ်စေရန်အတွက် နောက်ကွယ်မှ အင်အားကြီးနိုင်ငံအချို့ရဲ့ အကွက်ကျကျဖန်တီးပံ့ပိုးမှုများကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဟာ ဒုတိယကမ္ဘာစစ်ကာလအတွင်းက ဂျပန်တို့ တရုတ်ကို ဝိုင်းပတ်ပိတ်ဆို့ဖို့အတွက် မြန်မာနိုင်ငံကိုပစ်မှတ်ထားဝင်ရောက်ခဲ့တဲ့ပုံစံမျိုးဖြစ်ပါတယ်။ ခေတ်သစ်စစ်ပွဲများ ဆင်နွှဲရာမှာတော့ တပ်အင်အားများကို တိုက်ရိုက်အသုံးမပြုတော့ဘဲ ပြည်တွင်းအကြပ်အတည်းတွေ့စေရန်၊ ပြိုကွဲစေရန်၊ ဦးတည်ကာ ဘက်စုံစစ်ပွဲအသွင် ဆင်နွှဲလာတာဖြစ်ပါတယ်။ ဒီအခြေအနေကို နားမလည်သူ ပြည်တွင်းမှ လူပုဂ္ဂိုလ်အချို့ကလည်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေသူများကို အင်အားချိနဲ့စေရန် အချိန်ကိုက်လက်ဝါးရိုက်ကာ နည်းမျိုးစုံနှင့် ဝေဖန်ခြင်း၊ မမှန်သတင်းလွှင့်ခြင်း၊ ဆန္ဒပြခြင်းတို့ဆောင်ရွက်လှုပ်ရှားနေကြတာ တွေ့မြင်နိုင်ပါတယ်။ အထက်မှာတင်ပြခဲ့တဲ့အချက်တွေအရ ဒီလိုလုပ်ဆောင်ချက်တွေက လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုအရေးတို့ကို ခေါင်းစဉ်တပ်ကာ အကြမ်းဖက်သမားများကို အားပေးကူညီရာရောက်နေပါတယ်။ ARSA အဖွဲ့ရဲ့လုပ်ဆောင်မှု၊ သတင်းထုတ်ပြန်တင်ပြမှု၊ မီဒီယာအားကို ထိရောက်အောင်အသုံးချနိုင်မှုသည် အကြမ်းဖက်တိုက်ခိုက်မှုများကို စနစ်တကျဆောင်ရွက်ပြီး နိုင်ငံတကာကိုပင် လူ့အခွင့်အရေးမျက်နှာဖုံးတပ်ပေးနိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့တာတွေ့ရပါတယ်။ ဒီလိုကျယ်ပြန့်လှတဲ့ဆောင်ရွက်ချက်တွေနောက်မှာ လူပုဂ္ဂိုလ်အသီးသီး၊ အဖွဲ့အသီးသီးရဲ့ နည်းပညာ၊ ငွေကြေး၊ အကြံဉာဏ်အစရှိတဲ့ အကူအညီများရှိနေမှာဖြစ်ပါတယ်။ ဒီလို ပြည်တွင်းပြည်ပမှ အကြမ်းဖက်အားပေးသူများကိုလည်း အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့များအဖြစ်သတ်မှတ်ကာ ဥပဒေနှင့်အညီ နိုင်ငံတကာနှင့်ပူးပေါင်းကာ အရေးယူနှိမ်နင်းမှုများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

သို့သော်လည်း မိမိတို့မြန်မာနိုင်ငံအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများကို နိုင်ငံတကာအသိုင်းအဝိုင်းက မသိကျိုးကျွန်ပြုပြီး အကြမ်းဖက်သမားများ၊ အကြမ်းဖက်အားပေးသူများ၊ ကူညီသူများနှင့် ၎င်းတို့ရဲ့ကွန်ရက်များကို ယခုအချိန်အထိ အရေးယူဆောင်ရွက်တာမရှိသေးတာကို တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေများနှင့် ကွန်ဂရက်များကို ထိရောက်စွာအသုံးပြုပြီး အရှိန်အဟုန်မြင့်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း တိုက်တွန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာအသိုင်းအဝိုင်း၌လည်း လူ့အခွင့်အရေးနှင့်လူသားချင်းစာနာမှုဆိုင်ရာ တစ်ခုတည်းကိုသာကြည့်ပြီး မိမိတို့နိုင်ငံအပေါ်ဖိအားများ ဆက်တိုက်ဆောင်ရွက်နေခြင်းထက် ARSA အစွန်းရောက်ဘင်္ဂါလီအဖွဲ့ဝင်ပါဝင်သူများ၊ ဆက်နွှယ်နေသူများ၊ အားပေးကူညီသူများ၊ ငွေကြေး

ထောက်ပံ့သူများကို ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်မှသာ ပြဿနာရဲ့အရင်းအမြစ်များကို သိရှိပြီး ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒေသတွင်းနိုင်ငံများရဲ့ လုံခြုံရေးကို ခြိမ်းခြောက်နိုင်တဲ့ အကြမ်းဖက်တိုက်ခိုက်မှုများကိုလည်း ရပ်တန့်စေနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ARSA အဖွဲ့နှင့် နိုင်ငံတကာအကြမ်းဖက်အဖွဲ့များရဲ့ ချိတ်ဆက်မှုနှင့် ကွန်ရက်များကိုပါ ဖော်ထုတ်အရေးယူရမှာဖြစ်ပါတယ်။ ARSA အဖွဲ့နှင့်ဆက်စပ်သူ၊ ကျူးလွန်သူ၊ အားပေးကူညီသူ၊ ငွေကြေးထောက်ပံ့သူများကို ဖော်ထုတ်အတည်ပြုနိုင်မည်ဆိုပါက ယနေ့ နေရပ်စွန့်ခွာသွားသူများဟာ အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေးကြောင့် တစ်ခုတည်းမဟုတ်ဘဲ အစွန်းရောက်များရဲ့ခြိမ်းခြောက်မှုနှင့် ယင်းတို့ရဲ့မိသားစုဝင်အချို့ဟာ ကိုယ်တိုင်အကြမ်းဖက်မှုတွင် ပါဝင်ခဲ့မှုကြောင့် တည်ဆဲဥပဒေများနှင့်ဆန့်ကျင်နေပြီး အရေးယူခံရမှာကို စိုးရိမ်ကာ လူသားချင်းစာနာထောက်ထားမှုခေါင်းစဉ်အောက်မှ အခြားတတိယနိုင်ငံတစ်နိုင်ငံကို သွားရောက်လိုတဲ့ မျှော်လင့်ချက်ရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်းသုံးသပ်ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ဒေသဖြစ်စဉ်များမှာ ဘာဖြစ်လို့ပိုမိုဆိုးရွားလာလည်းဆိုရင် အထက်မှာတင်ပြခဲ့တဲ့အတိုင်း အကြမ်းဖက်လုပ်ရပ်များကြောင့်ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူများရဲ့ စုပေါင်းအင်အားဖြင့် အကြမ်းဖက်မှုများကို တိုက်ဖျက်သွားရမှာဖြစ်ပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ၊ ဒေသတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေများ၊ Convention နှင့်အညီ ပြတ်ပြတ်သားသားတုံ့ပြန်သွားရမှာဖြစ်ကြောင်း တင်ပြရင်း ဦးသောင်းအေး၏အဆိုအပေါ် မှာ အကြံပြု ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးရဲမင်းဦး က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးရဲမင်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးရဲမင်းဦး ဖြစ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးတင်သွင်းတဲ့ အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများမှာ ARSA အကြမ်းဖက်အဖွဲ့က ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့တဲ့အတွက် နိုင်ငံသားနှင့် အမျိုးသားလုံခြုံရေးချိုးဖောက်ခံခဲ့ရပြီး အဲဒီဖြစ်စဉ်တွေပေါ်မှာ တိကျမှန်ကန်မှုမရှိတဲ့ သတင်းများနှင့် အချက်အလက်တွေကို ကိုးကားပြီးတော့ UN အပါအဝင် နိုင်ငံတချို့၊ အဖွဲ့အစည်း တချို့နှင့် မီဒီယာတချို့က ဘင်္ဂါလီအကြမ်းဖက်တို့ဘက်ကရပ်တည်ကာ ဘက်ပေါင်းစုံမှ ဖိအားပေး ဆောင်ရွက်လာကြတဲ့အတွက် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကိုပါ ထိပါးခြိမ်းခြောက်ခံရတဲ့ အနေအထားရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီအခြေအနေတွေကို ကျယ်ပြန့်မှန်ကန်စွာဖြင့် စနစ်တကျ တုံ့ပြန်နိုင်ရန် အကြမ်းဖက်ခံရတဲ့ဒေသများမှာ တည်ငြိမ်အေးချမ်းမှုရရှိစေရန်၊ တရားဥပဒေစိုးမိုးမှု ပြန်လည်ရရှိစေရန်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရန်နှင့် အကြမ်းဖက်တိုက်ခိုက်မှုများကို ထပ်မံ မဖြစ်ပေါ်စေရန် အထူးလိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်လုံခြုံရေး(State Security)၊ ပြည်တွင်းလုံခြုံရေး(Public Security)နဲ့ နိုင်ငံသားတစ်ဦးချင်းစီရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံ

ရေး(Individual Security)တို့ကို အာမခံတဲ့ တိုင်းပြည်၏အမျိုးသားရေးဝိသေသလက္ခဏာတွေကို ထိန်းသိမ်းကာကွယ်ဖို့အတွက် အာမခံပေးတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အာမခံတဲ့ အမျိုးသားလုံခြုံရေးမဟာဗျူဟာ (National Security Strategy)တစ်ရပ် အရေးကြီးလိုအပ်နေပြီ ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီမဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ရရှိလာမယ့် အဓိကအရေးပါတဲ့ အာမခံချက်တွေကတော့ အစိုးရ၏အုပ်ချုပ်ရေးယန္တရားကို ထိရောက်ကောင်းမွန် စေရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီစံနှုန်းများခိုင်မာအားကောင်းစေရေး၊ လွတ်လပ်သောတရား စီရင်မှုစနစ်ဖြစ်ပေါ်ရေး၊ တပ်မတော်၏စွမ်းရည်ကို မြှင့်တင်နိုင်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုး ရေးဆိုင်ရာအဖွဲ့အစည်းများ အားကောင်းလာစေရေး၊ နိုင်ငံတကာအသိုင်းအဝိုင်းများနှင့် ဆက်ဆံတဲ့ အခါမှာ ထိရောက်တဲ့နိုင်ငံခြားရေးမူဝါဒရှိခြင်းနှင့် လူမှုစီးပွားဘဝအတွက် အလုံးစုံလွှမ်းခြုံနိုင်သော အာမခံချက်များပါဝင်စေရေးတို့ဖြစ်ပါတယ်။ ဒီနေရာမှာ ထိရောက်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှု စနစ် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အရည်အသွေးပြည့်ဝသော လူမှုစီးပွားဘဝများရရှိစေဖို့ တပ်မတော်ကို စွမ်းရည်ပြည့်ဝတဲ့ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်စေရန် တည်ဆောက်မှုစတဲ့ အချက် တွေပါဝင်တဲ့ ပြည်တွင်းလုံခြုံရေးမဟာဗျူဟာနှင့် နိုင်ငံတကာနှင့် ဒေသတွင်းအဆင့်လုံခြုံရေးတွေကို ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ ပြည်ပလုံခြုံရေးမဟာဗျူဟာ စတဲ့ အပိုင်းနှစ်ပိုင်းဟာ (National Security Strategy)မှာပါဝင်ရမယ့် အစိတ်အပိုင်းတွေပဲဖြစ်ပါတယ်။ ဒီမဟာဗျူဟာတွေကို ကျင့်သုံး ဆောင်ရွက်ရာမှာလည်း အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြည်တွင်း မှရနိုင်သမျှသောစွမ်းအားစုများကို အပြည့်အဝအသုံးချခြင်း၊ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိတဲ့ လုံခြုံရေးမဟာဗျူဟာများကို လေ့လာသုံးသပ်ဆောင်ရွက်ခြင်းတို့ လိုအပ်လာမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများကို အကြမ်းဖက်တိုက်ခိုက်ရမှုအပေါ် လုံခြုံရေးမဟာ ဗျူဟာတစ်ရပ်ချမှတ်ဆောင်ရွက်မယ်ဆိုရင် အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူတွေအတွက် အမျိုးသားလုံခြုံ ရေးမဟာဗျူဟာမှာ ပါဝင်တဲ့နည်းနာတွေဟာ ဆောင်ရွက်ရမယ့် လမ်းညွှန်များဖြစ်လာမှာဖြစ်ပါတယ်။ လုံခြုံရေးမဟာဗျူဟာတစ်ရပ်ရေးဆွဲမှု ထိုမဟာဗျူဟာပါအစီအစဉ်များကို အကောင်အထည်ဖော်မှု၊ ပြန်လည်သုံးသပ်မှု၊ အစီအစဉ်များ ထပ်မံရေးဆွဲရန်လိုအပ်မှုတို့နှင့်ပတ်သက်လို့ Slide မှာ တင်ပြထား ပါတယ်။ နိုင်ငံတော်ရဲ့ကဏ္ဍအသီးသီးက အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလုံခြုံရေးအတွက် လုပ်ဆောင်ချက်၊ လိုအပ်ချက်စသည်တို့ကို စုစည်းပြီးတော့ အမျိုးသားလုံခြုံရေးမဟာဗျူဟာရေးဆွဲနိုင် ရန် ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ နိုင်ငံတော်တော်များများမှာတော့ ဒီအမျိုးသားလုံခြုံရေးမဟာဗျူဟာ (National Security Council)မှာ ဆွေးနွေးဆုံးဖြတ်အတည်ပြုကြတာကို လေ့လာတွေ့ရှိရပါတယ်။ ဒီလိုအတည်ပြုလိုက်တဲ့ မဟာဗျူဟာပါအစီအစဉ်တွေ လမ်းညွှန်ချက်တွေကို ကဏ္ဍအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ လိုအပ်ချက်များရှိလာလျှင်သော် လည်းကောင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များချိုးဖောက်မှုဖြစ်ပွားလာလျှင်သော်လည်းကောင်း၊ အခြေအနေများကို ပြန်လည်သုံးသပ်ပြီးတော့ အမျိုးသားလုံခြုံရေးမဟာဗျူဟာမှာ ထပ်မံထည့်သွင်း ကြရတာဖြစ်ပါတယ်။ ယခုလို မဟာဗျူဟာရေးဆွဲရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ

ပြဋ္ဌာန်းချက်များကို ကျော်လွန်ခြင်းမရှိစေဘဲ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးတင်သွင်းခဲ့တဲ့အဆိုမှာ ARSA ဘင်္ဂါလီအကြမ်းဖက်အဖွဲ့က ကျူးလွန်ခဲ့တဲ့အကြမ်းဖက်ဖြစ်စဉ်အပေါ် အကြမ်းဖက်တိုက်ဖျက်မှုဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်စွာဖော်ထုတ်လိုက်ပြီးတော့ လုံလောက်သည့်ကာကွယ်မှုပြုလုပ်ပေးရန်ဆိုပြီး ဖော်ပြပါရှိပါတယ်။ ဒီတစ်ချက်ဟာ ကျွန်တော်တင်ပြခဲ့တဲ့ အမျိုးသားလုံခြုံရေးမဟာဗျူဟာပါ ပြည်တွင်းလုံခြုံရေးမဟာဗျူဟာနှင့် ပြည်ပလုံခြုံရေးမဟာဗျူဟာ အပိုင်းနှစ်ပိုင်းတို့ရဲ့ ချိတ်ဆက်ဆောင်ရွက်ရမှုအနေအထားပဲ ဖြစ်တယ်လို့သုံးသပ်ရရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာတော့ အသစ်အသစ်တက်လာတဲ့အစိုးရတွေဟာ အမျိုးသားလုံခြုံရေးနှင့်ပတ်သက်လို့ ယခင်ရှိပြီးဖြစ်သော အမျိုးသားလုံခြုံရေးမဟာဗျူဟာများကို ပြန်လည်သုံးသပ်ကာ နိုင်ငံတော်၏အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်အတွက် အာမခံတဲ့အနေနဲ့ ထုတ်ပြန်ကြေညာချက်ရှိကြတာကို လေ့လာတွေ့ရှိရပါတယ်။ မိမိတို့နိုင်ငံအနေနဲ့ လက်ရှိဖြစ်ပွားခဲ့တဲ့ ARSA ဘင်္ဂါလီအကြမ်းဖက်များရဲ့ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အချုပ်အခြာအာဏာထိပါးခံရမှုနှင့် လုံခြုံရေးချိုးဖောက်မှုများကို ပြန်လည်တည်ဆောက်ဖို့အတွက် ၂၀၁၅ ခုနှစ်ကထုတ်ပြန်ခဲ့တဲ့ The Facts White ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ သုံးသပ်ဖြည့်စွက်ပါ အမျိုးသားလုံခြုံရေးမဟာဗျူဟာတစ်ရပ် ချမှတ်ရန်လိုအပ်နေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ သို့အတွက်ဆောင်ရွက်မှသာ ကော်မတီ၊ ကော်မရှင်တွေ ဖွဲ့စည်းဆောင်ရွက်ခြင်း ယခုအဆိုတွင်ပါရှိတဲ့ အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့်စပ်လျဉ်း၍ နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အမျိုးသားလုံခြုံရေး မဟာဗျူဟာနှင့်အညီ စနစ်တကျကျယ်ပြန့်အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း အကြံပြုထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကျော်မင်းဟန်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်မင်းဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး တင်သွင်းထားတဲ့အဆိုအား အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီး အခန်း(၈) ပုဒ်မ ၃၈၃ နှင့် ပုဒ်မ ၃၈၅ တို့တွင် တင်ပြပါအတိုင်း ပြဋ္ဌာန်းထားပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်အဖွဲ့နှင့် ပြည်ပသြဇာခံအကူအညီအထောက်အပံ့များနှင့် ရပ်တည်တဲ့လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဟူ၍ အမျိုးအစားနှစ်ခုသတ်မှတ်နိုင်ပါတယ်။ ယခု ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့လုပ်ရပ်များဟာ ဒုတိယအမျိုးအစားတွင်ပါဝင်ကြောင်း တွေ့မြင်ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့်ထိစပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ သဘာဝ

ဘေးအန္တရာယ်မကြာခဏခံစားရမှု၊ နိုင်ငံရေးမတည်ငြိမ်မှု၊ အလုပ်အကိုင်ရှားပါးမှု၊ ဆင်းရဲမွဲတေမှု၊ လူဦးရေတိုးတက်မှုနှုန်းမြင့်မားမှုတို့ကြောင့် အိမ်နီးချင်းမြန်မာနိုင်ငံသို့ ဘင်္ဂါလီလူမျိုးများ တရားမဝင် ဝင်ရောက်လျက်ရှိပါတယ်။ အဲဒီပြဿနာဟာ မြန်မာနိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားအပေါ် ထိခိုက်လာနိုင်သည့် စိန်ခေါ်မှုများဖြစ်လို့ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကာကွယ်စောင့်ရှောက်သွားရန်လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်ရာမှာ Globalization ICT နည်းပညာကို လက်မှတ်တစ်ခုအဖြစ် အသုံးပြုပြီး နိုင်ငံတကာမီဒီယာများတွင် ဘင်္ဂါလီများကို ရိုဟင်ဂျာအဖြစ် ပုံဖော်နေပါတယ်။ ကမ္ဘာ့သတင်းမီဒီယာလောကမှာ အနောက်အင်အားကြီးနိုင်ငံများရဲ့ သတင်းဌာနများက သတင်းအင်အားကြီးအုပ်စုအဖြစ် ရပ်တည်လျက်ရှိပြီး မဟုတ်မမှန်သတင်း ထုတ်လွှင့်မှုများကို ရင်ဆိုင်ဖြေရှင်းနေတဲ့ မြန်မာ့သတင်းမီဒီယာအသိုင်းအဝိုင်းကတော့ အင်အားငယ်သောအုပ်စုပဲ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ အဓိကမဏ္ဏိုင်ကြီးသုံးခုအပြင် စတုတ္ထမဏ္ဏိုင်ဖြစ်တဲ့ သတင်းမီဒီယာကဏ္ဍရဲ့အရေးကြီးပုံကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ယနေ့ခေတ်မှာ လူတိုင်း Facebook၊ Twitter နှင့် Youtube တို့မှာ သတင်းအချက်အလက်များ၊ ဓာတ်ပုံများ၊ ဗွီဒီယိုဖိုင်တွေကို အချိန်နှင့်တစ်ပြေးညီဖော်ပြနေတဲ့အတွက် လုပ်ကြံသတင်း၊ မဟုတ်မမှန်သတင်း၊ သတင်းမှား၊ သတင်းတုများ မဖြစ်စေရေး အထူးဂရုပြုလိုအပ်သလို မိမိသတင်းကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏အသက် အိုးအိမ်စည်းစိမ် ပျက်စီးစေခြင်း၊ အချုပ်အခြာအာဏာကို ထိပါးခြင်းမဖြစ်စေရေး သက်ဆိုင်ရာဥပဒေများကိုလည်း သိထားသင့်ပါတယ်။ မြန်မာအစိုးရအနေဖြင့် နိုင်ငံတကာအစိုးရချင်း သံတမန်ဆက်ဆံရေးတိုးမြှင့်ပြီး ဖြေရှင်းသကဲ့သို့ ၎င်းတို့၏ကွန်ရက်များနှင့် သီးခြားထိတွေ့ဆက်ဆံပြီး Contact Person သီးခြားထားရှိသွားရန် လိုအပ်မှာဖြစ်ပါတယ်။ ဒေသအတွင်း နိုင်ငံအစိုးရများနှင့်လည်း အကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်သည့် ဥပဒေများ၊ ကတိကဝတ်များ၊ သဘောတူစာချုပ်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်ပူးပေါင်းဆောင်ရွက်မှုတို့အား စဉ်ဆက်မပြတ်ထားရှိရန် လိုအပ်မှာဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်ရန်အတွက် စစ်ရေးနည်း၊ ဘဏ္ဍာရေးထိန်းချုပ်နည်း၊ ထောက်လှမ်းရေးနည်း၊ သံတမန်နည်းလမ်းများဖြင့် ဆောင်ရွက်ရာတွင် သံတမန်နည်းလမ်းဟာ အဓိကကျသောအကြောင်းတစ်ရပ်ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံအနေနဲ့ သံတမန်နည်းလမ်းကို ဆောင်ရွက်ရာမှာ UNSC သံတမန်အဖွဲ့တွေ အရေးအခင်းဖြစ်ရာသို့ လာရောက်လေ့လာရာမှာ အခင်းဖြစ်တဲ့ မြန်မာနိုင်ငံကို အရင်ရောက်ရှိလာခြင်းမရှိဘဲ ဘင်္ဂလားဒေ့ရှ်သို့ အရင်ရောက်ရှိတဲ့အတွက် ဘင်္ဂါလီများရဲ့ဇာတ်တိုက်လုပ်ကြံဇာတ်လမ်းများကို သံတမန်အဖွဲ့မှ နားဝင်ခဲ့ကြပါတယ်။

တစ်ဖန် OIC ရဲ့နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကိုလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးတက်ရောက်ခဲ့တဲ့အတွက် ဖြစ်စဉ်ကို ၎င်းတို့သဘောအတိုင်းတင်ပြခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် G 7 အစည်းအဝေးကိုလည်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်တက်ရောက်ခဲ့တဲ့အတွက် အစည်းအဝေးမှ မြန်မာနိုင်ငံနှင့်ပတ်သက်တဲ့ ကြေညာချက်လေးချက်ထုတ်ပြန်ခဲ့တာကိုကြည့်ရင် သံတမန်နည်းလမ်းဖြင့် အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံအပေါ် ဖိအားပေးနိုင်ခဲ့တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ နောက်ထပ် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခထပ်မံမဖြစ်ပွားစေရန် လုံခြုံရေးအင်အားအပြည့်အဝချထားခြင်းဖြင့် သတင်းလက်ဦးမှုရရှိရန်လိုအပ်သလို ဘင်္ဂလားဒေ့ရှ်အစိုးရနှင့်

သံတမန်ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါတယ်။ နှစ်နိုင်ငံလုံခြုံရေး တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ပြီး လုံခြုံရေးအဖွဲ့အစည်းများအနေနဲ့ အစွန်းရောက်အကြမ်းဖက်မှုများကို ထိထိရောက်ရောက်တားမြစ်ရန် လိုအပ်မှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးစွာဆက်ဆံပြီး အခြေအနေမှန်တွေကို အမြဲပေးနေဖို့လိုအပ်ပါတယ်။ ဘင်္ဂါလီလူဦးရေစာရင်းကို အတိအကျကောက်ခံသင့်ပြီး ခိုးဝင်လာတဲ့သူတွေကို သိရှိအောင် အစီအမံများချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများရဲ့စွပ်စွဲပြောဆိုချက်များ၊ မဟုတ်မမှန်သတင်းများကိုလည်း တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတကာသို့ ဘက်ပေါင်းစုံမှချက်ချင်း တုံ့ပြန်ဖြေရှင်းဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ပြည်တွင်းရှိ သတင်းမီဒီယာအဖွဲ့အစည်းအသီးသီးကလည်း မြန်မာနိုင်ငံနှင့် ပတ်သက်၍ ထုတ်ပြန်သည့်သတင်းများ၊ ပကတိအခြေအနေများအား သတင်းမီဒီယာဥပဒေ၊ ကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန်ဖော်ပြပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမှာဖြစ်ပါတယ်။ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများ၊ ပြည်ပအခြေစိုက်သတင်းဌာနများနှင့် ပြည်ပသြဇာခံသတင်းဌာနများ၏လွှမ်းမိုးချုပ်ကိုင်မှု၊ ငွေကြေးထောက်ပံ့မှုနှင့် သတင်းအမှောင်ချထားခံရမှု၊ ဘက်လိုက်ရေးသားမှု၊ မဟုတ်မမှန်ထုတ်လွှင့်မှု၊ ဝါဒဖြန့်ထုတ်လွှင့်မှုများကြောင့် မြန်မာတိုင်းရင်းသားမဟုတ်သော ဘင်္ဂါလီလူမျိုးကို ရိုဟင်ဂျာလူမျိုးတိုင်းရင်းသားအဖြစ် ပုံဖော်ကာ လူမျိုးတုံးသတ်ဖြတ်မှုများကြောင့် လူ့အခွင့်အရေးဆုံးရှုံးနေတယ်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများလိုအပ်နေတယ်လို့ဖော်ပြပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှပြည်သူများ အထင်မှား၊ အမြင်မှားဖြစ်စေရေးဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်အစိုးရရဲ့ပြည်တွင်းရေးကိစ္စရပ်များကို ပြည်ပနိုင်ငံ သို့မဟုတ် သြဇာခံ၊ အထောက်အပံ့ခံ၊ အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်များရဲ့ဝင်ရောက်ခြယ်လှယ်လွှမ်းမိုးချုပ်ကိုင်မှုမရှိစေရေး၊ မြန်မာ့သမိုင်းနှင့်ယှဉ်ကာ သတိရှိရန်လိုအပ်ပါတယ်။ နိုင်ငံတကာမှအဖွဲ့အစည်းများ၊ အစိုးရ သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းများရဲ့လူသားချင်းစာနာထောက်ထားမှုနှင့် အခြားအကူအညီအထောက်အပံ့များကို လက်ခံနိုင်သော်လည်း ယင်းတို့ကိုအခြေပြုပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ခြယ်လှယ်ထိပါးလွှမ်းမိုးချုပ်ကိုင်လာနိုင်သည့် မည်သည့်အရာကိုမျှ လက်ခံသင့်ခြင်းမပြုရန် လိုအပ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးသုံးရပ်မှ ဟန်ချက်ညီညီပူးပေါင်း၍ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူပြည်သားများမှ လက်တွဲပူးပေါင်းပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်သွားရန်လိုအပ်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းသန်းအုန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးထွန်းသန်းအုန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းသန်းအုန်း

ဖြစ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေး တင်သွင်းတဲ့အဆိုအပေါ်မှာ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ မျက်မှောက်ခေတ် ကမ္ဘာအနှံ့အပြားမှာ ဖြစ်ပွားနေတဲ့လက်နက်ကိုင်ပဋိပက္ခအများစုဟာ လူမျိုးစုပြဿနာနှင့် နိုင်ငံရေး၊ ဘာသာရေးဆိုင်ရာ ပြဿနာတွေက ပေါက်ဖွားလာတဲ့ပဋိပက္ခတွေသာ ဖြစ်ကြပါတယ်။ လွန်ခဲ့တဲ့နှစ် ၄၀၊ ၅၀ ကတည်းက ရေနံဖြင့် ကြွယ်ဝချမ်းသာလာတဲ့နိုင်ငံတွေမှာ အာဏာအလုံးစုံကို ချုပ်ကိုင်ထားပြီးတော့ အကြမ်းဖက်မှုတွေ ကျူးလွန်ခဲ့ပေမဲ့ အကန့်အသတ်အကြမ်းဖက်မှုများသာဖြစ်ပွားခဲ့ရာ ယခု IS တွေ၊ အယ်လ်ကိုင်းဒါတွေလို အကြမ်းဖက်အဖွဲ့တွေအားကောင်းလာချိန်မှာတော့ နေရာအနှံ့အပြားမှာ အကန့်အသတ်မဲ့ အကြမ်းဖက်မှုတွေ ဖြစ်လာပါတယ်။ ကမ္ဘာပေါ်မှာ အစ္စလာမ်ဘာသာဝင်အချို့ရဲ့ခွဲထွက်ရေးတောင်းဆိုမှုတွေဟာ ၎င်းတို့နှင့်ထိစပ်တဲ့နေရာများမှာသာ အများဆုံးတွေ့ရှိရပါတယ်။ ယူဂိုဆလားဗီးယားပြည်ထောင်စုကခွဲထွက်တဲ့ ကိုဆိုဗိုပြဿနာဟာ အစ္စလာမ်ဘာသာဝင်တွေ တရားမဝင် ဝင်ရောက်လာတာကစလို့ လူများစုဖြစ်သွားရာကတစ်ဆင့် ဖြစ်ပွားခဲ့တဲ့ပြဿနာဖြစ်ပါတယ်။ ယခုအခါ ထိုင်းနိုင်ငံတောင်ပိုင်းပြဿနာ၊ ဖိလစ်ပိုင်နိုင်ငံ မရဏာအိုကျွန်းပြဿနာနှင့် တရုတ်နိုင်ငံ ရှင်ဂျန်းပြည်နယ်ပြဿနာတို့ဟာ အစ္စလာမ်ဘာသာဝင်တွေရဲ့ခွဲထွက်မှုပြဿနာတွေပဲ ဖြစ်ကြပါတယ်။ အင်အားကြီးအနောက်နိုင်ငံများအနေနဲ့ အရှေ့အလယ်ပိုင်းနိုင်ငံများမှာ ၎င်းတို့လိုလားချက် အောင်မြင်မှုမရခဲ့တဲ့အတွက် မျက်နှာပန်းမလှဖြစ်နေချိန်မှာ အစ္စလာမ်ဘာသာဝင်များရဲ့ထောက်ခံမှုပြန်လည်ရရှိရေး၊ အကြမ်းဖက်အုပ်စုတွေရဲ့ ပစ်မှတ်ကို အခြားနိုင်ငံတစ်ခုသို့လွှဲပြောင်းရေးဆောင်ရွက်ရာ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသကို ပစ်မှတ်ထားပြီး ဆောင်ရွက်လာကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုအနက် နောက်ခံသမိုင်းချင်းခပ်ဆင်ဆင်တူတဲ့ ယူဂိုဆလားဗီးယားပြည်ထောင်စုမှ ကိုဆိုဗိုဒေသနှင့် ရခိုင်ပြည်နယ်မောင်တောဒေသတို့ဟာ နိုင်ငံတစ်နိုင်ငံရဲ့ပြည်နယ်အစိတ်အပိုင်းတစ်ရပ်ဖြစ်ခြင်း၊ ၎င်းရဲ့အိမ်နီးချင်းမှာ လူဦးရေပေါက်ကွဲထွက်နေသော နိုင်ငံရှိခြင်း၊ ပြည်ထောင်စုရဲ့အစိတ်အပိုင်းပြည်နယ်ဖြစ်ခြင်း၊ အိမ်နီးချင်းနိုင်ငံလူဦးရေတိုးပွားလာမှုဒဏ်ကို ခံရသောဒေသဖြစ်ခြင်းတို့ဟာ တူညီနေကြပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ယူဂိုဆလားဗီးယားပြည်ထောင်စုကို အိမ်နီးချင်းအယ်လ်ဘေးနီးယားနိုင်ငံက အစ္စလာမ်ဘာသာဝင် အယ်လ်ဘေးနီးယားလူမျိုးများက ကိုဆိုဗိုဒေသကို စိမ့်ဝင်လာခဲ့ပြီး ဒေသခံခရစ်ယာန်ဘာသာဝင် ဆပ်လူမျိုးများနှင့် အစ္စလာမ်ဘာသာဝင်များအကြား ပဋိပက္ခများဖြစ်ပွားနေခဲ့တာ အမေရိကန်က ကြားဝင်ပါခဲ့ပြီး ကုလသမဂ္ဂသဘောတူညီချက်မယူဘဲ လူ့အခွင့်အရေးကိုအကြောင်းပြကာ နေတိုးအုပ်စုနှင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ ကိုဆိုဗိုစစ်ပွဲမှာ ညီအစ်ကိုဆိုတဲ့အမြင်နဲ့ ဘာသာရေးအရဖိနှိပ်မှုရှိတယ်လို့ အစ္စလာမ်ဘာသာဝင်နိုင်ငံအချို့က ဆပ်တို့ကို ဆန့်ကျင်ကန့်ကွက်ခဲ့ပြီး အယ်ဘေးနီးယားကို ဝိုင်းကူညီခဲ့ကြပါတယ်။ မြေပြင်မှာတော့ အယ်လ်ဘေးနီးယားတွေရဲ့တိုက်ခိုက်မှုကြောင့် ဆပ်လူမျိုးများသာ ကိုဆိုဗိုက ထွက်ပြေးခဲ့ရတာဖြစ်ပါတယ်။ ရခိုင်မြောက်ပိုင်းမှာလည်း ဘင်္ဂါလီနှင့်ပဋိပက္ခဖြစ်တိုင်း ဒေသခံရခိုင်တိုင်းရင်းသားတွေ၊ ဟိန္ဒူဘာသာဝင်တွေနဲ့ အခြားတိုင်းရင်းသားလူနည်းစုတွေသာ ကိုယ်လွတ်ရုန်းထွက်ပြေးရတာချည်းပဲ ဖြစ်ပါတယ်။ ကွဲပြားခြားနားချက်ကတော့ လူမျိုးရေးပဋိပက္ခမဟုတ်ဘဲ

ARSA အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့က စတင်အကြမ်းဖက်တိုက်ခိုက်ခြင်းပဲ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွေမှာ ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောဒေသဟာ ဘင်္ဂါလီအစွန်းရောက်အကြမ်းဖက်သမားတွေရဲ့အကြမ်းဖက်လုပ်ရပ်ထင်ရှားပြီးတော့မှ အကြမ်းဖက်အဖွဲ့လို့သတ်မှတ်ထားတဲ့အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါအတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နောက်ပြီး တစ်ဖက်နိုင်ငံသို့ထွက်ပြေးသွားတဲ့ အကြမ်းဖက်သမားတွေကို မိမိတို့နိုင်ငံရဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအတိုင်း အရေးယူနိုင်ရေးနှင့် မိမိတို့နိုင်ငံရဲ့အကြမ်းဖက် တိုက်ခိုက်ခံရမှုအပေါ် နိုင်ငံတကာအပါအဝင် မီဒီယာများ၊ အဖွဲ့အစည်းများနှင့် ARSA အကြမ်းဖက်အဖွဲ့နှင့် အကြမ်းဖက်သမားတွေရဲ့ကျူးလွန်မှုကို လျစ်လျူရှုမှုမပြုစေရန် မပြတ်တိုက်တွန်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှ အကြမ်းဖက်လုပ်ရပ်တွေအပေါ် လျစ်လျူရှုခြင်းအားဖြင့် မိမိတို့မြေပေါ်မှာ အကြမ်းဖက်အဖွဲ့ခြေရှုပ်လာပြီးတော့ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးကိုပါ ထိပါးလာမှာ အထူးစိုးရိမ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဘာသာယဉ်ကျေးမှုအရ အကြမ်းဖက်မှုကို လုံးဝ မလိုလားပါ။ အကြမ်းဖက်မှုကျူးလွန်သူတွေအပေါ် တည်ဆဲဥပဒေပါအတိုင်း အရေးယူဆောင်ရွက်မှသာ အကြမ်းဖက်မှုဖြစ်စဉ်တွေဟာ ထိခိုက်နစ်နာခဲ့ရသူတွေအတွက် ဂရုဏာသက်ရာ၊ စာနာရာရောက်မှာလည်းဖြစ်ပါတယ်။ လက်ရှိဆောင်ရွက်နေတာတွေနဲ့ပတ်သက်လို့ ရခိုင်တိုင်းရင်းသားများသာမက နိုင်ငံသားအားလုံးအတွက်ရော၊ တရားမျှတမှုဖြစ်အောင် ဆောင်ရွက်နေသလားလို့ ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်။ ဘူးသီးတောင်၊ မောင်တောဒေသမှာ လူမျိုးရေး၊ ဘာသာရေးကို အကြောင်းပြုတဲ့ အကြမ်းဖက်တိုက်ခိုက်မှုမျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်မှ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆောင်ရွက်နေတဲ့အဖွဲ့အစည်းများ၊ နိုင်ငံသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဟန်ချက်ညီညီ ဖြေရှင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံကပြန်လည်ဝင်ရောက်လာမယ့် ဘင်္ဂါလီတွေကို လက်ခံတဲ့နေရာမှာလည်း ၁၉၉၃ ခုနှစ်၊ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံပြီး အကြမ်းဖက်သမားပါမလာဖို့ စိစစ်ရမှာဖြစ်ကာ နိုင်ငံအတွင်းမှာကျန်နေတဲ့ ဘင်္ဂါလီတွေကိုလည်း ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနှင့်အညီ တစ်ပြိုင်နက်စိစစ်ဆောင်ရွက်ဖို့လိုမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လူသားချင်းစာနာတာကသက်သက်၊ ကိုယ့်ကိုရေရှည်မှာ ဒုက္ခပေးမှာက သက်သက်ဖြစ်တဲ့အတွက် ကိုယ့်လူမျိုး၊ ကိုယ့်အကျိုးစီးပွား၊ ကိုယ့်နိုင်ငံအချုပ်အခြာအာဏာထက် ဘာကိုမှ ပိုကြည့်ဖို့မလိုအပ်ပါ။ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် လုံခြုံရေးအစီအမံများကိုလည်း ထိထိရောက်ရောက်ဆောင်ရွက်ပြီး မိမိနိုင်ငံအချုပ်အခြာအာဏာ ထိပါးမှုမရှိအောင် တင်းတင်းကြပ်ကြပ်စောင့်ကြည့်ရမှာလည်း ဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံလုံခြုံရေးကို ခြိမ်းခြောက်နေတဲ့ဘင်္ဂါလီပြဿနာတွေကို နိုင်ငံတော်အမျိုးသားမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးမူဘောင်အောက်မှသာ ကိုင်တွယ်ဖြေရှင်းသွားရမှာ ဖြစ်ပါကြောင်း အဆိုအပေါ် ထောက်ခံဆွေးနွေးအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးအောင်ကြည်သိန်း(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်ဝနိုင်ကြပါစေခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ဖြစ်ပါတယ်။ ယခု ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး တင်သွင်းတဲ့အဆိုကို အချက်လေးချက်ဖြင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေဖြင့် လက်ရှိအစိုးရက အဓိကအချက် သုံးချက်ကို ဦးစားပေးအကောင်အထည်ဖော်နေတာတွေ့ရပါတယ်။ ပထမအချက်က ငြိမ်းချမ်းရေး၊ ဒုတိယက တရားဥပဒေစိုးမိုးရေးနဲ့ တတိယအချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပဲ ဖြစ်ပါတယ်။ ဒုတိယအချက်ဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးအားနည်းတဲ့အချက်ကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာမှာအကြမ်းဖက်မှုအများဆုံးနိုင်ငံ ၅၀ ထဲမှာ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ပါဝင်နေသေး ကြောင်းကို သတိပြုမိစေရန် အဆိုရှင်က သတိပေးထားတာဖြစ်ကြောင်း မြင်မိပါတယ်။

ဒုတိယအချက်အနေဖြင့် ဤလွှတ်တော်ကြီးအတွင်းမှာ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့က နိုင်ငံတကာမှာ အကြမ်းဖက်မှုတွေပေါ်ပေါက်နေသဖြင့် မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှုကြိုတင် ကာကွယ်စီမံထားရန်တိုက်တွန်းကြောင်းအရေးကြီးအဆိုကို လက်မခံဘဲ မေးခွန်းအဖြစ်ပြောင်းခဲ့သဖြင့် နှစ်လကျော်ကြာမှ မေးခွန်းမေးခွင့်ရပါတယ်။ ထိုမေးခွန်းမေးသည့်အချိန်တွင် အရေးကြီးအဆိုကို မေးခွန်းအဖြစ်ပြောင်းရခြင်းမှာ မြန်မာနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုမရှိသေးတာကြောင့်ဟု တာဝန်ရှိသူမှ ဖြေကြားခဲ့ပါတယ်။ ထိုပြောကြားချက်ကလည်း အကြမ်းဖက်သမားများ အထူးသဖြင့် ARSA အတွက် အားတစ်ခုအဖြစ်ရရှိသွားတယ်လို့မြင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် မေးခွန်းမေးပြီး (၃)ရက်မြောက်မှာ ရခိုင်ပြည်နယ်အကြမ်းဖက်တိုက်ခိုက်မှုများ စတင်ပေါ်ပေါက်လာခြင်းက သက်သေခံနေပါတယ်။ ဒါ့အပြင် ကမ္ဘာ့မှတ်တမ်းမှာမရှိတဲ့ အကြမ်းဖက်မှုမျိုးအဖြစ် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ နံနက်အစောပိုင်း ၃ နာရီအတွင်းမှာ လုံခြုံရေးစခန်း ၃၀ ကို တစ်ပြိုင်တည်း အချိန်ကိုက်တိုက်ခိုက်သွားခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဥပဒေပြုမဏ္ဍိုင်အနေဖြင့် နိုင်ငံတော် လုံခြုံရေးကိစ္စရပ်များကို ပေါ့ပေါ့ဆဆမပြောဆိုသင့်ကြောင်း အဆိုရှင်ကဆန္ဒပြုတယ်လို့မြင်မိပါတယ်။ တကယ်တော့ အကြမ်းဖက်မှုဆိုတာ နိုင်ငံတော်အစိုးရကို သူတို့လိုချင်တဲ့ နိုင်ငံရေးရည်မှန်းချက်တစ်ခု ရရှိအောင် ကိုယ်ရောစိတ်ပါတိုက်တွန်းအားပေး၊ အကွက်ဖော်အကြပ်ကိုင်ခြင်းပဲဖြစ်တာမို့ မိမိဘက်မှ ပေါ့ဆမိလို့ရှိရင် IS အဖွဲ့လိုမျိုးဖြစ်ပြီး ငြိမ်းမရတဲ့မီးလိုဖြစ်သွားလိမ့်မယ်လို့ တင်ပြလိုပါတယ်။

တတိယအချက်အနေနဲ့ ဤခန်းမကြီးအတွင်းမှာပင် ဧည့်စာရင်းတိုင်ကြားမှုနဲ့ပတ်သက်၍ ဆွေးနွေးရာမှာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဧည့်စာရင်းတိုင်ကြားမှုသည် ရပ်ကွက်/ ကျေးရွာအတွင်း လူစိမ်းတစ်ဦးရောက်ရှိလာရင် ကနဦးမှတ်တမ်းတင်သည့်ကိစ္စဖြစ်ပြီး လုံခြုံရေး ဆောင်ရွက်ရာမှာ အရေးပါ၍ ဥပဒေဖျက်သိမ်းရန်မသင့်ဟုဆွေးနွေးခဲ့သော်လည်း ဧည့်စာရင်း တိုင်ကြားခြင်းကို ဖျက်သိမ်းခဲ့ပါတယ်။ အထူးကိစ္စတင်ပြလိုသည်မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၅/၂၀၁၇) နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးပြဋ္ဌာန်းခြင်းနှင့်ပတ်သက်၍ ဥပဒေပုဒ်မ ၈ မှာ မည်သူမျှတည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတရာမရှိဘဲဖြစ်စေ၊ နိုင်ငံတော်သမ္မတ သို့မဟုတ်

ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ (က) နိုင်ငံသားတစ်ဦး၏ နေအိမ်၊ နေအိမ်အဖြစ် အသုံးပြုသောအခန်း၊ အဆောက်အဦ သို့မဟုတ် ပရဝုဏ်နှင့် ပရဝုဏ်အတွင်းရှိအဆောက်အဦအတွင်း ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် လူတစ်ဦးဦးအား ဖမ်းဆီးခြင်းမပြုရ။ (ခ) နိုင်ငံသား တစ်ဦး၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် လူ့ဂုဏ်သိက္ခာကိုထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်းမပြုရဟု ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၈ ပါ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်၊ ဝရမ်းကို နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်စောင့်ဆိုင်းနေစဉ်တွင် ပြစ်မှု ကျူးလွန်သူများ ထွက်ပြေးတိမ်းရှောင်ရန် အချိန်များစွာရရှိနိုင်တဲ့အတွက် နိုင်ငံအတွင်းအကြမ်းဖက် ပြစ်မှုကျူးလွန်သူများ ပေါများလာနိုင်ပါကြောင်း၊ ထိုဥပဒေပြဋ္ဌာန်းခြင်းကြောင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်စေပြီး မင်းမဲ့စရိုက်ဆန်သော ပြုလုပ်မှုများ၊ ယဉ်ကျေးသောလူ့အဖွဲ့အစည်းများတွင် မဖြစ်သင့် မဖြစ်ထိုက်သော ပြုလုပ်မှုများ၊ ပြစ်မှုကျူးလွန်မှုများ များစွာဖြစ်ပေါ်လာနိုင်ပြီး ပြည်သူများ၏အသက်၊ အိုးအိမ်၊ စည်းစိမ်ကိုကာကွယ်စောင့်ရှောက်မှုကို လျစ်လျူရှုထားသကဲ့သို့ ဖြစ်နေသည်ကို တွေ့ရှိရပါ ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့ကြောင့် ဧည့်စာရင်းတိုင်ကြားမှုကိုဖျက်သိမ်းခြင်းနှင့် အထက်ပါဥပဒေ တို့ကို လက်ရှိအခြေအနေအရ ပြန်လည်စဉ်းစားနိုင်မှသာလျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း များတွင် ပူးပေါင်းပါဝင်ရာရောက်တာမို့ တိုက်တွန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထအချက်အနေနဲ့ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးနှစ်ဦးတို့က ရှမ်းပြည်နယ်အရှေ့မြောက်(၁၀၅)မိုင် တိုက်ခိုက်မှုဖြစ်စဉ်မှာ ပါဝင်ခဲ့တဲ့လက်နက်ကိုင်အဖွဲ့များအား အကြမ်းဖက်သမားများအဖြစ် သတ်မှတ် သင့်ကြောင်းနှင့် သတ်မှတ်နိုင်ကြောင်း ဖြစ်စဉ်၏ဓာတ်ပုံမှတ်တမ်းများနှင့် လွှတ်တော်တွင်တင်ပြခဲ့ ပါတယ်။ သို့သော် ကျွန်တော်တို့လွှတ်တော်အတွင်းမှာ မှတ်တမ်းအဖြစ်သာထားရှိခဲ့ပါတယ်။ ၁၂-၅-၂၀၁၈ ရက်နေ့ နံနက် ၅ နာရီခန့်တွင် ထိုအကြမ်းဖက်သမားများဟုကြေညာခြင်းမခံရသည့် လက်နက်ကိုင်အဖွဲ့များကပင် မူဆယ်မြို့နယ်၊ နောင်ရမ်းကျေးရွာမှ အပြစ်မဲ့ပြည်သူများအား ထပ်မံ ဝင်ရောက်အကြမ်းဖက်ပစ်ခတ်မှုကြောင့် ၁၄ ဦးသေဆုံးပြီး ယင်းရွာမှ အခြားရပ်ကွက်နှစ်ခု၊ ကျေးရွာ သုံးရွာမှ အပြစ်မဲ့ပြည်သူ ၂၇ ဦး ဒဏ်ရာရရှိခဲ့တဲ့အတွက် ဤလွှတ်တော်မှ ဝမ်းနည်းကြောင်း ထပ်မံမှတ်တမ်းတင်ခဲ့ရပါတယ်။

ထိုကဲ့သို့အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းဟာ အကြမ်းဖက်မှုကို ဆွေးနွေးတိုင်း မှတ်တမ်းတင်ရုံအဆင့်သာ ထားခြင်းရဲ့ရလဒ်လို့မြင်မိပါတယ်။ နိဂုံးချုပ်အနေနဲ့ ယခုအစိုးရရဲ့ ဦးစားပေးလုပ်ငန်းနှစ်ရပ်ဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့တရားဥပဒေစိုးမိုးရေးကို အောင်မြင်လိုပါလျှင် အကြမ်းဖက်မှုနှိမ်နင်းရေးကို ဦးစားပေးအဆင့်မှာထားရန်လိုကြောင်းနဲ့ အကြမ်းဖက်မှုနှင့် လုံခြုံရေး ကိစ္စများဆွေးနွေးတိုင်း ဤလွှတ်တော်ကြီးအတွင်းမှာ မှတ်တမ်းအဖြစ်လောက်သာ ထားရှိကြမယ်ဆိုရင် တာဝန်ရှိတဲ့အစိုးရကို တာဝန်ပေးအတည်ပြုတဲ့သဘောမျိုး မရောက်နိုင်ပါ။ အကြမ်းဖက်မှုမပပျောက် တာကလည်း တကယ်တမ်းတွင် ဤခန်းမကြီးအတွင်းရှိ ကျွန်တော်တို့မှာသာ တာဝန်ရှိသူတွေဖြစ်သွား မှာစိုးရိမ်မိတဲ့အတွက် အဆိုရှင်၏ အကြမ်းဖက်မှုထပ်မံမဖြစ်ပေါ်စေရေး အစိုးရကိုတိုက်တွန်းသည့်

အဆိုအား အတည်ပြုသင့်ပါကြောင်း ထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံတော်တည်ငြိမ်ရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ နိုင်ငံတော်ရဲ့အစဉ်သတိပြုရမယ့် အသက်သွေးကြောဖြစ်တဲ့အချက်သုံးချက်ကို အလေးထားဆွေးနွေးသွားတာဖြစ်ပါတယ်။ နိုင်ငံတော် တည်ငြိမ်မှ တရားဥပဒေစိုးမိုးမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးပါမှ နိုင်ငံရဲ့ခက်မသုံးဖြာဖြစ်တဲ့ အချုပ်အခြာအာဏာလည်း တည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်။ နိုင်ငံတော်တည်ငြိမ်မှုမရှိရင် တရားဥပဒေ စိုးမိုးရေးရှိမှာမဟုတ်ပါဘူး။ အချုပ်အခြာအာဏာလည်းပျက်သုဉ်းကာ နိုင်ငံတော်ရဲ့လွတ်လပ်ရေးဟာ ဆုံးရှုံးသွားနိုင်တဲ့အခြေအနေကို ရောက်ရှိသွားမှာဖြစ်ကြောင်း အဆိုရှင်ကထောက်ပြဆွေးနွေးသွား ပါတယ်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံရေးတည်ငြိမ်မှုရှိရပါမယ်။ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုရှိရပါမယ်။ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုရှိရပါတယ်။ ဒီသုံးချက်က တစ်ခုနဲ့တစ်ခု အမှီသဟဲ ပြုကာ သဟဇာတဖြစ်ပြီးတော့ ဟန်ချက်ညီညီရှိနေရပါမယ်။ တစ်ချက်ချက်လွဲချော်နေရင်တော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာတော့ အလှမ်းဝေးနေမှာဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံရဲ့အခြေအနေကို ကြည့်ရင် သိသာထင်ရှားနိုင်ပါတယ်။ နိုင်ငံတော်တည်ငြိမ်မှုမရှိရင် ဘာမှလုပ်လို့မရသလို ပြည်သူတွေ လည်း ကျီးလန့်စာစားရသလိုပဲဖြစ်နေပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ အာဏာသုံးရပ်ဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ ဖြစ်ပါတယ်။ အာဏာသုံးရပ်အနေနဲ့ တစ်ခုနဲ့တစ်ခုမှန်ကန်တဲ့ထိန်းကျောင်းမှုနဲ့ တိုင်းပြည်ကို တည်ဆောက်ကြမှာဖြစ်ပါတယ်။ ပါတီစွဲ၊ ဝါဒစွဲတွေနဲ့ သွားလို့မရပါဘူး။ Check and Balance ရှိရ ပါမယ်။ ဒီအာဏာကြီးသုံးရပ်တည်မြဲမှုမရှိရင် အချုပ်အခြာအာဏာပျက်သုဉ်းသွားမှာသေချာပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး နဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အတွင်းအကြမ်းဖက်မှု၊ တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန်အတွက်ဆိုတဲ့ စိုးရိမ်မှုနဲ့ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်ပေါ်စေရန် Highlight လုပ်ပြီးတော့ ဆွေးနွေးသွားတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ နိုင်ငံတော်ရဲ့ပြည်နယ် တစ်ခုပဲဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း မည်သည့်နယ်မြေအစိတ်အပိုင်းမဆို အဲဒီဒေသရဲ့ကောင်းမွေ၊ ဆိုးမွေဟာ နိုင်ငံသားတိုင်းမှာတာဝန်ရှိပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ဟာ ကျွန်တော်တို့နိုင်ငံတော်ရဲ့ အနောက်တံခါးဖြစ်လို့ အင်မတန်မှအရေးကြီးတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ နှစ်ကာလရှည်ကြာကတည်းက အခြားလူမျိုးများ စိမ့်ဝင်လာနေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ယခုအချိန်မှာ သာမန်စိမ့်ဝင်နေတာမျိုးမဟုတ်ဘဲ အကြမ်းဖက်တိုက်ခိုက်ပြီး နယ်မြေ လုနေတဲ့အထိ ဖြစ်လာပါတယ်။ ဒါဟာ တိုင်းပြည်ရဲ့အင်မတန်အရေးကြီးလာတဲ့အပိုင်းဖြစ်ပါတယ်။

**မူကြမ်း**

အထူးသတိပြုဖို့လိုအပ်နေပါပြီ။ နယ်မြေအစိတ်အပိုင်းများ ပဲ့ပါသွားနိုင်ပါတယ်။ တဖြည်းဖြည်း လူမျိုးပျောက်ကွယ်သွားနိုင်ပါတယ်။ ယခုအခြေအနေမှာ ဘူးသီးတောင်၊ မောင်တောမှာဆိုရင် ရခိုင်လူမျိုး နှစ်ရာခိုင်နှုန်းလောက်ပဲရှိတယ်လို့ ပြောနေကြပါပြီ။ ဒီအခြေအနေဟာ ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး။ တဖြည်းဖြည်းကူးစက်လာနိုင်တဲ့အခြေအနေကို ရောက်ရှိလာပါပြီ။ တာဝန်ရှိသူတွေအားလုံး အထူးသတိချပ်ဖို့လိုအပ်နေပြီဖြစ်ပါတယ်။

နိုင်ငံတော်၏တည်ငြိမ်မှုပျက်ပြားစေနိုင်တဲ့ နိုင်ငံတော်တွင်ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဖြစ်စဉ်များဟာ အဆိုရှင်က ရခိုင်ပြည်နယ်မှာဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်များကို အသေးစိတ်ထောက်ပြသွားပြီး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ နယ်စပ်ဒေသလုံခြုံရေး၊ ကျီးကန်းပြင်ဌာနချုပ် စခန်းသုံးခုတိုက်ခိုက်ခံရခြင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ ARSA အကြမ်းဖက်အဖွဲ့က တပ်ရင်းစခန်းအပါအဝင် မြို့နယ်လုံခြုံရေးရဲစခန်း ၃၀ ကျော်ကို တစ်ပြိုင်တည်းဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ်တို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့ပြည်သူများ ၁၀၀ ဦးခန့် အသက်ဆုံးရှုံးခဲ့ကြောင်းလည်း ဆွေးနွေးသွားပါတယ်။ အလားတူ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ဖြစ်စဉ်မှာလည်း KIA ၊TNLA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ပြီးတော့ အများအပြားဒဏ်ရာရရှိခဲ့ကြောင်းလည်း အကြမ်းဖက်မှုဖြစ်စဉ်များဖြစ်ပေါ်စေခဲ့ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အပြီးမှာ မလိုလားအပ်တဲ့ နောက်ဆက်တွဲပြဿနာများလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။ ရခိုင်ပြည်နယ်အကြမ်းဖက်ဖြစ်စဉ်ပြီးတော့ ဘင်္ဂါလီများအလုံးအရင်းနှင့် ရခိုင်ပြည်နယ်ထဲမှထွက်ခွာသွားခဲ့ပြီး မီဒီယာအချို့ရဲ့ပုံကြီးချဲ့ကားမှုကြောင့် အကြမ်းဖက်သမားများရဲ့အကြမ်းဖက်မှု ပပျောက်သွားပြီးတော့ မိမိတို့အစိုးရနဲ့တပ်မတော်အပေါ် အပြစ်တင်ပုံချတာ အားလုံးအသိပဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားတဲ့ဒုက္ခသည်တွေ နေရပ်ပြန်လာရေးနှင့် ဒီလိုထွက်ပြေးရတဲ့အခြေအနေကို စုံစမ်းစစ်ဆေးဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကိုယ်စားလှယ်အဖွဲ့က မြန်မာပြည်မှာ နှစ်ရက်ကြာလေ့လာတွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုတွေ့ဆုံခဲ့ရာမှာ မြန်မာအစိုးရအနေနဲ့ ဘင်္ဂါလီဒုက္ခသည်များကို ပြန်လည်ခေါ်ယူရာမှာ အချိန်ဆွဲနေကြောင်း၊ ပီပြင်၍လွယ်ကူအောင်မဆောင်ရွက်ဘဲ အလုပ်လုပ်နေခြင်းကို မေးခွန်းထုတ်ခဲ့ကြောင်း၊ မြန်မာဘက်မှ ရခိုင်အရေးတာဝန်ရှိသူများရဲ့ ရှင်းလင်းပြောကြားချက်များကို နားမထောင်ဘဲ ဘင်္ဂလားဒေ့ရှ်ဘက်က အထောက်အထားမရှိ တစ်ဖက်သတ်ကြားနာမှုများကိုသာ အဓိကမေးခွန်းထုတ်ခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်ကလူတွေ ဘယ်လိုခံစားနေရတယ်။ သူတို့ဒုက္ခရောက်နေတာက မြန်မာပြည်ကြောင့်ဖြစ်တယ်လို့ ပြောကြတယ်။ နောက်တစ်ချက်က ဒုက္ခသည်တွေကို ထွက်ပြေးရတဲ့အခြေအနေကို စုံစမ်းဖို့ဆိုရင် ICC ခေါ် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကနေကိုင်တွယ်စုံစမ်းဖို့နဲ့ မြန်မာအစိုးရက ကိုယ်တိုင်စုံစမ်းစစ်ဆေးဖို့ဆိုပြီး အချက်နှစ်ချက်လည်း ပြောကြားခဲ့ပါတယ်။ ဒီအချက်တွေကိုကြည့်မယ်ဆိုရင် နှစ်နိုင်ငံဖြေရှင်းရမယ့်ကိစ္စဟာ နိုင်ငံတကာပါဝင်လာတာကို သတိပြုရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာလည်း ရခိုင်အရေးနဲ့ပတ်သက်လို့ ကိုဖီအာနန် ခေါင်းဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်လည်းဖွဲ့စည်းခဲ့ပြီးတော့ ကိုဖီအာနန် ကော်မရှင်ရဲ့အကြံပြုချက်တွေကို အကောင်အထည်ဖော်ဖို့၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မရှင်ကို ထပ်မံဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဲဒီနောက်မှာတော့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီရဲ့ အကြံပေးအဖွဲ့ကို ထပ်မံဖွဲ့စည်းပါတယ်။ အခုအခါမှာတော့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည် ဖော်ရေးကော်မတီရဲ့အကြံပေးအဖွဲ့ရဲ့ ကြားဖြတ်အကြံပြုချက်အရ လွတ်လပ်သောစုံစမ်းရေး ကော်မရှင်ကို လက်ခံဖွဲ့စည်းခဲ့တဲ့အတွက်ကြောင့် အကြံပေးအဖွဲ့များလည်း သံသရာလည်နေတာကို တွေ့နေရမှာ ဖြစ်ပါတယ်။ တကယ်တမ်းဆိုရင် အဆိုရှင်ဆွေးနွေးသလို တည်ဆဲဥပဒေဖြစ်တဲ့ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းထားရှိပြီး ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အကြမ်းဖက်တိုက်ဖျက်ရေးများနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနိုင်ငံများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့်တင်ပြရလျှင် ရခိုင်ပြည်နယ်ရဲ့အရေးဟာ နိုင်ငံရဲ့အရေးပဲဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့အရေးပဲဖြစ်ပါတယ်။ နိုင်ငံတော်တွင်မည်သည့်ဒေသတွင်မဆို ပြည်သူတို့ရဲ့အသက်၊ အိုးအိမ်၊ စည်းစိမ်ပျက်ယွင်းပြီး ယခုကဲ့သို့အကြမ်းဖက်မှုဖြစ်စဉ်များအပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနဲ့အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်စွာပူးပေါင်း ဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့်အကာအကွယ်ရရှိစေရန်ဆိုတဲ့ ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးရဲ့အဆိုကို အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစောက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ အားလုံးကိုလေးစားပါတယ်။ ကျွန်တော်က မြောက်ဦး မဲဆန္ဒနယ်က ဦးဦးလှစောပါ။ ဦးသောင်းအေးရဲ့အဆိုဟာ ရခိုင်မှာနိုင်တဲ့ တိုင်းရင်းသားပြည်သူ အားလုံးရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုအတွက် လက်တွေ့ကျတဲ့အဆိုတစ်ရပ်ဖြစ်ပါတယ်။ နောက်နိုင်ငံတကာအခြေအနေတွေအရ အချိန်မရွေး ပဲ့ထွက်သွားနိုင်တဲ့ ပြည်ထောင်စုနိုင်ငံရဲ့ အစိတ် အပိုင်းတစ်ခုကို ကာကွယ်ဖို့အတွက်လည်း အရေးကြီးတဲ့အဆိုဖြစ်တဲ့အတွက်ကြောင့် ထောက်ခံတယ် ဆိုတာကို ကျွန်တော်ကြိုပြောချင်ပါတယ်။ ဖြည့်စွက်ပြီး နည်းနည်းဆွေးနွေးချင်ပါတယ်။ အဲဒီဆွေးနွေး တဲ့အခါမှာ မြန်မာစာပေသမိုင်းမှာ အင်မတန် ကျေးဇူးတရားကြီးမားတဲ့ ပညာရှင်တစ်ယောက်ရဲ့ အဆို တွေကို ကျွန်တော် ကိုးကားလိုပါတယ်။ သူကတော့ စာရေးဆရာကြီးမောင်ထင် ဖြစ်ပါတယ်။ သူ့ရဲ့ ဘဝတ္တုဟာ မြန်မာနိုင်ငံစာပေသမိုင်းမှာ မှတ်တိုင်ပါပဲ။ နောက်နိုင်ငံတကာ ဂန္တဝင်စာပေကိုလည်း သူအများကြီး ပြန်ခဲ့ပါတယ်။ အံ့ဩဖို့ကောင်းတာ သူဟာတစ်ချိန်တည်းမှာ အင်မတန်ကျွမ်းကျင်လိမ္မာ တဲ့ BCS တစ်ဦးဖြစ်ပါတယ်။ BCS ဆိုတာ Burma Civil Service တစ်ဦးဖြစ်ပါတယ်။ အဲဒီခေတ်မှာ လွတ်လပ်ရေး ရပြီးသားခေတ်မှာအင်မတန်တော်ပါတဲ့ဆိုတဲ့ အင်္ဂလန်ပြန် ICS တွေနဲ့ယှဉ်ပြိုင်ပြီးတော့

ကို တကယ့်ကိုစွမ်းစွမ်းတမံလုပ်ခဲ့တဲ့ တိုင်းပြုပြည်ပြုပုဂ္ဂိုလ်ကြီးပါ။ သူဟာရခိုင်တိုင်း အဲဒီတုန်းက ရခိုင်တိုင်းပါ။ ရခိုင်တိုင်းမှာ တိုင်းမင်းကြီးလုပ်ခဲ့ပါတယ်။ ၁၉၆၀ ခုနှစ်မှာ သူရဲ့ရခိုင်တိုင်းအစီရင်ခံစာ ကို ရေးခဲ့ပါတယ်။ အဲဒီအစီရင်ခံစာထဲက စာကြောင်းတစ်လေး တစ်ကြောင်း၊ နှစ်ကြောင်းကို ကျွန်တော် ဖတ်ပြလိုပါတယ်။ ရခိုင်တိုင်းအစီရင်ခံစာထဲကပါ။ ရခိုင်တို့သည် အိမ်ရှင်ဖြစ်၏။ စစ်တစ်ကောင်းသား တို့က ဧည့်သည်တည်း။ ရခိုင်တို့သည်မြန်မာအကြီးစားဖြစ်၏။ ထို့ကြောင့်ရခိုင်သည် သာဂီဝင်အကြီးစား ဟု ဆိုချိမ့်မည်။ ကျွန်ုပ်တို့၏ ဆွေမျိုးကြီးသည် တော်ရုံတန်ရုံအလုပ်ကို အောက်ကျနောက်ကျအလုပ်ဟု ထင်သည်။ ဧည့်သည်လူမျိုးတို့က ရေကြည်ရာမြက်နုရာ၌ မြေသစ်တည်ရန် ရောက်လာကြသူများ ဖြစ်၍ ပိုက်ဆံရမည့်အလုပ်မှန်သမျှကို အောက်ကျနောက်ကျဖြစ်သည်ဟုမယူဆကြချေ။ အရေးကြီး တာကနောက်ဆုံးအပိုဒ်ပါ။ စစ်တစ်ကောင်းနယ်သားတို့၏ဝါဒသည် နတ်မြစ်တစ်ဖက်ကမ်းရှိ မေယု တောင်တန်းဒေသနှင့် တောပန်ဇင်းမြစ်ဝှမ်းဒေသတို့ကို နယ်သစ်အဖြစ်အခြေစိုက်ရန်ဝါဒဖြစ်၏။ လွန်ခဲ့တဲ့ နှစ် ၆၀ က ဆရာကြီးပြောခဲ့တဲ့ စကားပါ။ အခုတော့ သူတို့ဟာ အဲဒီဟာကိုအကောင်အထည် ဖော်ဖို့အတွက် နည်းပေါင်းစုံနဲ့လုပ်လာခဲ့တယ်။ ကျွန်တော်တို့ လူ့အခွင့်အရေးကို ဗန်းပြပြီးတော့ လုပ်တယ်။ အခုကျတော့ သူတို့ဟာ မဟာဗျူဟာ၊ သေနင်္ဂဗျူဟာကြီးပြောင်းပြီးတော့ အကြမ်းဖက်ဝါဒ ကိုလုပ်လာပါတယ်။ အဲဒီတော့ ဒါနိုင်ငံတော်လုံခြုံရေးအတွက် ဒီလူတွေကို ကျွန်တော်တို့ ပြတ်ပြတ် သားသားချေမှုန်းဖို့၊ နိုင်ငံတော်အစီအမံတွေလုပ်ပေးဖို့လိုတယ်ဆိုတာ ဒါအထင်အရှားပါပဲ။ ဒီနေရာမှာ ကျွန်တော်တစ်ခုပြောချင်တာက စစ်တစ်ကောင်းသားလို့ပဲ သုံးထားပါတယ်။ တကယ်တော့ British Sence တွေ၊ Gazetteer တွေက Sittaungtian Bingali လို့ပဲသုံးပါတယ်။ အခု ကျွန်တော်တို့က အငြင်းပွားနေတဲ့ဝေါဟာရကို မသုံးတာ။ ဒါကို British အသိဆုံးပါ။ အဲဒီတော့ ဒီနေရာမှာ တစ်ခုပြော ချင်တာက လွန်ခဲ့တဲ့ တနင်္လာနေ့က ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးဆီကို ဖုန်းဆက်ပါတယ်။ အကြံပေးလမ်းညွှန်သလိုနဲ့ Pressure ပေးပါတယ်။ ကျွန်တော်တို့လည်း ရင်ထဲမှာခံစားရတယ်။ အဲဒီတော့ နိုင်ငံတကာမှာ ဗြိတိသျှတွေရဲ့ စခဲ့တဲ့ ဝေါဟာရ ကိုမသုံးဘဲနဲ့ ကျွန်တော်တို့မကြားလိုတဲ့ ဝေါဟာရတစ်ခုကို UN အဖွဲ့အစည်းတွေက၊ နိုင်ငံတကာ သံတမန်တွေက မြိန်ရည်ယှက်ရည်သုံးနေတယ်ဆိုတာ ကျွန်တော်တို့ရဲ့၊ နိုင်ငံရဲ့ဂုဏ်သိက္ခာကို အများကြီး ထိခိုက်ပါတယ်။ အဲဒီအတွက် ပြန်ကြားရေးဝန်ကြီးဌာနကသော်လည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနကသော်လည်းကောင်း ဒီဟာကိုတစ်စုံတစ်ရာ တုံ့ပြန်ဖို့လိုတယ်လို့တော့ ကျွန်တော် ယူဆ ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ ဒီ ၁၃ ရက်နေ့ထုတ်တဲ့ New Light of Myanmar ရဲ့ Opinion အခန်းမှာ Editorian မှာ Everyone should Understand Complexity of Rakhine Issue ဆိုပြီးတော့ ခေါင်းစဉ်နဲ့ Opinion ပါပါတယ်။ ဆိုတဲ့သဘောက ရခိုင်ပြဿနာရဲ့ ခက်ခဲ နက်နဲရှုပ်ထွေးမှုကို လူတိုင်းဟာ နားလည်သင့်တယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ အတိုင်ပင်ခံ ပုဂ္ဂိုလ်ကလည်းသိတဲ့လူ နည်းနည်းလေးပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ထဲမှာလည်း နားလည်ဖို့အားနည်းတယ်လို့ ထင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်ရိုးရိုးသားအကြံပေးလိုတာက ဒီလွှတ်တော်ထဲမှာရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို ဘူးသီးတောင်၊ မောင်တောနယ်မြေ

ကို အသုတ်လိုက်၊ အသုတ်လိုက်လေ့လာရေးနဲ့ လွှတ်ပေးစေချင်ပါတယ်။ အသုတ်လိုက်၊ အသုတ်လိုက် ပါ။ ကျွန်တော်ထင်ပါတယ်။ ပိုက်ဆံကတော့ ပူစရာမလိုဘူး။ UNHC တွေမှာပြောလိုက် မြန်မာငွေတွေ ဘီလီယံနဲ့ရှိတယ်။ အများကြီး၊ အများကြီးရှိပါတယ်။ သုံးလို့ရပါတယ်။ အဲဒီတော့ အထူးသဖြင့် အမျိုး သမီးတွေကို လွှတ်စေချင်တယ်။ ကျွန်တော်က ဘာလို့လဲဆိုတော့ အဲဒီဘင်္ဂါလီအမျိုးသမီးတွေဟာ လူ့အခွင့်အရေးအင်မတန်ဆုံးရှုံးတယ်။ သူတို့ဟာ တကယ့်ဘယ်လိုခေါ်မလဲဆိုတော့ ကျွန်တော်တို့ ပြောတဲ့ ပိုလီဂမီပေါ့လေ။ မူဆလင်အမျိုးသားတစ်ယောက်က မိန်းမလေးယောက် တရားဝင်ယူခွင့်ရှိ တယ်။ သူတို့ခင်ဗျာတော်တော်လေး ခံစားရတယ် အဲဒါတွေ။ နောက်တစ်ခုက သူတို့ခင်ဗျာ ဟောလိဝုဒ် လည်းမကြည့်ရဘူး။ ဘောလိဝုဒ်လည်းမသိဘူး။ နေတိုးလည်းမသိဘူး။ ထွန်းအိန္ဒြာဗိုလ်လည်းမသိဘူး။ ပြေတီဦးလည်းမသိဘူး။ ဘာမှမသိဘူး။ အဲဒီတော့ အဲဒီမိန်းမတွေကို ပညာပေးဖို့အတွက် ဒီလွှတ်တော်မှာရှိတဲ့ အမျိုးသမီးအမတ်တွေဟာ တကယ်သင့်တော်ပါလိမ့်မယ်။ အဲဒါကြောင့် ဒီအမျိုး သမီးလွှတ်တော်အမတ်တွေ အကုန်လုံး၊ အကုန်လုံးကို ဘူးသီးတောင်၊ မောင်တောနယ်မြေကို လွှတ်ပေး ပြီးတော့ တကယ့် Ground Situation၊ တကယ့် Objective Reality ကိုသိအောင် ကျွန်တော် ပို့ပေးစေချင်ပါတယ်။ အဲဒါကိုတော့ ကျွန်တော်အလေးအနက် တိုက်တွန်းပါတယ်။ အဲဒီလောက်နဲ့ ကျွန်တော်နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ ဖြစ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းအေးရဲ့အဆိုမှာ ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က နိုင်ငံတော် တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော် တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ် ပေါ်စေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက် တိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်စွာပူးပေါင်း ဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့်ကာကွယ်မှုပြုလုပ်ပေးပါရန်လို့အဆိုကို တင်သွင်းထားတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်ဟာ အာဏာရှင် ခေတ်တစ်လျှောက်လုံးမှာ မြန်မာနိုင်ငံတွင် အဆင်းရဲဆုံးပြည်နယ်တစ်ခုအဖြစ် ရှိနေခဲ့ပါတယ်။ လက်ရှိ အစိုးရလက်ထက်မှာ အခြားပြည်နယ်များနည်းတူ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်လာတာကို တွေ့ရှိရပါတယ်။ အချိန်ကိုက်ဆိုသလိုပဲ ပြဿနာကြီးများဟာ ကြီးကြီးမားမားကြုံကြိုက်လာခဲ့ရပါ တယ်။ နူရာဝဲစွဲ လဲရာသူခိုးထောင်းဆိုသလိုပါပဲ။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့နှင့် ၁၃ ရက်တွေမှာ တပ်မတော်စစ်ကြောင်းတစ်ခုကို လူအုပ်စုနဲ့ အကြမ်းဖက်တိုက်ခိုက် ခံခဲ့ရပါတယ်။ စသဖြင့်

နေ့ရက်ပေါင်းများစွာ အကြမ်းဖက်တိုက်ခိုက်မှုပေါင်းများစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ ရခိုင်တိုင်းရင်းသား မျိုးနွယ်စုတွေ သေကြေခဲ့ရတယ်။ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရတယ်။ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လူနေအိမ်ခြေများစသည်ဖြင့် မီးရှို့ဖျက်ဆီးခြင်းခံခဲ့ကြရပါတယ်။ ဒုက္ခသည်စခန်းများ မှာ ဆင်းရဲကျပ်တည်းစွာ ခက်ခက်ခဲခဲရပ်တည်နေခဲ့ကြရပါတယ်။ ယင်းကဲ့သို့ဖြစ်စဉ်များအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ကိုင်တွယ်ဆောင်ရွက်ချက်တွေနဲ့ပတ်သက်လို့ နိုင်ငံတကာ အသိုင်းအဝိုင်း ကြားမှာ ပြစ်တင်ဝေဖန်မှုတွေ၊ စွပ်စွဲချက်တွေအမြောက်အမြားကြုံတွေ့ရင်ဆိုင် ဖြေရှင်းနေရတာဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အင်အားအလွန်အကျွံသုံးစွဲမှု (Exessive Use of Force)၊ Ethnic Cleaning၊ Genocide အစရှိတဲ့ စွပ်စွဲမှုကြီးတွေနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အဖွဲ့ဝင်နိုင်ငံ အများအပြားက ဖိအားပေးနေတဲ့အချိန်၊ ICC International Criminal Court မှာ အမှုဖွင့်အရေးယူ နိုင်ဖို့ ကြိုးစားနေတဲ့အချိန်၊ လူ့အခွင့်အရေးအဖွဲ့အစည်းတွေရဲ့ စွပ်စွဲချက်တွေအရ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအရေးမှုတွေ တိုးမြင့်ဖြစ်ပေါ်လာအောင် လှုံ့ဆော်နေတဲ့အခြေအနေအချိန်အခါပဲ ဖြစ်ပါ တယ်။ ဒီလိုအခြေအနေအချိန်အခါပေါ်မှာ လိမ္မာပါးနပ်စွာ၊ သိမ်မွေ့နူးညံ့စွာ ကျော်ဖြတ်နိုင်ဖို့အတွက် ဒုတိယသမ္မတကြီး ဦးမြင့်ဆွေ ဦးဆောင်ပြီး ကော်မရှင်အဖွဲ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် လည်းကောင်း၊ တပ်မတော်အနေနဲ့ ကာကွယ်ရေးဦးစီးချုပ်ရုံးကြီးမှ ဒုတိယဗိုလ်ချုပ်ကြီးဦးအေးဝင်း ဦးစီးတဲ့စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူးအနေနဲ့ ရဲမှူးချုပ်ဦးဝင်းထွန်း ဦးစီးတဲ့စုံစမ်း စစ်ဆေးရေးအဖွဲ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင်လည်းကောင်း စသည်ဖြင့် ကော်မတီ၊ ကော်မရှင်အသီးသီးဖွဲ့စည်းပြီး တော့ တာဝန်ပေးအပ်ကာ သတင်းအမှန်များထုတ်ပြန်နိုင်ရေးအတွက် ကြိုးစားခဲ့ပါတယ်။ ယင်းကဲ့သို့ မြေပြင်တွင် အမှန်တကယ်ဖြစ်ပေါ်နေသည့်အဖြစ်အမှန်များကို တာဝန်သိ၊ တာဝန်ကျေပွန်သော နိုင်ငံတကာမိသားစုဝင်နိုင်ငံဖြစ်ကြောင်း ပြသနိုင်ရန်လည်းကောင်း၊ မိမိတို့နိုင်ငံအပေါ်မှာ စေတနာ မှန်မှန်နှင့်ကူညီနေသော မိတ်ဆွေနိုင်ငံများရဲ့ အကြံပြုချက်များကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတကာရဲ့ ပူးပေါင်းပါဝင်မှုကိုရရှိလာစေရန်လည်းကောင်း၊ သတင်းအမှန်များ ထုတ်ပြန်နိုင်ရန်ကြိုးစားနေခြင်းပဲ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်ထဲမှာ လုံလောက်သည့်ကာကွယ် မှုကိုပြုလုပ်ပေးပါရန်လို့ ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ မြန်မာ-ရုရှားစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တွင် လက်မှတ်ရေးထိုးခြင်း၊ Benstip Convention တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းများကိုလည်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းဖြင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များ၌ ဥပဒေပိုင်းအပြန်အလှန် ကူညီပေးရေးဆိုင်ရာကိစ္စရပ် များကိုပြုလုပ်ရာမှာ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ အဆိုပါသဘောတူစာချုပ်မှာပြဋ္ဌာန်းပြီး ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး၊ ဥပဒေများအရ ဗဟိုအာဏာပိုင်အဖွဲ့ကိုဖွဲ့စည်း၍ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့အနေနဲ့ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၇)ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယင်းထုတ်ပြန်ကြေညာချက် အပိုင်း(၅) တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုကို ပြင်းထန်စွာ ရှုံ့ချပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုမှန်သမျှကို တားဆီးကာကွယ်သွားမည်ဖြစ်သည်။ ထို့အပြင်

အကြမ်းဖက်မှုတွင် ပါဝင်ကျူးလွန်သူများ၊ ပူးပေါင်းကြံစည်သူများ၊ အားပေးကူညီသူများအားလုံးကို အရေးယူဆောင်ရွက်မည်ဖြစ်သည်ဟု ပါရှိပါတယ်။ အဲဒီ့အပြင် မြန်မာနိုင်ငံ လက်ရှိအစိုးရအနေနဲ့ ရခိုင်ပြည်နယ်မှာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ အထူးသဖြင့် လမ်း၊ တံတားများ၊ ကျောင်း၊ ဆေးခန်း၊ ရေတွင်း၊ ရေကန် ဒါတွေကိုပြုလုပ်ပေးခြင်းဟာလည်း ကာကွယ်ရေးနဲ့အကျုံးဝင်နေပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံအနေနဲ့ လွှတ်တော်၊ အစိုးရ၊ ပြည်သူ၊ တပ်မတော်အားလုံးဟာ တစ်သားတည်းဖြစ်ပြီးတော့ အရေးကြီးရင်သွေးစည်းဖို့လိုအပ်ပါကြောင်း ပါဝင်ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် ဖြစ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးတင်သွင်းတဲ့ အဆိုပေါ်မှာ အကြံပြုဆွေးနွေးသွားပါမယ်။ အဆိုရှင်ရဲ့အဆိုနဲ့ဆွေးနွေးချက်တွေကို ကျွန်မလေ့လာကြည့်တဲ့အခါမှာ ကျွန်မအနေနဲ့ အပိုင်းနှစ်ပိုင်းခွဲပြီးတော့ ဆွေးနွေးဖို့ဖြစ်လာပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ အဆိုရဲ့ရည်ရွယ်ချက်က နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်ကို အနှောင့်အယှက်အတားအဆီးဖြစ်စေတဲ့ ARSA အကြမ်းဖက်အဖွဲ့ရဲ့ ကျူးလွန်ခဲ့တဲ့ အကြမ်းဖက်ဖြစ်စဉ်တွေကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနဲ့ အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ဖို့ဆိုတဲ့အချက်တွေက ကြိုဆိုရမယ့်အချက်တွေပဲဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မူအရ ဒီအဆိုကို ကန့်ကွက်ရန်မရှိကြောင်း ဦးစွာဆွေးနွေးလိုပါတယ်။ ကျွန်မတို့ စဉ်းစားရမယ့်အပိုင်းကတော့ မူဝါဒတွေကို ချဉ်းကပ်အကောင်အထည်ဖော်တဲ့အပိုင်းပဲ ဖြစ်ပါတယ်။ အဆိုရှင်ဆွေးနွေးသွားတဲ့ ဆွေးနွေးချက်တွေကို ကျွန်မအနေနဲ့ အနှစ်ချုပ်လိုက်မယ်ဆိုလို့ရှိရင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေရဲ့ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၁၅)စသဖြင့် ကိုးကားပြီးတော့ အရေးယူအပြစ်ပေးနိုင်တဲ့အပိုင်းနဲ့ ဒီအကြမ်းဖက်မှုဆိုတာဘာလဲဆိုတာကို အဓိပ္ပာယ်သတ်မှတ်တဲ့အပိုင်းတွေကို ဦးစားပေးပြီးတော့ ဆွေးနွေးသွားတာဖြစ်ပါတယ်။ နောက်တစ်ချက်က ဘာလဲဆိုရင် အခန်း(၁၅)မှာပါတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အပိုင်းကို အဓိကထားပြီးတော့ ကိုးကားဆွေးနွေးတိုက်တွန်းသွားတာ တွေ့ရပါတယ်။ တစ်ဖက်ကဆိုလို့ရှိရင်လည်း အမျိုးသားလုံခြုံရေးနဲ့ လူသားချင်းစာနာထောက်ထားမှု အခြေခံလူ့အခွင့်အရေးတွေဟာ ပြဒါးတစ်လမ်း သံတစ်လမ်း မအပ်စပ်တဲ့သဘောမျိုးဆွေးနွေးသွားတာကိုလည်း ကျွန်မသတိထားမိပါတယ်။ အဲဒီအပေါ်မှာတော့ ကျွန်မအနေနဲ့ အနည်းငယ် သဘောထားကွဲလွဲတဲ့အကြောင်း ဆွေးနွေးလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေရဲ့ရည်ရွယ်ချက် အခန်း(၂) ပုဒ်မ ၄ ပုဒ်မခွဲ(ဃ)နဲ့ ပုဒ်မ ၄ ပုဒ်မခွဲ(င)မှာပါဝင်တဲ့အချက်တွေကိုကြည့်မယ်ဆိုလို့ရှိရင် ကျွန်မတို့ဟာ ဒီဥပဒေအတိုင်းကျင့်သုံးမယ်ဆိုတာနဲ့ အဲဒီရည်ရွယ်ချက်တွေကို ပန်းတိုင်ထားပြီးတော့ အကောင်အထည်ဖော် အရေးယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ နောက်တစ်ပိုင်းကတော့ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့အပိုင်း ဖြစ်ပါ

တယ်။ ဒါ အခန်း(၁၅)မှာ ဖော်ပြထားတာဖြစ်ပါတယ်။ ဒီအချက်ကိုတော့ ကျွန်မအနေနဲ့ အထွေအထူး ဆွေးနွေးစရာမရှိပါဘူး။ အဆိုရှင်အနေနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေရဲ့ အခန်း(၁၇) အရေးယူရာတွင် တရားမျှတစွာ ပြုမူဆက်ဆံခြင်းဆိုတဲ့အပိုင်းကိုတော့ ထည့်သွင်းဆွေးနွေးခြင်းမရှိတာ တွေ့ရပါတယ်။ အဲဒီ ပုဒ်မ ၆၁ မှာဖော်ပြထားတဲ့ ဥပဒေရဲ့ပေးထားချက်တွေကိုကြည့်မယ်ဆိုလို့ရှိရင် တကယ်တော့ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်ဖို့ စိတ်ဆန္ဒရှိပြီဆိုတာနဲ့ ဒီအချက်တွေကို အမျိုးသားလုံခြုံရေးကို မထိခိုက်စေဘဲ ဘယ်လိုကျင့်သုံးမလဲ။ နောက် International Best Practice တွေက ဘာတွေဖြစ်မလဲဆိုတာကို ကျွန်မတို့အနေနဲ့ ကြိုတင်တွေးဆပြီးတော့ ပြင်ဆင်ထားရမယ်လို့ ယူဆပါတယ်။ ကျွန်မ Colour အနီနဲ့ပြထားတာ ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေတွေနဲ့ လိုက်လျောညီထွေတဲ့ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တရားမျှတစွာ ပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများ ရရှိစေရေးတို့အတွက် အာမခံချက်ရှိစေရမယ်ဆိုတာမျိုး ဖော်ပြထားတာရှိပါတယ်။ ဒါ အကြမ်းဖက်ဥပဒေမှာပဲ ဖော်ပြထားတာဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်မထပ်ပြီးတော့ ကိုးကားချင်တာက ကျွန်မတို့မြန်မာနိုင်ငံအနေနဲ့လည်း အရှေ့ကလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဆွေးနွေးသွားတဲ့၊ ကိုးကားသွားတဲ့အထဲမှာလည်း ပါပါတယ်။ ACCT ပါ။ ကျွန်မတို့မြန်မာနိုင်ငံအနေနဲ့ လက်မှတ်ရေးထိုးထားတဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ARSEAN Convention ဖြစ်ပါတယ်။ အဲဒီအချက်တွေမှာလည်း ဘာတွေပါဝင်နေလဲဆိုလို့ရှိရင် ဒီစာချုပ်ရဲ့စကားချည်းမှာ ဒီဘက် Recalling ဆိုတဲ့အပိုင်းမှာရှိပါတယ်။ ကုလသမဂ္ဂ CHARTER အပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေတွေနဲ့ လိုက်လျောညီထွေဖြစ်ဖို့ လူ့အခွင့်အရေးကို အကာအကွယ်ပေးရေး၊ မျှတစွာဆက်ဆံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် သန္နိဋ္ဌာန်ခိုင်မာမှုကို သေချာစေခြင်းအားဖြင့်ဆိုပြီးတော့ ဖော်ပြပါရှိထားတာကို သတိချပ်စေလိုပါတယ်။ အဲဒီတော့ ကျွန်မတို့ တတွေဟာ ဒီအကြမ်းဖက်မှုနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေကို ရင်ဆိုင်တိုက်ဖျက်တဲ့အခါမှာ အကြမ်းဖက်သမားတွေကိုပဲ မျက်မှာမူပြီးတော့နေရင်းနဲ့ ပြည်သူကိုကျော်ခိုင်းသွားတာမျိုး မဖြစ်သင့်ပါဘူး။ အကြမ်းဖက်မှုကနေပြီးတော့ ကျွန်မတို့ အကာအကွယ်ပေးရမယ့် ပြည်သူပြည်သားတွေ၊ နိုင်ငံသူနိုင်ငံသားတွေရဲ့ လူ့အခွင့်အရေးနဲ့ တစ်ဦးချင်းလွတ်လပ်ခွင့်တွေကို မျက်နှာမူပြီးတော့ အကာအကွယ်ပေးဖို့လိုတယ်လို့ ကျွန်မအနေနဲ့ ဆွေးနွေးလိုပါတယ်။ ပြည်သူလူထုက တစ်ဦးချင်းလွတ်လပ်မှုနဲ့ လူ့အခွင့်အရေးတွေကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်သမားတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ ရန်ကနေပြီးတော့ အကာအကွယ်ပေးဖို့ တာဝန်ရှိတယ်ဆိုတဲ့ ရှုထောင့်ကနေပြီးတော့ ချဉ်းကပ်မယ်ဆိုလို့ရှိရင် နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့လည်း ပဋိပက္ခဖြစ်စရာမရှိပါဘူး။ အမျိုးသားလုံခြုံရေးကို အဲဒီနည်းနဲ့ပဲ ကမ္ဘာ့အင်အားကြီးပြီးတော့ ဒီမိုကရေစီထွန်းကားတဲ့နိုင်ငံတွေက ဒီနည်းနဲ့ပဲ အမျိုးသားလုံခြုံရေးကို အကာအကွယ်ပေးနေကြတာ ဖြစ်ပါတယ်။ အဲဒီလိုမျိုးသာ အမျိုးသားလုံခြုံရေးကို ချဉ်းကပ်မယ်ဆိုရင် လူသားချင်းစာနာထောက်ထားမှုနဲ့ အခြေခံလူ့အခွင့်အရေးတန်ဖိုးတွေကို ကျွန်မတို့က ဒီအမျိုးသားအကျိုးစီးပွားရဲ့ ဖွားဘက်တော်တွေအဖြစ်နဲ့ မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါမှမဟုတ်လို့ရှိရင်တော့ ကျွန်မတို့က လူ့အခွင့်အရေးနဲ့လုံခြုံရေးနဲ့ကို ဘယ်ဟာရွေးမလဲဆိုတဲ့ တစ်ခုရမှ တစ်ခုစွန့်လွှတ်ရမယ့်အနေအထားမျိုးကို အဲဒီလမ်းကြောင်းအပေါ်ကိုသွားနေတာသည် နိုင်ငံသူနိုင်ငံသား

တွေရဲ့အခွင့်အရေးကို ဆုံးရှုံးဖို့လို့ မျက်နှာမူတဲ့အပိုင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာ့ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးထွန်းကားတဲ့နိုင်ငံတွေမှာ လုံခြုံရေးလည်းကောင်းပါတယ်။ အဲဒီလုံခြုံရေးဟာ ဘာအတွက်ပဲလဲဆိုလို့ရှိရင် အမျိုးသားလုံခြုံရေးလည်းဟုတ်တယ်။ အချုပ်အခြာအာဏာအတွက် လည်း ဟုတ်တယ်။ ထို့အတူ နိုင်ငံသူနိုင်ငံသားတွေရဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးကိုပါ စောင့်ရှောက်တဲ့အပိုင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလုံခြုံရေးကို စဉ်းစားမယ်၊ အချုပ်အခြာအာဏာကို စဉ်စားမယ်ဆိုရင် ဒီလိုမျိုး တစ်စုံလုံးစဉ်းစားပြီးတော့ နိုင်ငံတကာစံချိန်စံညွှန်း တွေနဲ့အညီလည်း ကျွန်မတို့ အကောင်အထည်ဖော်ဖို့ သတိချပ်သင့်ပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးသောင်းအေးရဲ့အဆိုဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုး ရေးအတွက် အလွန်အရေးကြီးတဲ့အဆိုဖြစ်လို့ ပါတီစွဲတွေ၊ လူမျိုးစွဲတွေကို ဘေးဖယ်ပြီးတော့ နိုင်ငံတော်ရဲ့ အကျိုးစီးပွားကိုသာ ဦးထိပ်ထားဆွေးနွေးအဖြေရှာကြရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုမှာပါတဲ့ နိုင်ငံတော်တွင် အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရန် လုံလောက်သော ကာကွယ် မှုများကို ပြုလုပ်ပေးရန်အဆိုတဲ့အချက်တွေအပေါ်မှာ အဓိကထားပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ARSA အဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုဟာ ကျွန်တော်တို့နိုင်ငံမှာ အရင်ကမကြုံဖူး တဲ့ လူထုကိုဗဟိုပြုတဲ့တိုက်ခိုက်မှုပုံစံ ဖြစ်ပါတယ်။ အမှန်ကတော့ ARSA အဖွဲ့ဆိုတာ လုံခြုံရေးစခန်း (၃၀)ခုကို တစ်ချိန်တည်း တစ်ပြိုင်နက်တိုက်ခိုက်နိုင်အောင်အထိ အင်အားကြီးတဲ့ သီးသန့် လက်နက်ကိုင်တပ်ဖွဲ့ မဟုတ်ပါဘူး။ ဆယ်ဂဏန်းမျှသာရှိတဲ့ လက်နက်ကိုင်အကြမ်းဖက်သမားတွေနဲ့ အတူ ထောင်ချီတဲ့ရွာခံတွေက တုတ်၊ ဓား၊ လှံတွေနဲ့ ညာသံပေးပြီးတော့ ပူးပေါင်းပါဝင်တိုက်ခိုက်ခဲ့ကြ တာဖြစ်ပါတယ်။ မျှော်လင့်ထားသလို ဖြစ်မလာတဲ့၊ အောင်မြင်မှုမရရှိတဲ့အခါမှာ အကုန်လုံးပဲ ဆွေမျိုး တွေရှိရာ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားရတာဖြစ်ပါတယ်။ ဒါ ဒီဇာတ်လမ်းရဲ့အဖြေပါပဲ။

သူတို့ရဲ့ရည်ရွယ်ချက်ကတော့ ဒေသအတွင်းမှာရှိတဲ့ ၉၀ ရာခိုင်နှုန်းရှိနေပြီဖြစ်တဲ့ ဘင်္ဂါလီတွေ ရဲ့အင်အားကို ရယူပြီးတော့ မောင်တောခရိုင်တစ်ခုလုံးကို တစ်ပြိုင်နက် တိုက်ခိုက်သိမ်းယူဖို့ ဖြစ်ပါ တယ်။ ဒီလို အခြေအနေမျိုးဖြစ်အောင် အစွန်းရောက်ဘင်္ဂါလီတွေက နှစ်ပေါင်းများစွာ အရှိန်ယူပြီး တော့ ကျားကုတ် ကျားခဲ ဆင်ကြံကြံခဲ့ကြတာဖြစ်ပါတယ်။ ထောင်ချီတဲ့ဘင်္ဂါလီ ဗလီတွေ၊ အာရဗီ စာသင်ကျောင်းတွေမှာ ဘာသာရေးခေါင်းဆောင်ဆိုသူတွေက ဘာသာရေး၊ လူမျိုးရေး၊ အစွန်းရောက် တရားတွေကိုဟောပြီး လူထုကိုသွေးဆာနေအောင် မြှောက်ပင့်ပေးခဲ့ကြပါတယ်။ ဒေသခံတိုင်းရင်းသား တွေ သူတို့သြဇာမခံတဲ့ရွာလူကြီးတွေကို ခြိမ်းခြောက်သတ်ဖြတ်ပါတယ်။ ဘာသာရေးအရ တရားစီရင် ခြင်းကိုပြုလုပ်ပြီးတော့ ဒေသတွင်းအုပ်ချုပ်ရေးယန္တရားနဲ့ တရားဥပဒေစိုးမိုးရေးကို ဖျက်ဆီးကြပါ တယ်။ အဲဒီနောက်မှာတော့ ARSA အမာခံများဟာ ကျေးရွာများမှာ ဥမင်လိုဏ်ခေါင်းတွေ တူးပြီးတော့ အကြမ်းဖက်သင်တန်းများပေးခြင်း၊ စစ်ရေးလေ့ကျင့်ခြင်း၊ လက်လုပ်မိုင်းများပြုလုပ်ခြင်း၊ ရိက္ခာများ

စုဆောင်းခြင်းတွေကို အရှိန်ယူပြီးတော့ စနစ်တကျတည်ဆောက်ခဲ့ကြပါတယ်။ ဒေသအာဏာပိုင်များကတော့ မုန်တိုင်းမလာခင် ခဏတာမျှငြိမ်သက်နေတာကို မိုးလေဝသကောင်းတယ် ထင်ပြီး နမော်နမဲ့နေခဲ့ကြလို့ နောက်ဆုံးမှာတော့ သတင်းအစအနတောင်မရရှိဘဲ စခန်းတွေအားလုံး တစ်ပြိုင်နက် တိုက်ခိုက်ခံခဲ့ရတာဖြစ်ပါတယ်။ တကယ်တော့ ARSA ဆိုတာ တောထဲမှာမရှိပါဘူး။ ဘင်္ဂါလီရွာတွေထဲမှာပဲရှိပါတယ်။ အခြေအနေမကောင်းရင်ငြိမ်နေမယ်။ အခြေအနေကောင်းရင်၊ အခွင့်သာရင် တိုက်မယ်။ ဒါကြောင့် ဘင်္ဂါလီရွာတွေကို တရားဥပဒေစိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေး လုပ်ပေးနိုင်တယ်ဆိုရင် ဒါ သူပုန်ဌာနချုပ်ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဖြစ်စဉ်တွေကို သင်ခန်းစာယူပြီးတော့ နောက်တစ်ကြိမ် အကြမ်းဖက်မှုတွေမခံရအောင် ကြိုတင်ပြင်ဆင်မှုတွေ၊ အရေးယူဆောင်ရွက်မှုတွေကို ထိထိရောက်ရောက် ပြတ်ပြတ်သားသားလုပ်ဆောင်ဖို့ လိုပါတယ်။ အောက်ပါအချက်တွေကို အလေးထားစဉ်းစားသင့်ကြောင်း တင်ပြလိုပါတယ်။ (၁) ထောင်ချီနေတဲ့ဘင်္ဂါလီတွေရဲ့ ဗလီအရေအတွက်ကို လျှော့ချပြီးတော့ သဘောမျှတတဲ့ ဘင်္ဂါလီဆရာများနဲ့ အစားထိုးဆောင်ရွက်ခြင်း၊ (၂) အာရဗီကျောင်းများကို လုံးဝဖျက်သိမ်းပြီး အစိုးရကျောင်းများဖြင့် အစားထိုးဆောင်ရွက်ခြင်း၊ (၃) လုံခြုံရေးစခန်းများအား အရေအတွက်ရော အင်အားပါတိုးချဲ့ချထားခြင်း၊ (၄) ကျေးရွာများတွင် ပညာပေးဟောပြောခြင်းများပြုလုပ်ခြင်း၊ အုပ်ချုပ်ရေးယန္တရားကို ခိုင်မာစွာတည်ဆောက်ခြင်း၊ (၅) အကြမ်းဖက်သမားများအတွက် အလွယ်တကူဝင်ရောက်နိုင်သော ပင်လယ်ကမ်းခြေဒေသရှိ ဘင်္ဂါလီကျေးရွာများအားဖယ်ရှားပြီး တိုင်းရင်းသားကျေးရွာများဖြင့် စည်းရိုးတံတိုင်းကာရံခြင်း၊ (၆) ဒေသအတွင်း တစ်လင်တစ်မယားဥပဒေ၊ လူဦးရေထိန်းညှိရေးဆိုင်ရာဥပဒေနှင့် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေတွေကို ထိရောက်စွာကျင့်သုံးခြင်း၊ (၇) ဒေသအတွင်းမှာ ဘင်္ဂါလီနှင့် တိုင်းရင်းသားလူဦးရေကို သင့်တင့်မျှတသော လူဦးရေအချိုးတစ်ခုဖြစ်အောင် စီမံချက်ချဆောင်ရွက်ခြင်း၊ (၈) ဒေသခံတိုင်းရင်းသားများအား ၎င်းတို့၏ဘဝ စိတ်ချလုံခြုံရေးအတွက် ပြည်သူ့စစ်များဖွဲ့ပေးခြင်း၊ (၉) ရည်ရွယ်ချက်ရှိရှိဖြင့် ခြေချင်းလိမ်နေသော NGO, INGO များ၏ အထောက်အပံ့ အကူအညီများအား ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့်သာ ကူညီစေခြင်း၊ (၁၀) အကြမ်းဖက်မှုဖြစ်စဉ်များတွင် အုံနှင့်ကျင်းနှင့်ပါဝင်သောကျေးရွာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လူအုပ်ဖြင့်ဝင်ရောက်တိုက်ခိုက်ခဲ့သော ကျေးရွာများအား ခြံစည်းရိုးခတ်ပြီး အချိန်အတိုင်းအတာတစ်ခုအထိ အရေးယူစောင့်ကြည့်ခြင်း သို့မဟုတ် ဖြိုဖျက်ခြင်း၊ (၁၁) အကြမ်းဖက်သမားများအား ထိရောက်စွာဖော်ထုတ်ပြီး အမေရိကန် ရွာတာနာမိုကဲ့သို့ အကျဉ်းစခန်းများဖြင့် ထိန်းသိမ်းထားခြင်း စတဲ့အချက်တွေကို ရေတိုရေရှည်စီမံချက်ဖြင့်ရေးဆွဲပြီး ရဲရဲဝံ့ဝံ့အကောင်အထည်ဖော်ဖို့ လိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာရဲ့ဖိအားပေး ခြိမ်းခြောက်မှုတွေကြောင့် နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိခိုက်စေမယ့်လမ်းကြောင်းကို ကျွန်တော်တို့ကိုယ်တိုင် လိုလိုလားလား နဲ့မလျှောက်မိအောင် သတိထားဖို့လိုပါတယ်။ နိုင်ငံတိုင်းဟာ မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ရေးကို ဦးစားပေးလုပ်ဆောင်ကြစမြဲဖြစ်ပါတယ်။ လူ့အခွင့်အရေးတွေကို တသွင်သွင်အော်နေတဲ့ အမေရိကန်နိုင်ငံသည်ပင်လျှင် အမိမြေလုံခြုံရေး၊ အမေရိကန်သာပထမဆိုတဲ့မူဝါဒကို ကိုင်စွဲပြီး သူများနိုင်ငံကို ပြောင်ကျကျ အင်အားသုံးတိုက်ခိုက်ခဲ့တာ အထင်အရှားမြင်နိုင်ပါတယ်။ တစ်နည်းအား

ဖြင့် အကြမ်းဖက်မှုကို အကြမ်းဖက်မှုနဲ့ တန်ပြန်တုံ့ပြန်ခြင်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ဘုရင့်နိုင်ငံတော်အင်အားကောင်းစဉ်က တစ်ဖက်နိုင်ငံဟာ ရခိုင်တွေရဲ့အုပ်ချုပ်မှုအောက်မှာ တောက်လျှောက်ရှိနေခဲ့ပါတယ်။ ဒီလူတွေရဲ့အကြောင်းကို ဒီလူတွေရဲ့စိတ်ဓာတ်သဘောထားတွေကို ရခိုင်တွေက ကောင်းကောင်းသိပါတယ်။ ကုလားမနိုင်ရခိုင်မမဲဘဲ ရခိုင်တွေကို မေးဖို့လိုပါတယ်။ လုပ်ပိုင်ခွင့်မရှိလို့ ခံနေကြရတာဖြစ်ပါတယ်။ ရခိုင်အရေးကိုဖြေရှင်းရာမှာ ရခိုင်တွေကို ပါဝင်ဖြေရှင်းခွင့်မပေးခြင်းဟာ အလွန်ရယ်စရာကောင်းတဲ့ဟာသပြက်လုံးတစ်ခု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့အခြေအနေက Do or Die လုပ်သင့်လုပ်ထိုက်တာ ပြတ်ပြတ်သားသားမလုပ်ရဲရင် ကျားကြီးရှေ့မှာမှောက်လျက်လှဲတဲ့ သိုးသူငယ်ဘဝလို လည်စင်းခံပေးရမယ့် အဖြစ်မျိုးရောက်သွားနိုင်ပါကြောင်း သတိပေးရင်း ဦးသောင်းအေးရဲ့အဆိုကို အကြွင်းမဲ့ထောက်ခံ လိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ တင်သွင်းသော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထိရောက်စွာပူးပေါင်းဖော်ထုတ်တိုက်ဖျက်ပြီး လုံလောက်သည့်ကာကွယ်မှုပြုလုပ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းထားတဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ပထမဆုံးအနေနဲ့တင်ပြလိုတာကတော့ ကိုယ်စားလှယ်တော်ကြီးဆွေးနွေးတင်ပြသွားသော အကြမ်းဖက်မှုနဲ့ပတ်သက်တဲ့ဖြစ်စဉ်တွေနဲ့အချက်အလက်တွေဟာ နိုင်ငံတော်အစိုးရက နိုင်ငံပိုင်သတင်းစာများ၊ မီဒီယာများကနေတစ်ဆင့် ပြည်သူလူထုထံကို အမြဲမပြတ်ရှင်းလင်းနေတဲ့ အချက်အလက်တွေပဲဖြစ်ပါတယ်။ ဒါပေမဲ့ အစိုးရကနေပြီး ဒီအကြမ်းဖက်ဖြစ်စဉ်တွေအပေါ်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ တည်ဆဲဥပဒေနဲ့အညီ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး အဆက်မပြတ်ဆောင်ရွက်နေပါတယ်ဆိုတဲ့သတင်းအချက်အလက်တွေ လုံးဝမပါရှိတဲ့အတွက် ဒါဟာ တစ်ခန်းရပ်အဆိုပဲဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ အဆိုရှင်တင်ပြဖို့ကျန်နေခဲ့တဲ့ အစိုးရရဲ့ ဒီအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်ပတ်သက်ပြီး ဆောင်ရွက်မှုတွေကို အခန်းဆက်အနေနဲ့ ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်အနေနဲ့ အဆိုမှာနိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ထိရောက်စွာပူးပေါင်းတိုက်ဖျက်ဖို့ အဓိကတင်သွင်းထားပါတယ်။ ဒီအဆိုဟာ ယခုအဆိုရှင်

အပါအဝင် တချို့ကိုယ်စားလှယ်တော်ကြီးများ လွှတ်တော်မှာ တစ်ချိန်လုံးထောက်ပြဆွေးနွေးခဲ့တဲ့ ရခိုင်ပြည်နယ်ကိစ္စဟာ ပြည်တွင်းရေးကိစ္စ ပြည်တွင်းထဲပဲဖြေရှင်းရမယ်ဆိုတဲ့အချက်နဲ့ လုံးဝပြောင်းပြန်လိုဖြစ်သွားတာကို သုံးသပ်မိပါတယ်။ အခုလို ကိုယ်စားလှယ်တော်ကြီးသဘောထားပြောင်းလဲသွားတဲ့အပေါ်မှာ အပြုသဘောနဲ့ ကြိုဆိုပါတယ်။ တကယ်တော့ အစိုးရအနေနဲ့ ဒါဟာပြည်တွင်းရေးကိစ္စမဟုတ်ဘူး။ နိုင်ငံတကာနဲ့ဆက်စပ်နေတဲ့အရေးဖြစ်တာကြောင့် ဒီအကြမ်းဖက်မှုတွေနဲ့ပတ်သက်ပြီးကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ ၂၀၁၄ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၃) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအပါအဝင် အခြားတည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာစာချုပ်စာတမ်းများနှင့်အညီ ဆောင်ရွက်နေတာကိုတော့ ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုမှာမတွေ့ရလို့ကျွန်မအနေနဲ့ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ကျွန်မတို့ရခိုင်ပြည်နယ်(မြောက်ပိုင်း)တွင် ၂၀၁၆-၂၀၁၇ ခုနှစ်တွေမှာဖြစ်ပွားခဲ့တဲ့။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလိုဆွေးနွေးတဲ့နေရာမှာ အစည်းအဝေးမှာလိုက်နာဆောင်ရွက်ရမယ့် အရေးယူဆောင်ရွက်ရတဲ့နည်းလမ်းတွေရှိပါတယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးဦးကို ပုဂ္ဂလအမိဋ္ဌာန်အားဖြင့် ပုတ်ခတ်ပြောဆိုခြင်းကိုတော့ရှောင်ကျဉ်ဖို့ သတိပေးလိုပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ ကျွန်မတို့ရခိုင်ပြည်နယ်(မြောက်ပိုင်း)တွင် ၂၀၁၆-၂၀၁၇ ခုနှစ်တွေမှာဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်များ အထူးသဖြင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ စခန်းပေါင်း ၃၀ ကျော်နှင့် အပြစ်မဲ့ပြည်သူများကို အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် အဲဒီနေ့မှာပဲ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုကော်မရှင်က ပြည်ထောင်စုအစိုးရရဲ့သဘောတူညီချက်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်မှာပါဝင်တဲ့ အစွန်းရောက်ဘင်္ဂါလီများ၊ အကြမ်းဖက်သမားများနှင့် ARSA တို့ကို အကြမ်းဖက်အဖွဲ့အဖြစ် ဖြစ်တယ်ဆိုတာကိုကြေညာခဲ့ပါတယ်။ နောက်တစ်ခါ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအခန်း(၁၅) နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းအခန်း ပုဒ်မ ၅၇ အရ အစိုးရအနေဖြင့် နိုင်ငံတကာသဘောတူစာချုပ်များကိုလည်း ဝင်ရောက်လက်မှတ်ရေးထိုးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့တင်ပြအတည်ပြုခဲ့ပြီးလည်းဖြစ်ပါတယ်။ အဲဒါတွေကတော့ အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများနှင့် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ BIMSTEC Convention သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စ၊ မြန်မာ-ရုရှားစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်အား လက်မှတ်ရေးထိုးရန်ကိစ္စ၊ နောက်တစ်ခုက ပြစ်မှုဆိုင်ရာကိစ္စရပ်များ၌ဥပဒေပိုင်း အပြန်အလှန်ကူညီပေးမှုဆိုင်ရာ BIMSTEC Convention ကို မြန်မာနိုင်ငံမှလက်မှတ်ရေးထိုးပါဝင်ရန်ကိစ္စတို့ပဲဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အစိုးရအနေဖြင့် အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး နိုင်ငံတကာနဲ့ပူးပေါင်းလုပ်ဆောင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စီမံကိန်းများရေးဆွဲကာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေတာကိုလည်း တွေ့မြင်ရပါတယ်။ ကျွန်မတို့လွှတ်တော်ကြီးမှလည်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်များကို

လည်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်းထောက်ခံအတည်ပြုခဲ့ကြပါတယ်။ လက်ရှိအစိုးရလုပ်ဆောင်နေတဲ့ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေဟာ တစ်နည်းအားဖြင့် အကြမ်းဖက်မှုကို ကာကွယ်တဲ့နည်းပဲဖြစ်ပါတယ်။ ဆိုလိုတာက ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ခြင်းဟာ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်မှာ အလွန်အရေးပါပဓာနကျသောလုပ်ငန်းစဉ်ဖြစ်တယ်ဆိုတာပါပဲ။ ဒီအချက်တွေမပါဘဲ အကြမ်းဖက်မှုတိုက်ဖျက်ရေးဟာ မအောင်မြင်နိုင်ပါဘူး။ နိဂုံးချုပ်အနေဖြင့် ရခိုင်ပြည်နယ်မှာ အကြမ်းဖက်မှုဖြစ်ပွားခဲ့တဲ့အခြေအနေတွေပေါ်မှာ အစိုးရရဲ့ဆောင်ရွက်မှုတွေဟာ အဆိုရှင်ကြီးတင်ပြသွားသလို တစ်ခန်းရပ်ပြဇာတ်လိုရပ်တန့်မနေဘဲ အခန်းပေါင်းများစွာ အဆက်ပြတ်ဆက်လက်ဆောင်ရွက်နေတဲ့ကိစ္စဖြစ်တယ်ဆိုတာ မြေပြင်မှာဆင်သွားသလိုထင်ရှားလွန်းပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ဒီအဆိုဟာ အစိုးရက လက်ရှိဆောင်ရွက်နေတဲ့ကိစ္စဖြစ်လို့ ကိုယ်စားလှယ်တော်ကြီးအပါအဝင် ကျွန်မတို့ လွှတ်တော်ကြီးတစ်ရပ်လုံးက ပူးပေါင်းရမယ့်ကိစ္စဖြစ်တယ်ဆိုတာဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ပြုံးကေသီနိုင်(ကလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ပျော်ဘွယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးအဆိုရဲ့ ခေါင်းစဉ်ကိုကြားသိရတော့ ကျွန်မအနေနဲ့ သဘောမကျဘဲမနေနိုင်အောင် ဖြစ်မိပါတယ်။ အဆိုတင်စဉ်မှာလည်း စေတနာကို ကောင်းကောင်းမြင်တွေ့ရပါတယ်။ ခေတ်အဆက်ဆက် တာဝန်ရှိခဲ့တဲ့ပုဂ္ဂိုလ်များသာ ဒီလိုစိတ်ဓာတ်ပြင်းပြခဲ့မယ်ဆိုရင် ကျွန်မတို့ရင်ဆိုင်နေရတဲ့ လက်ရှိအခြေအနေကိုရောက်လာမှာတောင် မဟုတ်ပါဘူး။ အဆိုကိုလေ့လာတဲ့အခါ အဆိုရှင်ရဲ့စိုးရိမ်ပူပန်မှုနှစ်ခုကို တွေ့ရပါတယ်။ ဒီနှစ်ခုအပေါ်မှာလည်းကောင်း၊ ရခိုင်အရေးဖြေရှင်းချက်များအား အားလုံးအပေါ်မှာလည်းကောင်း သုံးသပ်ပြီး ဆွေးနွေးလိုပါတယ်။ ပထမတစ်ခုကတော့ အကြမ်းဖက်မှုဟာ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေတယ်။ ဒါပေမဲ့ လူသားချင်းစာနာမှုနဲ့အခြေခံလူ့အခွင့်အရေးကို အကြောင်းပြပြီး အမျိုးသားလုံခြုံရေးကို ထည့်သွင်းအစဉ်းစားတာကြောင့် နိုင်ငံတော်ရဲ့တည်ငြိမ်အေးချမ်းရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် စိုးရိမ်နေတယ်လို့ နားလည်မိပါတယ်။ ဒုတိယအနေနဲ့ကတော့ ARSA အကြမ်းဖက်တိုက်ခိုက်မှုနဲ့ တိုက်ခိုက်မှုအပြီး နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်များအပေါ်မှာ ဖြစ်ပါတယ်။ ကျွန်မနားလည်သလောက်ပြောရရင် လူသားချင်းစာနာမှုဆိုတဲ့ခေါင်းစဉ်တွင်သာမက အခြေခံလူ့အခွင့်အရေးတွေးခေါ်မြော်မြင်မှုမှာပါ အကြမ်းဖက်မှုစရိုက်လက္ခဏာကို လက်ခံထားတာမရှိသလို အကြမ်းဖက်အပြုအမူကိုလည်း ကာကွယ်ပေးထားခြင်းမရှိပါဘူး။ တကယ်တော့ လူသားချင်းစာနာမှုနဲ့ အခြေခံလူ့အခွင့်အရေးဆိုတာ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုရဲ့ စရိုက်လက္ခဏာမျှသာဖြစ်ပါတယ်။ ဒါကြောင့် အကြမ်းဖက်မှုဟာ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်တာအမှန်ဖြစ်ပေမယ့် လူသားချင်းစာနာမှုနဲ့ အခြေခံလူ့အခွင့်အရေးဟာဖြင့် လိုက်နာကျင့်သုံးနိုင်ကြမယ်ဆိုရင် အမျိုးသားလုံခြုံရေးကိုအထောက်အပံ့ပင် ဖြစ်စေပါတယ်။ ထိုနည်းတူ မြန်မာနိုင်ငံရဲ့တည်ဆဲဥပဒေများသည်လည်း လူသားချင်းစာနာမှုနဲ့ အခြေခံလူ့အခွင့်အရေးအကြောင်းပြချက်

ကြောင့် မည်သည့်အကြမ်းဖက်မှုကိုမှ လက်မခံသလို အကာအကွယ်ပေးထားခြင်းလည်း မရှိပါဘူး။ လက်ရှိနိုင်ငံတော်အစိုးရဟာ လူသားချင်းစာနာမှု အခြေခံလူ့အခွင့်အရေးအယူအဆတွေအပြင် အထူးအားဖြင့် နိုင်ငံတော်ရဲ့တည်ဆဲဥပဒေများအောက်ကပင် ရခိုင်အရေးကို ဖြေရှင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါတွေအောက်ကပင် ပြန်လည်လက်ခံရေးမူများနှင့် ပြန်လည်လက်ခံရေးဆိုင်ရာ အစီအစဉ်များကို ချမှတ်ဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ အခြားသက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများရဲ့ တည်ဆဲဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကို ကျော်လွန်၍လုပ်ဆောင်ရန် မဖြစ်နိုင်ကြောင်းကိုလည်း ရှင်းရှင်းလင်းလင်းနားလည်ထားပါတယ်။ အဆိုရှင်တင်ပြတဲ့ ၂၀၁၄ ခုနှစ်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေသည်လည်း တည်ဆဲဥပဒေများအတွင်းက တစ်ခုဖြစ်ပါတယ်။ သံခင်း၊ တမံခင်းနားလည်အပါအဝင် မိမိတို့ရဲ့ ကြိုးပမ်းချက်များ အောင်မြင်လိုရင် မိမိတို့ဘက်မှ မြေပြင်၌ ကျင့်သုံးမှုအခြေအနေတွေဟာလည်း ဥပဒေကြောင်းအရ ညီညွတ်နေရန် အလွန်အရေးကြီးပါတယ်။ ဥပဒေဆိုတာ လက်တွေ့ကျင့်သုံးနိုင်ပါတယ်။ မိမိတို့ကိုယ်တိုင် ဥပဒေတွေနဲ့အညီ တိတိကျကျလိုက်နာဆောင်ရွက်ထားပါမှ ဥပဒေနဲ့မညီညွတ်သူတွေကို ထိထိရောက်ရောက်အရေးယူနိုင်မှာဖြစ်ပါတယ်။ သို့မဟုတ်ပါက သံသယရှိဖွယ်၊ စွပ်စွဲနိုင်သောအခြေအနေဖြစ်ပေါ်ရုံမျှနှင့် မိမိတို့က နစ်နာသူဖြစ်ပါလျက် ဖိအားပေးခံရတဲ့ အနေအထားရောက်သွားတယ်ဆိုတာ သတိပြုမိစေချင်ပါတယ်။ ပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းလုပ်ဆောင်ချက်များကြောင့် ပြဿနာကို ပိုမိုရှုပ်ထွေးခြင်းမပြုမိစေရန် သတိပြုမိကြဖို့ လိုပါတယ်။

လက်ရှိအစိုးရဟာ ရခိုင်အရေးနဲ့ပတ်သက်လျှင် အရင်းအမြစ်ကို ကိုင်တွယ်ဖြေရှင်းဖို့ ကြိုးစားတဲ့ပထမဦးဆုံးသောအစိုးရ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်လည်း တရားဥပဒေစိုးမိုးရေးနှင့် ပွင့်လင်းမြင်သာရှိနိုင်ရေးတို့ကို ဆောင်ရွက်လာတာတွေ့ရပါတယ်။ ဒါသည်ကပင် စိုးရိမ်မိစေသလားလို့ သုံးသပ်မိပါတယ်။ အဆိုရှင်ရဲ့ဒုတိယစိုးရိမ်မှုနှင့်ပတ်သက်လို့ကတော့ ကျွန်မတို့အကြိမ်ကြိမ်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ အထောက်အထားခိုင်လုံလျှင် အရေးယူမယ်ဆိုတာ လက်ရှိအစိုးရရဲ့မူပါပဲ။ လက်ရှိအစိုးရက ပြည်ပဖိအားကို မကြောက်ပါဘူး။ နိုင်ငံတကာကို ပြန်လည်တုံ့ပြန်ရန်ရှိသည်ကိုလည်း ဥပဒေနှင့်အညီတုံ့ပြန်ရန် ဘယ်တုန်းကမှ တွန့်ဆုတ်ပျက်ကွက်ခဲ့တာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဥပဒေကြောင်းအရသာ ကျွန်မတို့လျှောက်လှမ်းခဲ့လို့ဖြစ်ပါတယ်။ အကြမ်းဖက်မှုတစ်ခုကို ကိုင်တွယ်တဲ့နေရာမှာ ဥပဒေကြောင်းအရညီညွတ်ရမယ်လို့ ကျွန်မတို့ဆိုလိုက်တိုင်း လုံခြုံရေးတပ်သားတွေ၊ အရပ်သားတွေ၊ အကြမ်းဖက်မှုအောက်မှာ အသေခံပေးရမယ်လို့ ပြောပါတယ်လို့ ပုံဖျက်ခံနေရခြင်းသာရှိပါတယ်။ တပ်မတော်သားတွေအတွက် တည်ဆဲတပ်မတော်ဥပဒေရှိသလို ရဲတပ်ဖွဲ့ဝင်တွေအတွက်လည်း ပြည်သူ့ရဲအက်ဥပဒေရှိပါတယ်။ ထိုနည်းတူ Geneva Convention လို နိုင်ငံတကာဥပဒေလို နိုင်ငံတကာဥပဒေတွေကို လိုက်နာရတာရှိပါတယ်။ ဒီတော့ လုံခြုံရေးတာဝန်ထမ်းဆောင်ကြသူများ၊ ဥပဒေကိုလိုက်နာရလို့မလုံခြုံတာဘာလို့ စောဒကတက်မယ်ဆိုလျှင် သေချာတာကတော့ ဒီလုံခြုံရေးအစီအမံမှာ ပြဿနာရှိနေပြီလို့ စွပ်စွဲခံရပါတော့မယ်။ လုံခြုံရေးအတွက် တိုက်ရိုက်တာဝန်ခံရသူရဲ့ လိုအပ်ချက်ဖြစ်ဖို့များသွားပြီဆိုတာ ဒီလိုယူဆပြောဆိုနေကြသူတွေ သတိပြုမိစေချင်ပါတယ်။ ဝါဒရေးရာတိုက်ပွဲဖြစ်တဲ့စစ်အေးခေတ်လွန်ကာလမှာ ကမ္ဘာနှင့်အဝန်းအမျိုးသားရေးဝါဒီတွေ

ခေါင်းထောင်လာခြင်း၊ အရှေ့အလယ်ပိုင်းမှာ ISIS တို့ပြိုကွဲခြင်းရဲ့အကျိုးဆက်ဖြစ်တဲ့ ဘာသာရေး အစွန်းရောက်တွေ ပြန့်ကွဲထွက်လာခြင်း၊ ကမ္ဘာ့စူပါပါဝါနိုင်ငံဖြစ်လာတဲ့တရုတ်နိုင်ငံရဲ့ ဘင်္ဂလား ပင်လယ်အော်ကို စီမံခန့်ခွဲဖို့ကြိုးပမ်းလာခြင်း၊ ဒီအခြင်းအရာသုံးခုရဲ့ဆုံချက်ဟာ ရခိုင်ကမ်းမြောင် ဒေသဆိုတာ မြင်အောင်ကြည့်လျှင် မြင်သာလွယ်ပါတယ်။ အင်အားကြီးနိုင်ငံတွေဆိုတာ သူတို့ အကျိုးစီးပွားအတွက်ဆိုလျှင် ကိုယ်ကမခေါ်လည်း အကြောင်းရှာပြီး ပါဝင်ပတ်သက်လာတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် တံခါးပိတ်ခေါင်းခါပြဿနာကို ကွယ်ဝှက်ခြင်းမူဝါဒဟာ အလုပ်မဖြစ်တော့ပါ ဘူး။ အင်အားကြီးနိုင်ငံတို့ရဲ့ စွက်ဖက်လာမှုကို နိုင်ငံတကာနဲ့မဟာဗျူဟာမြောက်ပူးပေါင်းပြီး သံကင်း တမံကင်းနည်းလမ်းအရ ထိန်းညှိကာကွယ်ရန်ဟာလည်း အရေးတကြီးလိုအပ်လာတဲ့ နည်းလမ်းတစ်ခု ဖြစ်တဲ့အပြင် တစ်ပြိုင်တည်းမှာပဲ ပြဿနာရဲ့အရင်းအမြစ်ကို ကိုင်တွယ်ဖြေရှင်းဖို့လည်း လိုအပ်ပါ တယ်။ ဒါဟာ အများသူငှာလွယ်လင့်တကူသုံးနှုန်းနေကြတဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ခြင်း ပါပဲ။ ဒါဟာ နိုင်ငံတော်လုံခြုံရေးဆိုင်ရာလက်တွေ့ကျတဲ့အတွေးအမြင်ပါပဲ။ ကျွန်မတို့မြန်မာနိုင်ငံလို စစ်ရေး၊ စီးပွားရေးအင်အားနည်းပါးနေသေးတဲ့နိုင်ငံများဟာ ဥပဒေကြောင်းအရမှန်ကန်မှုနှင့် တရား ဥပဒေစိုးမိုးမှုကိုအခြေအနေမပြုပါဘဲ နိုင်ငံတကာရေစီးကြောင်းကို တွန်းလှန်ရန်ခက်ခဲမယ်။ နိုင်ငံတကာဖိအားကိုကျော်လွှားနိုင်ရန် ခက်ခဲမယ်ဆိုတာ သမိုင်းထင်ရှားပြီးဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိနိုင်ငံတော်အစိုးရရဲ့ တရားဥပဒေစိုးမိုးရေးလုပ်ဆောင်မှုအပေါ် သံသယမဝင်ပါဘဲ ပူးပေါင်း ဆောင်ရွက်ကြခြင်းအားဖြင့် မိမိတို့နိုင်ငံကို မိမိတို့လက်များဖြင့်ပါဝင်ထုဆစ်နိုင်ပါစေကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စမ်းချောင်းမဲဆန္ဒနယ်က ဦးဘိုဘိုဦး ဖြစ်ပါ တယ်။ ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့က ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းခဲ့တဲ့ အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုကို လေ့လာကြည့်မိတဲ့အခါမှာ နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ထပ်မံမဖြစ်စေရန် ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်အတွင်း ARSA အကြမ်းဖက်အဖွဲ့ကျူးလွန်ခဲ့တဲ့ အကြမ်းဖက်ဖြစ်စဉ်များအပေါ် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်း များနှင့်ပူးပေါင်း၍ ထိရောက်စွာတိုက်ဖျက်ကာကွယ်ပေးဖို့ဆိုတဲ့အချက်ကို အဓိကတွေ့ရှိရပါတယ် ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အကြမ်းဖက်တိုက်ဖျက်ရေးနှင့်ပတ်သက်လို့ မြန်မာ နိုင်ငံရဲ့အစိုးရအဆက်ဆက်ဟာ ယနေ့တိုင်အကြမ်းဖက်တိုက်ခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက်ကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ရဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးသဘောတူညီချက်ကို ၂၀၀၇ ခုနှစ်ကတည်းက လက်မှတ်ရေးထိုးပြီး ဒေသအတွင်းအကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့တာဆိုတာကိုလည်း တွေ့ရှိ ခဲ့ရပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံအတွင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အာဆီယံနှင့်နိုင်ငံတကာ

ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတစ်နိုင်ငံချင်းစီ ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ လုံခြုံရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်ခဲ့တဲ့သာဓကတွေလည်း ရှိပါတယ်ခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အကြမ်းဖက်တိုက်ခိုက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် တုံ့ပြန်မှုသာမကဘဲ ကြိုတင်တားဆီးနှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်မှုရှိအောင်အတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ထိုသို့ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နည်းပညာအကူအညီရယူနိုင်ခြင်း၊ သတင်းအချက်အလက်များကို ဖလှယ်နိုင်ခြင်းစတဲ့နိုင်ငံတကာအကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ်များကိုလည်း တားဆီးကာကွယ်နိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်စေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဟာ သူရဲ့ရှင်းလင်းချက်မှာ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ နေရပ်စွန့်ခွာထွက်ပြေးသူများ ပြန်လည်လက်ခံခြင်းကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးထားပါတယ်။ အကြမ်းဖက်မှုနှင့်မသက်ဆိုင်တဲ့ နေရပ်စွန့်ခွာသူများဟာ နိုင်ငံသားဖြစ်လျှင်သော်လည်းကောင်း၊ နိုင်ငံသားဖြစ်ခွင့်ရှိလျှင်သော်လည်းကောင်း နိုင်ငံတော်အစိုးရရဲ့ခိုင်မာသော မှတ်တမ်းများအရ လက်ခံသင့်သူများကို လက်ခံရမှာသာဖြစ်ပါတယ်။ ယခင်ကလည်း လက်ခံခဲ့ပါတယ်။ နေရပ်စွန့်ခွာသူများထဲမှာ ထောင်နဲ့ချီတဲ့လူတွေဟာ အကြမ်းဖက်မှုနှင့်ပတ်သက်ပြီးတော့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေတယ်ဆိုတဲ့ အထောက်အထားတွေကိုလည်း သက်ဆိုင်ရာအိမ်နီးချင်းနိုင်ငံကို အကြောင်းကြားထားတယ်ဆိုတာကို ကျွန်တော်တို့သိရှိရပါတယ်။ နိုင်ငံကိုအတိအလင်းအကြောင်းကြားထားမှုကို သေသေချာချာအချက်အလက်တွေနဲ့ပို့ထားတာကိုလည်း တွေ့ရှိရပါတယ်။ လက်ရှိအစိုးရဟာ အစိုးရအဆက်ဆက်ကြိုးပမ်းခဲ့သလိုပဲ နေရပ်စွန့်ခွာသူများကိစ္စကို ကိုင်တွယ်ဖြေရှင်းရာမှာ တည်ဆဲဥပဒေကြောင်းကိုသာ အဓိကထားပြီးတော့၊ အခြေခံပြီးတော့ ဖြေရှင်းနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း အကြမ်းဖက်မှုကာကွယ်တားဆီးနှိမ်နင်းရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးတို့ကို စနစ်တကျလုပ်ဆောင်နေတယ်လို့ ကျွန်တော့်အနေနဲ့မြင်မိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ ARSA အဖွဲ့ဟာ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်အကြမ်းဖက်ဗဟိုတိုက်ဖျက်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီးပါပြီ။ ဗဟိုအကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့ရဲ့အစည်းအဝေးပါ။ ဒါကတော့ ပြည်ထောင်စုလွှတ်တော်မှာ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး MoU လက်မှတ်ထိုးဖို့အတွက်ကို ဗဟိုအဖွဲ့ဥက္ကဋ္ဌကိုယ်တိုင်လာပြီးတော့ ရှင်းလင်းပြောကြားနေတာဖြစ်ပါတယ်။ အာဆီယံအကြမ်းဖက်မှုတိုက်ဖျက်ရေးသဘောတူညီချက်စာချုပ်ကို မြန်မာနိုင်ငံဝင်ခဲ့တာဖြစ်ပါတယ်။ ၁၃-၁-၂၀၀၇ ဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံ စီးပူးမြို့မှာ လက်မှတ်ထိုးခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအပြင် နိုင်ငံတစ်နိုင်ငံချင်းစီရဲ့နယ်စပ်ဒေသလုံခြုံရေး၊ ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ်ဒေသလုံခြုံရေး၊ အခြားလုံခြုံရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်ထားတာတွေ တွေ့ရှိရပါတယ်။ ဒါကတော့ ကြိုတင်ကာကွယ်နိုင်ခဲ့တဲ့အကြမ်းဖက်သင်တန်းဖွင့်ရန်အတွက်လို့ လူထုစုပေါင်းပြီးတော့လှုံ့ဆော်ခဲ့တယ်ဆိုတဲ့သူတွေပါ။ ဖမ်းဆီးမိခဲ့တဲ့လူတွေပုံပါ။ ပြည်ထောင်စုအစိုးရအနေနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းဟာ ထင်ရှားပေါ်လွင်ပါတယ်။ အကြမ်းဖက်

တိုက်ခိုက်မှုများထပ်မံမဖြစ်ပွားစေရေးအတွက်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားတဲ့ မက်မန်းမဲဆန္ဒနယ်က ကိုယ်စားလှယ်ကြီးရဲ့ဆွေးနွေးချက်မှာလည်း ပါပါတယ်။ ဒါကပြောမယ်ဆိုရင် အကြမ်းဖက်သမားဆိုတာ ကျွန်တော်အကြမ်းဖက်သမားပါဆိုပြီး စာတန်းကပ်ပြီးလုပ်ထားတာ မဟုတ်တဲ့အတွက် အချိန်မရွေး၊ နေရာမရွေးမှာ၊ အခြေအနေမျိုးစုံမှာ ပေါ်ပေါက်လာနိုင်တယ်ဆိုတဲ့ အန္တရာယ်လည်းရှိပါတယ်ခင်ဗျား။ ဒါကြောင့်လက်ရှိအစိုးရအနေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံမဖြစ်ပွားစေရေးကို အဖက်ဖက်ကနေပြီးတော့ ကြိုးစားဆောင်ရွက်နေချိန်မှာ နိုင်ငံရေးအရ အကျပ်ကိုင်နေသလိုမျိုး ကျွန်တော်တို့ဖိအားပေးမိမှာကိုလည်း စိုးရိမ်မိပါတယ်။ ဒါပေမဲ့ အဆိုရှင်ရဲ့အဆိုဟာ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပေါင်းဖက်ပြီးတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာဖြစ်ပေါ်နေတဲ့ အကြမ်းဖက်ခြိမ်းခြောက်မှုတွေကို ကာကွယ်တားဆီးနိုင်ဖို့အတွက် ထိထိရောက်ရောက် ပိုပြီးတော့လုပ်နိုင်ဖို့အတွက် အကြံကောင်း၊ စေတနာကောင်းနှင့် တိုက်တွန်းထားတဲ့အဆို ။

## ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဥ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးတင်သွင်းသည့် အဆိုအပေါ် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ လူသတ်မှုခုနစ်မှု၊ လက်နက်မှု ၁၃ မှု၊ ဝတ္တရားနှောင့်ယှက်မှု ငါးမှု၊ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုလေးမှု၊ မတရားအသင်းရှစ်မှု၊ မီးရှို့မှုတစ်မှု၊ ပေါက်ကွဲမှုတစ်မှု၊ လူသတ်ရန် အားထုတ်မှုတစ်မှု၊ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်မှုတစ်မှု စုစုပေါင်းအမှု ၄၁ မှု ရေးဖွင့်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ၄၁ မှုမှာ တရားစွဲတင်ပို့မှု ၃၃ မှု၊ ဥပဒေနှင့်အညီ အမှုပိတ်သိမ်းမှု ခုနစ်မှု၊ ရဲစစ်ဆေးဆဲတစ်မှုတို့ဖြစ်ပါတယ်။ တရားစွဲဆိုတင်ပို့ပြီး ၃၃ မှုအနက် ၃၁ မှုမှာ ဖမ်းမိတရားခံ ၅၂၇ ဦးတို့အား တရားရုံးများမှ ပြစ်ဒဏ်ချမှတ်ပြီးဖြစ်ပါတယ်။ ထွက်ပြေးတိမ်းရှောင်နေသူ ၁၂၇၆ ဦးတို့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့(Border Guard Bangladesh-BGB)၊ NCB Dhaka နှင့် အင်တာပိုလ်ဆက်သွယ်ရေးလမ်းကြောင်း I-24/7 ဖြင့် အိန္ဒိယ၊ တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံများသို့လည်း စုံစမ်းဖမ်းဆီးပေးရန် အကြောင်းကြားခဲ့တဲ့အပြင် စုံစမ်းဖော်ထုတ်မှုများပြုလုပ်ခဲ့ရာ ၁၀ ဦးအား

ပြန်လည်ဖမ်းဆီးရမိခဲ့သဖြင့် တရားရုံးဖြင့်စစ်ဆေးဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ ၁၂၆၆ ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၂၅-၈-၂၀၁၇ ရက်နေ့မှာ Arakan Ronhingya Salvation Army(ARSA)ကို အကြမ်းဖက်အုပ်စုအဖြစ် ထုတ်ပြန်ကြေညာပြီးဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့မှုအား ကုလသမဂ္ဂအကြမ်းဖက်မှုတိုက်ဖျက်ရေး အမှုဆောင်အရာရှိချုပ်ရုံး(UNCTED)၊ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့(INTERPOL)၊ ဥရောပရဲအဖွဲ့(EUROPOL)၊ အာဆီယံရဲအဖွဲ့(ASEANPOL)၊ အာဆီယံအကြမ်းဖက်မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အတွင်းရေးမှူးချုပ်ရုံးနှင့် မြန်မာနိုင်ငံရှိ နိုင်ငံတကာသံရုံးများအားလုံးကိုလည်း အကြောင်းကြားပြီးဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားပြီး အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် ၂၄၉ မှု၊ လက်နက်မှု ၅ မှု ပေါင်း ၂၅၄ မှုဖြင့် အမှုရေးဖွင့်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၅၄ မှုအနက် ၃၀ မှုအား တရားရုံးအသီးသီးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ အမှုသုံးမှုမှာ တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ၂၇ မှုမှာ တရားရုံးမှာစစ်ဆေးဆဲဖြစ်ပါတယ်။ ဥပဒေနှင့်အညီ အမှုသုံးမှုအား ပိတ်သိမ်းထားရှိ၍ ၂၂၁ မှုမှာ ရဲစစ်ဆေးဆဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၅၄ မှုမှ ဖမ်းဆီးရမှုတရားခံ ၁၃၁ ဦးအနက် အမှုသုံးမှုမှ ပြစ်မှုကျူးလွန်သူ လေးဦးအား တရားရုံးမှပြစ်ဒဏ်ချမှတ်ခဲ့ပြီး တရားရုံးတွင် အမှုဖြင့်စစ်ဆေးနေသူ ၈၉ ဦး ရဲတပ်ဖွဲ့မှ စစ်ဆေးဆောင်ရွက်နေသူ ၃၈ ဦးရှိပါတယ်။ တရားခံပြေးအဖြစ် တရားစွဲဆိုတင်ပို့ထားရှိသူ ၈၄၄ ဦးအပြင် ထွက်ပြေးတိမ်းရှောင်သူ ၆၉၄၁ ဦးအား ထပ်မံဖော်ထုတ်ရရှိခဲ့သဖြင့် ၁၀-၆-၂၀၁၈ ရက်နေ့တွင်အထိ ထွက်ပြေးတိမ်းရှောင်နေသူ စုစုပေါင်း ၇၇၈၅ ဦး အားဖော်ထုတ်ရရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့် တပ်ဖွဲ့ဗဟိုအစည်းအဝေး ဆုံးဖြတ်ချက်များအား သဘောတူလက်မှတ်ရေးထိုးပွဲ တက်ရောက်ရန် ရောက်ရှိနေတဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ညွှန်ချုပ်နှင့်အဖွဲ့အားတွေ့ဆုံစဉ် ထွက်ပြေးတိမ်းရှောင်သူ ၁၃၃၆ ဦး၏ မှတ်တမ်းဓာတ်ပုံ၊ ကိုယ်ရေးအချက်အလက်များနှင့် ကူညီစုံစမ်းဖမ်းဆီးပေးနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပေးပို့အကြောင်းကြားထားရှိပြီး ဖြစ်ပါတယ်။ ထို့အပြင် ၁၁-၁-၂၀၁၈ ရက်နေ့တွင် ၁၀၆၁ ဦးနှင့် ၂၂-၁-၂၀၁၈ ရက်နေ့တွင် ၈၇၇ ဦး ပေါင်း ၁၉၃၈ ဦးအား မှတ်တမ်းဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များဖြင့် ကူညီစုံစမ်းဖမ်းဆီးပေးနိုင်ရေး ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့(ကော့ဘဇား)သို့ ပေးပို့အကြောင်းကြားထားပြီးဖြစ်ပါသဖြင့် စုစုပေါင်း ၃၂၇၄ ဦးရဲ့မှတ်တမ်းဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များ ပေးပို့ပြီးဖြစ်ပါတယ်။ ထွက်ပြေးတိမ်းရှောင်နေသူ ၁၆၉၂ ဦးရဲ့မှတ်တမ်းဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များအား ထပ်မံပြုစုထားရှိပြီးဖြစ်ပါကြောင်း၊ ကိုယ်ရေးအချက်အလက်သာရရှိပြီး မှတ်တမ်းဓာတ်ပုံမရရှိသေးတဲ့ ၂၈၁၉ ဦးနှင့်ပတ်သက်၍ မှတ်တမ်းဓာတ်ပုံများရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရရှိပါက BGB သို့ဆက်လက်ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဟာ ဒေသ ၄ ခု၊ နယ်မြေ ၁၁ ခုမှာ နယ်မြေရုံး ၁၁ ရုံး၊ နယ်မြေရဲစခန်း ၁၂ ခု၊ ရဲကင်းစခန်း ၁၀၉ ခု၊

ချောင်းဝကင်းစခန်း ၂၇ ခု၊ မှတ်တိုင်ကင်းစခန်း ၁၉ ခု ဖြန့်ခွဲထားရှိပြီး လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ၃ ခွဲနှင့်အတူ နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအတွင်း နယ်မြေတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ မောင်တောမြို့နယ်ရဲတပ်ဖွဲ့အနေနဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတစ်ရုံး၊ မောင်တောမြို့မရဲစခန်းနှင့် တောင်ပြို(ဝဲ)နယ်မြေရဲစခန်းတို့ဖြင့် ဖွဲ့စည်းထားရှိရာမှ မြင်းလွတ်ရဲကင်းစခန်းအား နယ်မြေရဲကင်းစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန်နှင့် ခမောင်းဆိပ်နယ်မြေရဲစခန်းတစ်ခု တိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ရာ ၁၀-၈-၂၀၁၇ ရက်နေ့တွင်ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁၅/၂၀၁၇)အရ ခွင့်ပြုပြီးဖြစ်သဖြင့် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှာ ရန်ကုန်မှာကျင်းပတဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးနှိမ်နင်းရေး အစည်းအဝေးမှာ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှ ၁၈ ရက်နေ့အတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်တဲ့ စတုတ္ထအကြိမ်မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးတို့မှာ ဆွေးနွေးသဘောတူညီချက်အရ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ ဆက်ဆံရေးအရာရှိရုံး(BLO)ဖွင့်လှစ်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုအစည်းအဝေးမှာ နယ်စပ်တစ်လျှောက် တရားမဝင်လူဝင်/လူထွက်မှု၊ လက်နက်၊ ခဲယမ်းခိုးသွင်း/ထုတ်မှု၊ အကောက်အခွန်မဲ့ပစ္စည်းများ တရားမဝင်ခိုးထုတ်မှုမရှိစေရေး နှစ်နိုင်ငံသဘောတူဆုံးဖြတ်ထားရှိပါတယ်။ ထို့အပြင် အကြမ်းဖက်မှုအပြစ်တွေကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေတဲ့တရားခံပြေးများ၊ ပြစ်မှုကျူးလွန်ရန်အလားအလာရှိတဲ့ အကြမ်းဖက်သမားများအား သတင်းစုံစမ်းထောက်လှမ်းခြင်းနှင့် စောင့်ကြည့်ခြင်းများအား တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးသဘောတူခဲ့ပါတယ်။ ထို့အပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအကြား နှစ်ဖက်ညှိနှိုင်း၍ ကုန်းတွင်းပိုင်းလှည့်ကင်း ၆၄ ကြိမ်နှင့် ရေကြောင်းလှည့်ကင်းရှစ်ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာထွက်ပြေးသူများအား ပြန်လည်လွှဲပြောင်းလက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အဆိုပြုပုံစံများ ပေးအပ်လာသောအိမ်ထောင်စု ၁၆၇၃ စုမှ လူဦးရေ ၈၀၃၂ ဦးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့သူများ ဟုတ်/မဟုတ်၊ အကြမ်းဖက်စာရင်းတွင် ပါဝင်ခြင်းရှိ/မရှိအား ၂၃-၂-၂၀၁၈ ရက်မှစ၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ပေါင်းစပ်စိစစ်မှုများ ပြုလုပ်ခဲ့ရာ ၁၀-၆-၂၀၁၈ ရက်နေ့အထိ အိမ်ထောင်စု ၃၉၃ စုမှ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့ကြောင်းအထောက်အထားတွေ့ရှိ သူ ၁၆၈၂ ဦး၊ အထောက်အထားမတွေ့ရှိသူ ၂၇၄ ဦး၊ ပေါင်း ၁၉၅၆ ဦးအား စိစစ်တွေ့ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံအတွင်းနေထိုင်ခဲ့ကြောင်း အထောက်အထားတွေ့ရှိခဲ့သူ ၁၆၈၂ ဦးအနက် ၂၃ ဦးမှာ အကြမ်းဖက်စာရင်းတွင် ပါဝင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

**မူကြမ်း**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ နိုင်ငံသားစိစစ်ခံယူရမည့်သူရဲ့ သက်သေခံကတ်ပြားစိစစ်ထုတ်ပေးရေး ဦးဆောင်အဖွဲ့အား နိုင်ငံတော်သမ္မတရုံးမှ ၈-၂-၂၀၁၇ ရက်စွဲပါစာဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ Biometric အချက်အလက်များကောက်ယူ၍ အီလက်ထရောနစ်စနစ်ဖြင့် မှတ်ပုံတင်ခြင်း(NeID) လုပ်ငန်းများဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ခံရမည့်သူရဲ့သက်သေခံကတ်ပြား(NV Card) ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှဦးဆောင်၍ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ ထို့ပြင် ဗဟိုကော်မတီရဲ့လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၊ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့ကို ထပ်မံဖွဲ့စည်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများမှဦးဆောင်၍ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အကြမ်းဖက်ကျူးလွန်ခဲ့တဲ့ဖြစ်စဉ်များနှင့်ပတ်သက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထွက်ပြေးတိမ်းရှောင်သူများအား ဖမ်းဆီးရမိရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၊ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့တို့နှင့် တပ်မတော်တပ်ရင်း/တပ်ဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများပေါင်းစပ်၍ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း ဒေသခံပြည်သူလူထုရဲ့လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ရေတိုရေရှည်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့လမ်းညွှန်ကြီးကြပ်မှု၊ တည်ဆဲဥပဒေတို့နှင့်အညီ ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများပေါင်းစပ်၍ ဘက်ပေါင်းစုံမှ ဟန်ချက်ညီအလေးထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးရဲ့အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော့်ရဲ့အဆိုကို ရှုထောင့်အသီးသီးကနေ ဝိုင်းဝန်းဆွေးနွေးပေးကြတဲ့ ကိုယ်စားလှယ်ကြီးများနှင့် အသေးစိတ်ရှင်းလင်းတင်ပြပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ကျေးဇူးတင်

ကြောင်း ဦးစွာတင်ပြလိုပါတယ်။ တစ်ဆက်တည်းမှာပဲ လွှတ်တော်မှာ ကျွန်တော်တို့တွေ တင်သွင်းတဲ့ အဆိုဟာ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းအသီးသီးကို ပြည်သူ့ဘက်ကရပ်တည် ပြီးတော့ အမျိုးသားရေးအကျိုးစီးပွားအတွက် တင်သွင်းခဲ့ကြတာဖြစ်ပါတယ်။ အဆိုမှာပါတဲ့ စာသား၊ ဆွေးနွေးချက်တစ်ခုချင်းကို ကိုယ်လိုရာကိုယ်ဆွဲပြီး အနက်ကောက်ဆွေးနွေးခြင်းဟာ ပုဂ္ဂိုလ်ရေး ထိခိုက်နိုင်သလို အဆိုရှင်ရဲ့ဦးတည်ချက်ကိုလည်း ပျက်ယွင်းစေနိုင်တဲ့အတွက် အသိတရားနဲ့ သတိထားဖို့ ဥက္ကဋ္ဌကြီးက ပြည်သူ့လွှတ်တော်နည်းဥပဒေနှင့်အညီ ပြောဆိုပေးတာ ကျေးဇူးတင် ကြောင်း တင်ပြလိုပါတယ်။ ကျွန်တော့်ရဲ့အဆိုဟာ နိုင်ငံတစ်ဝန်းလုံးအကြမ်းဖက်မှု၊ တိုက်ခိုက်မှုမခံရ စေရေးအတွက် အကြောင်းအချက်ပါသလို အထူးအားဖြင့် ရခိုင်ပြည်နယ်မှာ ထပ်မံမဖြစ်ပေါ်စေဖို့ ဆိုတဲ့ အချက်ပါပါတယ်။ ဒီအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့ အစည်းတွေနဲ့ပူးပေါင်းပြီးတော့ ထိရောက်စွာဖော်ထုတ်တိုက်ဖျက်ဖို့နဲ့ လုံလောက်တဲ့အကာအကွယ် ပေးဖို့ဖြစ်ပါတယ်။

နိုင်ငံတော်အတွင်းမှာ ဘယ်နေရာမှာပဲဖြစ်ဖြစ် အကြမ်းဖက်တိုက်ခိုက်မှုကြုံတွေ့လာတိုင်း သေကြေပျက်စီးဆုံးရှုံးရတာ ပြည်သူများနှင့် ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်များ၊ ပြည်သူ့ ဘဏ္ဍာငွေများဖြစ်ပါတယ်။ ဒီအတွက် ဖွံ့ဖြိုးတိုးတက်ဖို့ကြိုးစားနေတဲ့ ကျွန်တော်တို့နိုင်ငံတော်မှာ အခုလိုဆုံးရှုံးမှုတွေကို ဘယ်သူမှ ထပ်မံဖြစ်လိုကြမှာမဟုတ်ပါဘူး။ ဒီနေရာမှာ ရခိုင်ပြည်နယ်ကို အထူးပြုဖော်ပြရတာကလည်း အဲဒီဒေသမှာ ၂၀၁၆-၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့တဲ့အကြမ်းဖက် တိုက်ခိုက်မှုတွေဟာ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာကို ထိခိုက်ရာကနေ ဆုံးရှုံးနိုင်တဲ့အထိ အကွက်ကျကျစီမံဖန်တီးမှုတွေဖြစ်ပေါ်လျက်ရှိနေလို့ပါပဲ။ ဒါတွေက လည်း မြန်မာဆိုတဲ့ အမျိုးသားရေးအသိနဲ့ နိုင်ငံတကာဖြစ်စဉ်တွေကို ကြည့်တတ်မှမြင်မှာပါ။ အမျိုးသားရေးကိုရှေ့တန်းတင်ခဲ့လို့ ဒီလိုတွေဖြစ်တယ်။ တိုင်းပြည်နောက်ကျကျန်ခဲ့တယ်ဆိုတဲ့အမြင် အမှန်တရားဆိုတာ အများမြင်သာအောင်ထင်ရှားပြရမယ်ဆိုတဲ့အယူအဆ၊ နိုင်ငံတကာဆိုတိုင်း ကြောက်ရွံ့နေဖို့မလိုဘူးဆိုတာတွေဟာ ရခိုင်ပြည်နယ်အကြမ်းဖက်ခံရမှုပြဿနာတွေကို ပြေလည်စေ တဲ့နည်းလမ်းတွေမဟုတ်ပါဘူး။ နိုင်ငံရေးအဆင်ဆိုတာဟာ ထင်သလောက်မရိုးရှင်းပါဘူး။ အရာရာကို ရှေ့နောက်ဆက်စပ်တွေးကြည့်တတ်မှ အဖြေမှန်ကိုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က International Globalization ဆိုတာတွေကို လက်ကမ်းကြိုဆိုနေတဲ့အချိန်မှာ American First ဆိုတာဟာ ဘယ်နေရာကိုရောက်နေမလဲဆိုတာ သတိပြုကြဖို့လိုပါတယ်။ နိုင်ငံတိုင်းဟာ ကိုယ့်အမျိုးသားအကျိုး စီးပွားကိုပဲ ဦးစားပေးဆောင်ရွက်ကြတာ ထင်ရှားတဲ့ဖြစ်စဉ်တွေရှိနေပါတယ်။ ဒီကနေ့ အင်အားကြီး နိုင်ငံတွေရဲ့အခင်းအကျင်းကဘယ်လိုလဲ။ ကျွန်တော်တို့နိုင်ငံဟာ ဘယ်နေရာမှာရှိပြီး ဘယ်လိုရပ်တည် နေသလဲ။ Win-Win Strategy ဆိုတာဟာ နှစ်ဖက်အကျိုးတူခံစားရေးမဟုတ်ပါဘူး။ ဒါတွေကို နားလည်ကြဖို့လိုပါတယ်။ လက်တွေ့ကတော့ ရခိုင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ ARSA နဲ့ ဘင်္ဂါလီ အကြမ်းဖက်တွေရဲ့ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ဖြစ်ပေါ်လာတဲ့ပြဿနာတွေကို ကျဆုံးနေတဲ့ Liberal အယူအဆနဲ့ ကျားကန်ခြင်းထက် အမျိုးသားရေးအသိနဲ့ အားလုံးပူးပေါင်းကာကွယ်ကြရမှာဖြစ်ပါ တယ်။ ဒါ့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ

တည်တံ့ခိုင်မြဲရေးအတွက် မြန်မာအသိရှိရှိနဲ့ ကမ္ဘာကြည့်ကြည့်ပြီးတော့ အကြမ်းဖက်မှုတွေထပ်မံ မဖြစ်ပေါ်လေအောင် ကျွန်တော့်ရဲ့သဘောထားကတော့ (၁) ထုတ်ပြန်ထားတဲ့ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အမျိုးသားရေး သတိယှဉ်ပြီးတော့ ပူးပေါင်းကာ ARSA အကြမ်းဖက်အဖွဲ့နှင့် နောက်ကွယ်ကကြိုးကိုင်သူများကို ဖော်ထုတ်ရှင်းလင်းဖို့၊ (၂) ဖျက်သိမ်းလိုက်တဲ့ အထူးဥပဒေများနှင့် အသစ်ပြဋ္ဌာန်းလိုက်တဲ့ နိုင်ငံသားများရဲ့လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လူပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုအကာအကွယ်ပေးရေးဥပဒေတို့ကိုလည်း အကြမ်းဖက်မှုမှ ပြည်သူလူထုကို ထိရောက်စွာကာကွယ်ပေးနိုင်အောင် ပြန်လည်သုံးသပ်ဖို့၊ (၃) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အားလုံးပေါင်းစပ်ညှိနှိုင်းအဖြေရှာဆောင်ရွက်ပေးဖို့ သဘောထားရှိပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့အဆိုကို လွှတ်တော်က အတည်ပြုပေးဖို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးက ဆွေးနွေးပြီး ပြည်ထဲရေးဝန်ကြီးဌာနက လွှတ်တော်ရဲ့အဆုံးအဖြတ်ခံယူမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသောင်းအေး တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မှုကြမ်း**

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၃း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ (၁၅.၆.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Myat Lay Oo | Major General Aung Thu




U Ba Shein | Major General Aung Thu




Dr Myint Htwe | U Myint Tun




Dr Myint Htwe | Dr Slaing Ye Yal Bal




Dr Myint Htwe | U Aye Naing




Dr Myint Htwe | U Sai Sai Maing

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်